# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၈)


# မိဘပြည်သူတွေမျှော်လင့်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင်မြင်တွေ့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်မှာဖြစ်

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

(မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့)

ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားအားလုံး ကာယစိတ္တ နှစ်ဖြာသော သုခနဲ့ ပြည့်စုံကြပါစေကြောင်း နှစ်သစ်မင်္ဂလာအခါသမယမှာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့တဲ့ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအနေနဲ့ ဦးစားပေးဆောင်ရွက်သွားမယ့် ရည်မှန်းချက်ပန်းတိုင်တွေကို ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်သူများအနေနဲ့ မျှော်လင့်ချက်တွေ မြင့်မားလာခဲ့ကြသလို ဒီရည်မှန်းချက်ပန်းတိုင်တွေကို ဘယ်ပုံဘယ်နည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာလဲဆိုတာကိုလည်း သိလိုစိတ်ပြင်းပြနေကြတာကိုလည်း ကျွန်တော် ကြားသိရပါတယ်။ အခုလို အခါအခွင့်သင့်ခိုက်မှာ မိဘပြည်သူများကို အလေးအမြတ်ပြုပြီး ရှင်းလင်းတင်ပြပေးမှာဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေတဲ့ဌာနတွေကို ကြပ်မတ်ရာမှာ ပြည်ထောင်စုအစိုးရက ချမှတ်ထားတဲ့ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒတွေကို ဌာနဆိုင်ရာတွေက ဦးစားပေးအလိုက် အကောင်အထည်ဖော်ကြရပါမယ်။ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အခြေခံလိုအပ်ချက် (၃) ခုဖြစ်တဲ့ စားဝတ်နေရေးဆိုတဲ့ အချက်(၃)ချက်ထဲမှာ ပြည်သူတွေအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# နိုင်ငံတော်သမ္မတအိမ်တော် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၀ ခုနှစ် မြန်မာ့နှစ်သစ်မင်္ဂလာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် ကျက်သရေမင်္ဂလာ ပြည့်စုံစေရန် ရည်စူး၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✤





**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ ဆရာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြစဉ်။** သတင်းစဉ်


## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့်မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ၁၃၈၀ခုနှစ် မြန်မာနှစ်သစ်ကူးမင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွား ဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# အုတ်တစ်ချပ် သဲတစ်ပွင့်စီ

မတ် ၃၀ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြုလုပ်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကတိသစ္စာပြုပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းအပေါ် ပြည်သူများက နှစ်ထောင်းအားရရှိခဲ့ကြသလို မျှော်လင့်ချက်များလည်း မြင့်မားလာခဲ့ကြသည်။ မိမိတို့ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရက ထုတ်ဖော်ကြေညာလိုက်သော ဦးစားပေးဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များကို ရှင်းရှင်းလင်းလင်း သိမြင်ခွင့်ရခဲ့ကြပြီး ပြည်သူလူထု၏ အလိုဆန္ဒနှင့် လက်ငင်း အကျိုးစီးပွားကို ဦးစားပေးထားသည့် အဆိုပါရည်မှန်းချက်ပန်းတိုင်များ လက်တွေ့ကျကျအကောင်အထည်ပေါ်လာရေးကို မျှော်လင့်ခဲ့ကြခြင်းဖြစ်သည်။ ယနေ့မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင်မူ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် အနာဂတ်အပေါ် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပြီဟု ရှုမြင်မိသည်။

နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် မိဘပြည်သူများအပေါ် အလေးအမြတ်ပြုမှုနှင့်အတူ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေသည့်ဌာနများကို ကြပ်မတ်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ပြည်သူများနှင့် ဝန်ထမ်းများ၏ ဘဝရှင်သန်မှုတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းသွားမည့် စနစ်နှင့် အစီအစဉ်၊ အမှုထမ်း၊ အရာထမ်းများအတွက် လစာတိုးမြှင့်ပေးမည့်အစီအစဉ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအကျဆုံး အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်ဓာတ်အားကို သုံးနှစ်အတွင်း နှစ်ဆတိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးမည့်အစီအစဉ်နှင့် လမ်းများအသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကြိုးတံတားများ ကြံ့ခိုင်မှုစစ်ဆေးပြင်ဆင်သွားမည့် အစီအစဉ်၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးရာတွင် လွယ်ကူမြန်ဆန်စေမည့် အစီအစဉ်၊ ယိမ်းယိုင်နေသည့် တရားစီရင်ရေးကို တည့်မတ်ရေး၊ ဌာနဆိုင်ရာများတွင် စွဲကပ်နေသည့် အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို မြှင့်တင်ကာကွယ်ပေးနိုင်ရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းမှု ပိုမိုထိရောက်စေရေး၊ စီမံကိန်းလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာများ အလေအလွင့်မရှိအောင် စီမံခန့်ခွဲနိုင်ရေး၊ ဥပဒေမဲ့သိမ်းဆည်းထားသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနစ်နာကြေးရရှိရေးတို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေး၊ အလုပ်သမားများ၏ဘဝ စိုပြည်သာယာရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့် ပညာရပ်များ ဆည်းပူးခွင့်ရရှိရေးစသည့် အစီအစဉ်များကို တိတိကျကျရှင်းလင်းတင်ပြထားသည့်အလျောက် နိုင်ငံ၏ မျက်မှောက်ပကတိအခြေအနေကို မှန်ကန်စွာ နားလည်သဘောပေါက်ထားသည့် နိုင်ငံတော်အစိုးရက ကဏ္ဍအသီးသီးတို့တွင် ပြုပြင်ပြောင်းလဲမှု၏ ရလဒ်ကောင်းများ မျက်ဝါးထင်ထင်ပေါ်ထွက်လာအောင် စွမ်းဆောင်သွားမည်ဟုလည်း ယုံကြည်မိသည်။

နိုင်ငံတော်သမ္မတ၏ ရှင်းလင်းတင်ပြချက်အရ ပြုပြင်ပြောင်းလဲမှုများသည် ပြည်သူများ၏ဆန္ဒသဘောထားကို အလေးအနက်ထားခြင်း၊ ပြည်သူလူထုနှင့် နီးစပ်သည့်အောက်ခြေမှ စတင်မည်ဖြစ်ခြင်း စသည်တို့ကြောင့် မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများဖြစ်လာမည်ဟု မျှော်တွေးမိသည်။ သို့ရာတွင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၏ အခြေခံမှုသည် " တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်းဖြစ်ပေါ်စေ" ဆိုသည့် နည်းလမ်းဖြစ်သည့်အလျောက် ခေတ်စနစ်နှင့် ကိုက်ညီသည်များကို ဆက်ခံစေပြီး မကိုက်ညီသည်များကို ဖယ်ရှားခြင်း၊ ပြုပြင်မွမ်းမံ ခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲခြင်းစသည့် လက္ခဏာများနှင့်အတူ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့၏ အကျိုးရလဒ်များကို ရရှိနိုင်ကြမည်ဖြစ်သည်။

မိမိတို့သတိမူရမည့်အချက်မှာ ပြုပြင်ပြောင်းလဲမှုကို အဓိကစွမ်းဆောင် ဖန်တီးမည့်အရာမှာ စုပေါင်းစွမ်းအား **(Collective Strength)** ပင်ဖြစ်ကြောင်းနှင့် ပြည်သူတစ်ဦးတိုင်း တစ်ဦးတိုင်းက အုတ်တစ်ချပ်၊ သဲတစ်ပွင့်စီအဖြစ် ခံယူကာ ပူးပေါင်းပါဝင်ဖန်တီးနိုင်ကြစေလိုပါကြောင်း။ ။

## နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ သတ်မှတ်ခဲ့သည့် စည်းကမ်းချက်များကို ပယ်ဖျက်သည့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၆/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ သတ်မှတ်ခဲ့သည့် စည်းကမ်းချက်များကို ပယ်ဖျက်သည့်အမိန့်**

နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ လွတ်ငြိမ်းသက်သာခွင့်အမိန့်များ ထုတ်ပြန်၍ စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာတွင် ယင်းတို့၏ လူမှုအခွင့်အရေးကို ငဲ့ညှာသောအားဖြင့် အဆိုပါအမိန့်များပါ သတ်မှတ်ထားခဲ့သော စည်းကမ်းချက်များကို ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၇/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား/သူ (၈၄၉၀)ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၈/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသားအကျဉ်းသား/ သူ (၅၁) ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၁ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ · ၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၀ · ၀ |
| ထိုင်း | တစ်ဘတ် | ၄၂ · ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၄ |
| တရုတ် | တစ်ယွမ် | ၂၁၁ · ၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ · ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ပြုပြင်ပြောင်းလဲမှုနဲ့ အံမဝင်ခွင်မကျတဲ့နေရာတွေမှာ အရည်အသွေးရှိတဲ့ လူစားလဲမှုတွေ လုပ်သင့်ရင်လည်း လုပ်ဆောင်ရမှာဖြစ်

❀ *ရှေ့ဖုံးမှ*

နေရေးသည် အဓိကလိုအပ်ချက်ဖြစ်တာကို တွေ့ရှိရပါတယ်။ နေအိမ်မရှိလို့ ဖြစ်သလို နေထိုင်ကြရတဲ့ ပြည်သူတွေရဲ့ ဒုက္ခများကိုလည်း ကျွန်တော်တို့ သတိပြုမိပါတယ်။ ပြည်သူ့ဝန်ထမ်း တွေအနေနဲ့လည်း လက်ရှိတာဝန်ထမ်းဆောင်စဉ်ကာလမှာ ဝန်ထမ်းအိမ်ရာမရှိလို့ အခက်အခဲဖြစ်နေသူတွေရှိသလို အငြိမ်းစားယူသွားပြီးတဲ့ အချိန်မှာလည်း နေထိုင်စရာအိမ်မရှိလို့ အတိဒုက္ခရောက်ကြရတဲ့ ဝန်ထမ်းများ အများကြီး ရှိနေတာကို သတိပြုမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဝန်ထမ်းတွေ အငြိမ်းစားယူသွားချိန်မှာ ကိုယ်ပိုင်နေအိမ် ကိုယ်ပိုင်တိုက်ခန်းများနဲ့ သိက္ခာရှိရှိနေသွားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ယခုအစိုးရသစ်လက်ထက်မှာ ပြီးခဲ့တဲ့ ၂ နှစ်တာကာလအတွင်း ဝန်ထမ်းများအတွက် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ ဝန်ထမ်းအိမ်ရာ (၄၆၂၇) ခန်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန် ၃ နှစ်တာကာလမှာလည်း အခန်း (၇၀၀၀)ကျော်ကို ဝန်ထမ်းအိမ်ရာအဖြစ် တည်ဆောက်ပေးသွားရန် စီမံထားရှိပြီး ဖြစ်ပါတယ်။ ဒီလိုအစီအစဉ်ကို တိုးချဲ့ခြင်းဖြင့် လာမည့်နှစ်များအတွင်း အခန်းပေါင်း (၁)သောင်းကျော် တည်ဆောက်ပြီး ဝန်ထမ်းတွေအတွက် လစဉ် အရစ်ကျ ငွေချေစနစ်နဲ့ ရောင်းချပေးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက် အနည်းဆုံးအခကြေးငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျောညီထွေ ဖြစ်စေရန် အမှုထမ်းလစာများအားလုံးကို (၂၀)ရာခိုင်နှုန်း တိုးမြှင့်ပေးပြီး အရာထမ်းလစာများကို (၁၀)ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်ပြီးဖြစ်ပါတယ်။ ယင်းတွက်ချက်မှုအရ အမှုထမ်းတစ်ဦးရဲ့ အနည်းဆုံးလစာမှာ ၁၂၀၀၀၀ ကျပ်မှ ၁၃၈၀၀၀ ကျပ်အထိ တိုးမြှင့်သွားမှာဖြစ်ပြီး အရာထမ်းတစ်ဦးရဲ့အများဆုံးလစာမှာ ၅၀၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်သို့ တိုးမြှင့်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဝန်ထမ်းတွေအတွက် ယခုလို စီမံဆောင်ရွက်ပေးမှုကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဝန်ထမ်းတွေကလည်း တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးသတိပြုစေလိုပါတယ်။

လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်မီးတိုးမြှင့်ရရှိရေးအတွက် ယခုလက်ရှိ ထုတ်လုပ်မှုမဂ္ဂါဝပ် ၃၀၀၀ မှ လာမည့် (၃)နှစ်အတွင်း နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ထပ်မံတိုးမြှင့်၍ စုစုပေါင်းမဂ္ဂါဝပ် ၆၀၀၀ ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးတွင် လက်ရှိသုံးစွဲနေတဲ့ (230) KV လိုင်းအပြင် နောက်ထပ် (500) KV လိုင်းကိုလည်း (၃)နှစ်အတွင်း တိုးချဲ့ပြီး ဖြန့်ဖြူးပေးမှာဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လာမယ့် (၁)နှစ်အတွင်း လမ်းမကြီးအတွက် မိုင်ပေါင်း (၁၀၀) အသစ်ဖောက်လုပ်မှာဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ ကျောက် လမ်းများထဲမှ မိုင်(၂၀၀)ကို ကတ္တရာခင်းခြင်း သို့မဟုတ် ကွန်ကရစ်ခင်းခြင်း ပြုလုပ်ပေးမည်ဖြစ်ပါတယ်။ ကျေးလက်လမ်းများအနေနဲ့လည်း မိုင်ပေါင်း (၆၀၀) ခန့် ကျေးလက်လမ်းအသစ် ဖောက်လုပ်ပေးမှာဖြစ်ပါတယ်။ လက်ရှိ အသုံးပြုနေတဲ့ ကျေးလက်လမ်းများထဲမှ မိုင်ပေါင်း(၁၀၀၀) ခန့်ကို ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ခင်းပေးမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးနှင့် ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် တစ်နိုင်ငံလုံးရှိ ကြိုးတံတား(၂၉)စင်းကိုလည်း (၃)လအတွင်း နိုင်ငံခြားပညာရှင်များနှင့်အတူ အသေးစိတ်စစ်ဆေးပေးမှာ ဖြစ်ပါတယ်။ ယင်းတို့အထဲမှ အန္တရာယ်ရှိနိုင်တဲ့ ကြိုးတံတားများကို (၆)လအတွင်း ဦးစားပေးအစီအစဉ်ဖြင့် ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။

အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးရာတွင် မြန်ဆန်လွယ်ကူစေရန် ဒီလုပ်ငန်းတွေရဲ့ ယုံကြည်စိတ်ချရမှုကို သတင်းအချက်အလက် စုဆောင်းတဲ့အဖွဲ့အစည်း (Credit Bureau) ထူထောင်နိုင်ရေးအတွက် ခွင့်ပြုချက်ကို တစ်လအတွင်း ခွင့်ပြုပေးမှာဖြစ်ပါတယ်။

ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ဖို့ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တွေ့ဆုံပြီး တရားရုံးအသီးသီးအား တရားသူကြီးအဆင့်ဆင့်က တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ကြီးကြပ်ကွပ်ကဲကြရန် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နဲ့ တရားဥပဒေစိုးမိုးရေး စင်တာတွေဟာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါတယ်။ ဘက်မလိုက်တဲ့ လွတ်လပ်တဲ့ တရားမျှတမှုနဲ့ ဆင်ခြင်တုံတရားကို ချိန်ခွင်လျှာထိန်းညှိနိုင်တဲ့ တရားစီရင်ရေး မဏ္ဍိုင်ဖြစ်အောင် ကြိုးပမ်းရပါလိမ့်မယ်။ ဥပဒေ၏ ရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်ရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ရပါမယ်။

ဌာနဆိုင်ရာအတော်များများရဲ့ ဓလေ့သဖွယ် စွဲကပ်နေတဲ့ အဂတိလိုက်စားမှုတွေကို ပိုမိုတိုက်ဖျက်ရာမှာ ဝန်ထမ်းတွေရဲ့ရပိုင်ခွင့်အခွင့်အရေးနဲ့ တာဝန်ကို ဘက်ညီမျှတအောင် ပြန်လည်သုံးသပ်ပြီး ဌာနဆိုင်ရာတစ်ခုချင်းက တာဝန်ခံပြီး အသီးသီး ဆောင်ရွက်ကြရပါလိမ့်မယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ မီဒီယာနဲ့ ပြည်သူတွေက မှန်ကန်စွာ ရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ပေးကြရပါလိမ့်မယ်။ လုပ်ပိုင်ခွင့်အာဏာ အရှိန်အဝါရှိသူများရဲ့ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုတွေကို တိကျခိုင်လုံတဲ့ အချက်အလက်အထောက်အထားတွေနဲ့ တိုင်ကြားကြရန် အထူးလိုအပ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရာမှာ အရှိန်အဟုန်မြင့်မားစေဖို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ စီမံချက်ချမှတ်၍ ယခင်ကထက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းနှိုးဆော်ပြီး ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မြှင့်တင်ကာကွယ်ပေးနိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ CBO တွေ၊ CSO တွေ၊ မီဒီယာ၊ ပြည်သူတွေနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်နဲ့ မြှင့်တင်ဖော်ဆောင်မှာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦး၏ ဥပဒေအရ အခြေခံရပိုင်ခွင့်တွေ၊ နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးတွေ၊ နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုတွေကို စစ်ကြောရေးစခန်း၊ ရဲစခန်းအချုပ်၊ တရားရုံးအချုပ်၊ အကျဉ်းထောင်၊ ရဲဘက်စခန်း စသည့် နေရာဒေသမရွေး လူ့အခွင့်အရေးကော်မရှင်က ကာကွယ်ပေးနိုင်အောင် စွမ်းဆောင်ကြရန် ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ မွေးရာပါအခွင့်အရေး တစ်နည်းအားဖြင့် နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေ မဆုံးရှုံးကြရအောင် လူ့အခွင့်အရေးကော်မရှင်နှင့်လည်း တွေ့ဆုံပြောကြားပြီး ဖြစ်ပါတယ်။ လူ့အခွင့်အရေးအတွက် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းများကိုယ်တိုင်ကလည်း မည်သူ့အခြေခံအခွင့်အရေး၊ လူသားဂုဏ်သိက္ခာကိုမျှ မထိပါးစေဘဲ ဥပဒေနဲ့အညီ မျှတမှန်ကန်စွာ ဆောင်ရွက်ဖို့ အလေးထားရပါမယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

❒ **အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက် အနည်းဆုံးအခကြေးငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျောညီထွေဖြစ်စေရန် အမှုထမ်းလစာများအားလုံးကို (၂၀)ရာခိုင်နှုန်း တိုးမြှင့်ပေးပြီး အရာထမ်းလစာများကို (၁၀)ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်**

❒ **နိုင်ငံတော်အစိုးရက ဝန်ထမ်းတွေအတွက် ယခုလို စီမံဆောင်ရွက်ပေးမှုကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဝန်ထမ်းတွေကလည်း တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးသတိပြုစေလို**

မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနိုင်ဖို့ အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်တဲ့ လက်ကြီးသမားတွေကို ဦးစားပေးနှိမ်နင်းရန်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကားနေတာတွေကို မသိချင်ယောင်ဆောင်ထားတဲ့၊ သိလျက်နဲ့ လွှတ်ထားတဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်လာရင်လည်း အဓိကတာဝန်ရှိသူကို ဦးစားပေးပြီး အရေးယူမှုတွေ ပြုလုပ်ရမှာဖြစ်သလို ကွင်းဆက်ပျောက် သွားတဲ့၊ ပိုင်ရှင်မဲ့ဖြစ်သွားတဲ့ မူးယစ်ဆေးဖမ်းဆီးရမှုတွေကို လည်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရပါလိမ့်မယ်။ မူးယစ်ရဲတွေရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေးဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ အခြေအနေအရ လိုအပ်ပါက ဗဟိုတွင် လျှပ်တစ်ပြက်ဖမ်းဆီးနိုင်တဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ရပါမယ်။

ပြည်သူ့ဘဏ္ဍာတွေ အလေအလွင့်မရှိအောင် စီမံခန့်ခွဲနိုင်ဖို့အတွက် စီမံကိန်းရဲ့ ကုန်ကျစရိတ်ကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ ခန့်မှန်းတွက်ချက်တင်ပြနိုင်ရန်၊ ဒေသရဲ့ ကာလပေါက်စျေးနဲ့အညီ တွက်ချက်နိုင်ရန် ဆောင်ရွက်ရပါလိမ့်မယ်။ ဒါ့အပြင် တင်သွင်းတောင်းဆိုထားတဲ့ ဘတ်ဂျက်များကိုလည်း အချိန်မီ အမှန်တကယ် သုံးစွဲခြင်းမပြုဘဲထားတဲ့ လုပ်နည်းလုပ်ဟန်တွေ ပြောင်းလဲရပါလိမ့်မယ်။ ဘတ်ဂျက်ပမာဏကြီးကြီး စိုက်ထုတ်သုံးစွဲရမယ့် စီမံကိန်းကြီးတွေကို ထိထိရောက်ရောက် စိစစ်နိုင်တဲ့ အရည်အချင်းတွေကို စီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှုအစီရင်ခံရေးနယ်ပယ်မှာ အမြန်ဆုံး မြှင့်တင်ပေးရပါလိမ့်မယ်။ လုပ်ငန်းစီမံကိန်းများမပြီးစီးဘဲ အပြီးပြတဲ့ အဆင့်ဆင့်သော တာဝန်ရှိပုဂ္ဂိုလ်တွေ၊ နိုင်ငံတော်ကချမှတ်ထားတဲ့ တင်ဒါလုပ်ထုံးလုပ်နည်းနဲ့ မညီညွတ်တဲ့ တင်ဒါ ခေါ်ယူမှုတွေ၊တင်ဒါစည်းမျဉ်းထဲကပဲ လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုတွေကို ပြင်းပြင်းထန်ထန် အရေးယူရပါလိမ့်မယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအပြင် ဌာနတိုင်းမှာ ဖွဲ့စည်းထားတဲ့ စာရင်းစစ်ကော်မတီတွေ အနေနဲ့လည်း ဘက်လိုက်မှုမရှိ၊ အဂတိကင်းကင်းနဲ့ တိတိကျကျ ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

ဥပဒေမဲ့သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေ ပြန်လည်ရရှိ ရေး၊ လျော်ကြေးနစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ရဲ့ စစ်ဆေးတွေ့ရှိချက် သဘောထားမှတ်ချက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေနဲ့ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်မှာဖြစ်ပါတယ်။ အလားတူ ဗဟိုကပဲ ဆောင်ရွက်နိုင်တဲ့ကိစ္စရပ်တွေမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ သဘောထားတွေကို ရယူပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းမှာဖြစ်ပါတယ်။ စွန့်လွှတ်ပြီးသော သိမ်းဆည်းခံလယ်ယာခြံမြေများကို မူလပိုင်ရှင်များထံ အမြန်ဆုံး ပြန်လည်အပ်နှံကြရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မစွန့်လွှတ်ရသေးတဲ့ သိမ်းဆည်းခံလယ်ယာခြံမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြန်လည်စိစစ်ရေးကော်မတီ အသီးသီးက အမြန်ဆုံးစိစစ်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့နှင့်ညှိနှိုင်း၍ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများရဲ့လူနေမှုဘဝ တိုးတက်မြင့်မားရေး ဆောင်ရွက်ရာမှာ တောင်သူလယ်သမားတွေရဲ့ မြေပိုင်ဆိုင်ခွင့်လက်မှတ်တွေ တစ်နိုင်ငံလုံး တစ်နှစ်အတွင်း ရရှိဖို့ အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ စိုက်ပျိုးစရိတ် ချေးငွေများကိုလည်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စိုက်ပျိုးရာသီအမီရရှိရေး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ကိရိယာစတဲ့ လယ်ယာမြေသွင်းအားစုတွေ အခွန်ကင်းလွတ်ခွင့်ပေးမှာ ဖြစ်ပါတယ်။ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီးရရှိရေးနဲ့ လမ်းပန်းဆက်သွယ်ရေးရရှိရေးတို့ကို ဦးစားပေး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အလုပ်သမားများရဲ့ဘဝ စိုပြည်သာယာရေးအတွက် ရေတိုကာလမှာ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးရန်ပုံငွေတွေကို အလုပ်သမားတွေအတွက် ထိထိရောက်ရောက် စီမံပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ပါမယ်။ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ မြင့်မားလာအောင် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး နိုင်ငံတကာကို ဖိတ်ခေါ်သွားပါမယ်။ ပြည်ပရောက် မြန်မာအလုပ်သမားတွေရဲ့ လုံခြုံဘေးကင်းမှု၊ အခွင့်အရေးရရှိခံစားနိုင်မှုတို့ကိုလည်း နိုင်ငံချင်း သဘောတူညီချက်တွေကို အခြေခံပြီး မြှင့်တင်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေးအတွက် ပညာသင်စရိတ်ထောက်ပံ့မှုတွေကို တိုးမြှင့်ပေးနိုင်အောင် ဆောင်ရွက်မှာဖြစ်သလို အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုတွေ မြင့်မားလာအောင် ဦးတည်ကြိုးပမ်းမှာ ဖြစ်ပါတယ်။ ဝင်ငွေနည်းမိသားစု၊ ဆင်းရဲနွမ်းပါးတဲ့ မိသားစုက ကျောင်းသားလူငယ်တွေ အဆင့်မြင့်ပညာဆည်းပူးခွင့်ရရှိရေးဟာ နိုင်ငံတော်အတွက် အရေးကြီးတဲ့ မူဝါဒတစ်ရပ် ဖြစ်လာမှာဖြစ်ပါတယ်။ အရည်အချင်းရှိတဲ့ လူငယ်တွေ သူတို့နဲ့ ထိုက်တန်တဲ့ ပညာရပ်တွေကို ဆည်းပူးခွင့်ရရှိပြီး သူတို့နဲ့ ထိုက်တန်တဲ့နေရာတွေ ရရှိနိုင်ဖို့ နိုင်ငံတကာ ပညာသင်အခွင့်အလမ်းတွေ၊ ပြည်တွင်းအခွင့်အလမ်းတွေကို အလေးထားပြီး မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

ပြည်ထောင်စုအစိုးရ ရှေ့ဆက်လက်လျှောက်လှမ်းမယ့် ပြုပြင်ပြောင်းလဲရေးကို အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုနဲ့နီးစပ်တဲ့ အောက်ခြေက စတင်မှာ ဖြစ်ပါတယ်။ ပြည်သူနဲ့အတူ၊ စုပေါင်းအင်အားဆိုတဲ့ သဘောတရားနဲ့ ပြုပြင်ပြောင်းလဲရေးကို ချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ ပြည်သူနဲ့အတူဆိုရာမှာ ပြည်သူရဲ့အသံကို နားထောင်ရုံသာမကဘဲ ပြည်သူတွေရဲ့ဆန္ဒသဘောထားတွေကို အလေးအနက်ထားပြီး စုပေါင်းအင်အားကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုနဲ့ အံမဝင်ခွင်မကျတဲ့နေရာတွေမှာ သွက်လက်ထက်မြက်ပြီး အရည်အသွေးရှိတဲ့ လူစားလဲမှုတွေ လုပ်သင့်ရင်လည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် အနာဂတ်မှာ ပေါ်ထွန်းလာမယ့် ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေးစနစ်အတွက် ကြိုတင်စီမံဆောင်ရွက်တဲ့အနေနဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ တင်ပြချက်တွေကို အခြေခံပြီး ပြောင်းလဲသင့်တာတွေ ပြောင်းလဲဖို့လည်း ရှိပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ကျွန်တော်တို့ လိုက်နာရမယ့် အခြေခံမူကတော့ "တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်း ဖြစ်ပေါ်စေ" ဆိုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အထူးသဖြင့် ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှု၊ တာဝန်ယူမှု အဆင့်ဆင့်ရှိရေးဆိုတဲ့ စံနှုန်းကိုအခြေခံပြီး ပြုပြင်ပြောင်းလဲမှုတွေကို ပြည်ထောင်စုအစိုးရ၊ အခြားသော မဏ္ဍိုင်ကြီးတွေ၊ တတ်သိပညာရှင်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ သတင်းမီဒီယာတွေနဲ့ ပြည်သူ တွေရဲ့စုပေါင်းအင်အားနဲ့ ကြိုးပမ်းဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

ကျွန်တော့်အနေနဲ့ မိဘပြည်သူတွေ မျှော်လင့်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ဖို့ ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ စုပေါင်း အင်အားသစ်တွေ တည်ဆောက်နိုင်ကြမယ်ဆိုရင် တူညီတဲ့ ရည်ရွယ်ချက်၊ မျှော်မှန်းထားကြတဲ့ ပန်းတိုင်ကို အမြန်ဆုံး မြင်တွေ့ကြရမယ်ဆိုတာကို အလေးအနက်ယုံကြည်ထားပါတယ်။

ယခုလို မြန်မာတို့ရဲ့ မင်္ဂလာအပေါင်းခသြောင်းတဲ့ နှစ်သစ်အခါသမယမှာ နိုင်ငံသူ နိုင်ငံသားအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကျရာကဏ္ဍအသီးသီးကနေ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။**

✤ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ နေ့ဆွမ်းဆက်ကပ်စဉ်။ သတင်းစဉ်



ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

ရှေးဦးစွာ ပျဉ်းမနားမြို့မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ယင်းနောက် ပျဉ်းမနားမြို့မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ပျဉ်းမနားမြို့မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ဆရာတော်က အနုမောဒနာတရားဟောကြားရာတွင် တစ်နေ့လျှင် သုံးကြိမ် နံနက်၊ နေ့လယ်နှင့် ညပိုင်းတို့တွင် နေ့တိုင်းဘုရားဝတ်တက်ရန် ပခုက္ကူဆရာတော်ကြီးက သြဝါဒပေးခဲ့ပါကြောင်း၊ ဒုတိယမှာ အမျှပေးဝေရန်ဖြစ်ပါကြောင်း၊ တတိယမှာ ဆုတောင်းကြရမည်ဖြစ်ပါကြောင်း၊ နမောတဿဖြင့် ဘုရားရှိခိုးသည့်အတွက် စီးပွားဉစ္စာတိုးတက်စေပါကြောင်း၊ မိမိတို့၏ အမျက်ဒေါသများကို ပြေပျောက်စေသည့်အပြင် သူတစ်ပါး၏ အမျက်ဒေါသကိုလည်း

*စာမျက်နှာ ၅ သို့*

**“ရှင်ဘုရင်၊ အစိုးရ၊ နိုင်ငံတော်သမ္မတတို့သည် မင်းကျင့်တရား (၁၀) ပါးကို ကျင့်သုံးရပါကြောင်း၊ အတိုချုပ်ရလျှင် တောင်သူလယ်သမားများကို မျိုးစေ့ လုံလုံလောက်လောက်ပေးရမည်၊ ချီးမြှောက်ရမည်ဟု ဘုရားဟောကြားခဲ့ပါကြောင်း၊ အလားတူ ကုန်သည်များကို အရင်းအနှီးများထုတ်ပေးရမည်၊ မိမိတို့၏ လုပ်ငန်းများကို ဒိုင်ခံလုပ်ပေးနေသည့် လခစား မင်းခယောက်ျားများကို လစာရိက္ခာများ ပုံမှန်ပေးဝေရမည်ဟူ၍လည်း ဟောကြားခဲ့ပါကြောင်း၊ အဆိုပါတရား(၃)ပါးကို ကျင့်သုံးလျှင် တိုင်းပြည်သာယာ စည်ပင်ဝပြောမည်ဟု ဟောကြားခဲ့ပါကြောင်း၊ ထိုတရား(၃)ပါးကို အစပြု၍ ကျင့်အပ်၊ ကျင့်သင့်၊ ကျင့်ထိုက်သည့် တရားများ ကျင့်သုံးနေထိုင်နိုင်ပါစေ”**



ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ဆရာတော်ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ဆရာတော်ထံ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့် နှင့် ဇနီးတို့က လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်



ဆရာတော်ထံ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးတို့က လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်



ဆရာတော်ထံ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ် မှူးကြီး စိုးဝင်း နှင့် ဇနီးတို့က လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်



ဆရာတော်ထံ ပြည်သူ့လွှတ် တော် ဒုတိယ ဥက္ကဋ္ဌ ဦးထွန်း ထွန်းဟိန်နှင့် ဇနီး တို့က လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်



ဆရာတော်ထံ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာ အောင်နှင့် ဇနီး တို့က လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။
သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ပြေပျောက်စေသဖြင့် ခေါင်းအေးအေးဖြင့် အိပ်စက်နိုင်ပြီး သွား၊ လာ၊ စား၊ သောက်မှု ကောင်းပါကြောင်း၊ အထူးသဖြင့် အသက်ရှည်ပြီး နိဗ္ဗာန်ရောက်စေပါကြောင်း၊ ထို့ကြောင့် တစ်နေ့ (၃)ကြိမ် နေ့စဉ် ဘုရားဝတ်တက်၊ အမျှအတန်း ပေးဝေ၊ ဆုတောင်းပြီး တိုင်းပြည်၏ အကျိုးကို ဆောင်ရွက်စေလိုပါကြောင်း။

**အနုမောဒနာတရား နာယူ**

ရှင်ဘုရင်၊ အစိုးရ၊ နိုင်ငံတော်သမ္မတတို့သည် မင်းကျင့်တရား (၁၀) ပါးကို ကျင့်သုံးရပါကြောင်း၊ အတိုချုပ်ရလျှင် တောင်သူလယ်သမားများကို မျိုးစေ့ လုံလုံလောက်လောက် ပေးရမည်၊ ချီး မြှောက်ရမည်ဟု ဘုရားဟောကြားခဲ့ပါကြောင်း၊ အလားတူ ကုန်သည်များကို အရင်းအနှီးများထုတ်ပေးရမည်၊ မိမိတို့၏ လုပ်ငန်းများကို ဒိုင်ခံ လုပ်ပေးနေသည့် လခစား မင်းခယောက်ျားများကို လစာ ရိက္ခာများ ပုံမှန်ပေးဝေရ မည်ဟူ၍လည်း ဟောကြားခဲ့ပါကြောင်း၊ အဆိုပါတရား (၃)ပါးကို ကျင့်သုံးလျှင် တိုင်းပြည်သာယာ စည်ပင်ဝပြောမည်ဟု ဟောကြားခဲ့ပါကြောင်း၊ ထိုတရား(၃)ပါးကို အစပြု၍ ကျင့်အပ်၊ ကျင့်သင့်၊ ကျင့်ထိုက်သည့် တရားများ ကျင့်သုံးနေထိုင်နိုင်ပါစေဟု နှစ်သစ်မင်္ဂလာဩဝါဒပြုအပ်ပါကြောင်း ဟောကြားရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**နေ့ဆွမ်း ဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံး မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ကြိုးစားကြရာမှာ နိုင်ငံတော်အစိုးရနဲ့အတူ တိုင်းရင်းသား ပြည်သူအားလုံးက ကျရာကဏ္ဍကနေ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တို့ကို အခြေခံပြီး **စုပေါင်းအင်အား**နဲ့ အတူတကွ လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းပြောကြား လိုပါတယ်။

**တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



မြန်မာ့ရိုးရာနှစ်သစ်ကူး မင်္ဂလာအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ၊နိုင်ငံသားတိုင်းရင်းသားပြည်သူအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ရာမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ နားလည်စာနာမှု၊ ခွင့်လွှတ်သည်းခံမှု၊ အပြန်အလှန် လေးစားမှုများကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ စုပေါင်းအင်အားသာလျှင် အရာအားလုံးကို ရင်ဆိုင်ကျော်လွှားနိုင်မယ့် အကြီးမားဆုံး ခွန်အားဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူများခင်ဗျား**

နှစ်သစ်ကူး အချိန်အခါမှသည် လာမယ့်တစ်သက်တာလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံ၍ ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝများ ကိုယ်စီကိုယ်င ခံစားရရှိနိုင်ကြပါစေ၊ အခက်အခဲဟူသမျှကို စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်ဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ကြပါစေ၊ အမျက်ရန်မီးတို့ ငြိမ်းအေးကာ ထာဝရငြိမ်းချမ်းရေးကို ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပါပြီ။ ခေတ်ဟောင်း စနစ်ဟောင်းမှသည် ခေတ်သစ် စနစ်သစ်ကိုလည်း ပြောင်းလဲခဲ့ပါပြီ။ မိမိတို့အနေဖြင့် ခေတ်စနစ်နှင့် မလျော်ညီတဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နေသလို ပြည်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေတဲ့ ဥပဒေတွေ၊ ပြည်သူတွေရဲ့ အခြေခံလူ့အခွင့်အရေးတွေကို အကာအကွယ်ပေးမယ့် ဥပဒေတွေနဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု ဖြည့်စွမ်းပေးနိုင်မယ့် ဥပဒေတွေကိုလည်း လွှတ်တော်က ဆက်လက်ပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူများမှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူ ပြည်သားများအနေနဲ့လည်း မိမိတို့လွှတ်တော်နှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ၊ အခြေခံလူ့အခွင့်အရေးများကိုလည်း ခံစားနိုင်ကြပါစေ၊ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းမှုရဲ့ အသီးအပွင့်များကိုလည်း ခံစားနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ နိုင်ငံသူ နိုင်ငံသားများအားလုံး နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး မြန်မာနှစ်သစ်ကူး အခါသမယမှာ အေးချမ်းပျော်ရွှင်စွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ယခုလို နှစ်သစ်ကူးအခါသမယမှာ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း နှစ်ဟောင်းက မိမိတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲအကျပ်အတည်းများ၊ အားနည်းချက်၊ အားသာချက်တို့နဲ့ စိန်ခေါ်မှုအမျိုးမျိုးတို့ကို သင်ခန်းစာအဖြစ် မှတ်ယူပြီး ကူးပြောင်းလာတဲ့ နှစ်သစ်မှာ စိတ်သစ်လူသစ် အားမာန်သစ်များဖြင့် ပိုမိုကောင်းမွန်တဲ့အနာဂတ်နဲ့ အောင်မြင်မှု အခွင့်အလမ်းသစ်များကို ရရှိပိုင်ဆိုင်နိုင်ဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတူတကွ စည်းလုံးချစ်ခင်စွာဖြင့် ကြိုးစားဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

လွှတ်တော်များအနေနဲ့ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နဲ့ မလျော်ညီတော့တဲ့ ဥပဒေများ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကိုလည်း ပြည်သူများအကျိုးကို ရည်မျှော်ပြီး ဆက်လက်ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ စိစစ်ထိန်းညှိကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုအားကောင်းထိရောက်ပြီး ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရတဲ့ လွှတ်တော်ဖြစ်စေရေးတို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း **ကတိပြု ပြောကြားလိုပါတယ်။**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ **စုပေါင်းအင်အား**ဖြင့် ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်နိုင်ကြပါစေကြောင်းနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး နှစ်သစ်မှာ သာယာချမ်းမြေ့သောဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေ၊ သံသယအမုန်းတရားများ ကင်းစင်ကြပါစေ၊ အတ္တမာနများ စွန့်ပယ်နိုင်ကြပါစေ၊ ဘာသာတရားတိုင်းရဲ့အဆုံးအမများကို အစဉ်နှလုံးသွင်းဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါတယ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



လာမယ့်နှစ်သစ်ကာလမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူရော၊ မြန်မာနိုင်ငံပြင်ပမှာရောက်နေတဲ့လူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ၁၃၇၉ ခုနှစ်အတွင်းမှာတော့ ပြောင်းလဲမှုအချိန်နဲ့အတူ ပြည်သူတွေ ဖြတ်သန်းခဲ့ရတာ အများကြီးရှိကြတယ်။

ဒီတစ်နှစ်လုံးမှာ ကြုံတွေ့ခဲ့ရတဲ့၊ ဖြတ်သန်းခဲ့ရတဲ့ ပင်ပန်းမှုတွေကို ဒီနှစ်သစ်ကာလမှာ အားတွေမွေးကြတာပေါ့၊ ပျော်ကြရွှင်ကြတာပေါ့၊ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတာပေါ့။ အဲ့ဒီကနေတစ်ဆင့် လာမယ့် ၁၃၈၀ ခုနှစ်မှာလည်း ယခုထက်ပိုပြီး တိုးတက်မှုတွေ ရကြအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်။

## မူဆယ်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**မူဆယ် ဧပြီ ၁၇**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့ တော်ရွက်ရပ်ကွက်ရှိ တော်ရွက်ရေဆိပ် ရွှေလီမြစ်ဘေး၌ ကျင်းပသည်။

အဆိုပါ ငါးလွှတ်ပွဲကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး ဇီဝိတဒါနအဖြစ် ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ စုစုပေါင်း ၁၅၀၀၀ အား ရွှေလီမြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲများကို မြို့နယ်တိုင်း၌ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးမပြုန်းတီးစေရေးနှင့် ငါးများပေါများလာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ဇီဝိတဒါန ငါးလွှတ်ပွဲများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သန့်ဇင်(မူဆယ်)**

# ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ၏ မြန်မာနှစ်သစ်ကူး ဩဝါဒ


၁၃၈၀ ပြည့် မြန်မာနှစ်သစ်မှာ အတွေးသစ် အမြင်သစ်ဖြင့် ဘဝသစ်ကို ဖော်ဆောင်ဖို့ လူတိုင်းကြိုးစားသင့်ပါသည်။ ယခင်နှစ်ဟောင်းမှ မကောင်းသောအကျင့်များကို ပယ်ရှားခြင်း၊ ကောင်းသောအကျင့်စရိုက်များကို လိုက်နာခြင်းဖြင့် ဘဝသစ်ကို ဖန်တီးနိုင်ပါသည်။

ဘဝသစ်ကို ဖန်တီးနိုင်ရန် မြတ်ဗုဒ္ဓ၏ သလ္လေခကျင့်စဉ်နှင့်အညီ ယခုလိုအဓိဋ္ဌာန်ပြုပါ-

၁။ ငါသည် သူတစ်ပါးပျက်စီးအောင် လုပ်တတ်သူမဖြစ်စေရ၊
သူတစ်ပါး၏ ကြီးပွားမှုကို လိုလားသူသာဖြစ်စေရမည်။

၂။ ငါသည် သူတစ်ပါး၏ အောင်မြင်မှုကို မနာလိုသူ မဖြစ်စေရ၊
ဝမ်းသာနိုင်သူသာဖြစ်စေရမည်။

၃။ ငါသည် လူအများကို လှည့်စားဟန်ဆောင်တတ်သူ မဖြစ်စေရ၊
ဟန်ဆောင်မှုကင်း ရိုးသားပွင့်လင်းသူသာ ဖြစ်စေရမည်။



# ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ် ချားလ်စ်ဘို၏ နှစ်သစ်ဆုတောင်းစကား

**ချစ်ခင်လေးစားရပါသော မိတ်သင်္ဂဟအပေါင်းတို့**

သင်္ကြန်နှင့်ရေစင်၊ ပိတောက်နှင့်မြေပြင်တို့သည် ထာဝစဉ်တွဲယှဉ်လျက်ရှိကြပါသည်။အတာရေစင်သည်ပူပြင်းသောနွေလရာသီတွင် အေးချမ်းခြင်းကိုဆောင်ကြဉ်းပေးသကဲ့သို့ ဒေါသအပူမီးများကြားတွင် ငြိမ်းချမ်းခြင်း ရောက်ရှိစေသော နိမိတ်ပုံရိပ်ဖြစ်ပါသည်။

အတာရေစင်သည် စည်းလုံးခြင်း၏သဘောကိုဖော်ဆောင်သော နိမိတ်လက္ခဏာ ဖြစ်ပါသည်။ ချင်းတွင်း၊ ကုလားတန်၊ ရောဝတီ၊ စစ်တောင်း၊ သံလွင်၊ တနင်္သာရီ မည်သို့ပင်ကွဲပြားစေကာမူ၊ ပင်လယ်ထဲတွင် တစ်သားတည်း၊ တစ်ရောင်တည်းဖြစ်သွားပါသည်။ထို့နည်းတူစွာ အတာရေစင်သည်လည်း လူမျိုး အသားအရောင် ဘာသာမခွဲခြားဘဲ တစ်စည်းတစ်လုံးဖြစ်စေသော သဘောရှိပါသည်။အတာရေစင်သည်သန့်ရှင်းစေရန် ဆေးကြောပေးသည့် အစွမ်းရှိပါသည်။ ပြင်ပ၊ ကာယသန့်ရှင်းစေသည်သာမက အတွင်းစိတ်ပါသန့်ရှင်းစေမည့် နိမိတ်လက္ခဏာဖြစ်ပါသည်။ ထို့ပြင်ခွင့်လွှတ်ခြင်းကိုလည်း ပုံဆောင်ပါသည်။ ထိခိုက်ပြစ်မှားမှုများကို ခွင့်လွှတ်ဆေးကြောကာ လူသစ်၊ စိတ်သစ်၊ ဘဝသစ်နှင့်နှစ်သစ်ထဲသို့ ဝင်ရောက်ရန်ဖြစ်ပါသည်။ အတိတ်မှဒဏ်ရာများကို ခွင့်လွှတ်မေ့ပျောက်ကာ တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံးနှင့်နှစ်သစ်ထဲတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲကာ ပြည်ထောင်စုကြီးကို တည်ဆောက်ကြရန်အတွက် အတာရေစင်တစ်ခွက်က အသံတိတ်စကားတစ်ခွန်းကို ပြောနေပါသည်။

၎င်းအပြင် ပိတောက်နှင့်မြေပြင်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ယင်း၏သယံဇာတတို့ကို ကိုယ်စားပြုပါသည်။ ထိုမြေပေါ်မြေအောက်သယံဇာတတို့ကို မြတ်နိုးတန်ဖိုးထားကာ အနာဂတ်မျိုးဆက်သစ်များအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဤနိုင်ငံတော်သားအားလုံးတွင် တာဝန်ရှိကြောင်း ပိတောက်နှင့် မြေပြင်တို့က အစဉ်သတိပေးလျက်ရှိပါသည်။

အတာနွေဦး နှစ်ကူးသည့် အခါသမယတွင် ငြိမ်းချမ်းသာယာခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ မေတ္တာကောင်းမှုအစုစုတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။


**ကာဒီနယ် ချားလ်စ်ဘို**
**ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်**



# သံအမတ်ကြီး(ငြိမ်း) ဦးလှမောင် (အစ္စလာမ်ဘာသာ) (ဦးစီးနာယက၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)



မြန်မာနိုင်ငံယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံအရ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် အချိန်အခါသမယတွင် တစ်ဦးပေါ်တစ်ဦး မေတ္တာစေတနာ အကြင်နာတရားပွားများကြသည့် အစဉ်အလာနှင့်အညီ ရှေ့လာမည့်နှစ်သစ်အချိန်အခါတွင် မိမိတို့မြန်မာနိုင်ငံအတွက် မိမိဖြစ်စေလိုသည့် အလိုဆန္ဒများကို ဆုတောင်းမေတ္တာပို့သပေးလိုပါတယ်။ ရှေ့လာမည့်နှစ်သစ်အချိန်ကာလတွင် မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် နိုင်ငံ၏ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးကို အလျင်အမြန် မဖြစ်မနေ ဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်ကြပါစေရန် ဆန္ဒပြုဆုတောင်းမေတ္တာပို့သလိုပါတယ်။ လာမည့်နှစ်သစ်တွင် မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ် အေးချမ်းလာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသစ်သို့ ရောက်ရှိနိုင်စေရန်အတွက် ဆောင်ရွက်ကြပါလို့ ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။



# ဦးအောင်နိုင် (ဟိန္ဒူဘာသာ) (အထွေထွေအတွင်းရေးမှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင် ၉၀ ရာခိုင်နှုန်းလောက်ရှိနေတဲ့ မြန်မာနိုင်ငံတော်ကြီးမှာ လူမျိုးမရွေးဘာသာမရွေး ဒီလိုနှစ်သစ်ကူးအချိန်မှာ၊ ပျော်ရွှင်နေကြတဲ့ အချိန်လေးမှာနှစ်သစ်မှာမင်္ဂလာရှိလို့ နေ့စဉ်စိတ်ချမ်းမြေ့ခြင်း၊ စိတ်ချမ်းသာခြင်းရလို့ ဝမ်းမြောက်ဝမ်းသာရှိနိုင်ကြပါစေလို့ မေတ္တာပို့အပ်ပါတယ်။

# နှစ်သစ်ဆုတောင်းစကားများ

**သက်ကြီးဝါရင့် သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင် (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ဒုတိယဥက္ကဋ္ဌ- ၁)**



မြန်မာသက္ကရာဇ် ၁၃၇၉ ကနေ ၁၃၈၀ ခုနှစ်ကို ပြောင်းတဲ့နှစ်သစ်ကူးရက်ဟာ အင်မတန်မှ ထူးခြားတဲ့ နေ့ရက်တစ်နေ့ဖြစ်ပါတယ်။ အခုမြန်မာနိုင်ငံ မြန်မာ့ယဉ်ကျေးမှုအရ နှစ်သစ်ကူးတဲ့ နှစ်ဆန်းတစ်ရက်နေ့ဟာ ဦးကဆုန်လဆန်း ၃ ရက်နေ့ဖြစ်ပါတယ်။ မြန်မာနှစ်သစ်ကူးတွေဟာ တန်ခူးလထဲမှာပဲဖြစ်တယ်။ ဒီနှစ်မှာတော့ ကဆုန်လဆန်း ၃ ရက်နေ့ကို ကူးသွားတဲ့ နှစ်ဆန်း တစ်ရက်နေ့ ဖြစ်တယ်။ အဲဒီအတွက် ဒီနှစ်သစ်ကူးမှာလည်း တိုင်းသူပြည်သားတွေ မင်္ဂလာရှိစွာနဲ့ ကူးပြောင်းကြမှာဖြစ်ပါတယ်။

မင်္ဂလာဆိုတာ "မင်္ဂလဉ္စ မဟာမင်္ဂလဉ္စ မင်္ဂလာနိ" ဟု မြတ်စွာဘုရားဟောတော်မူပါတယ်။ မင်္ဂလာဟူသည် တိုးတက်ကြီးပွား ငြိမ်းချမ်းသာယာခြင်း အကြောင်းဖြစ်တဲ့အတွက် မင်္ဂလာလို့ဆိုပါတယ်။ မင်္ဂလဉ္စ မင်္ဂလာဟူသည်မှာ ဣဒ္ဓိကာရဏံ တိုးတက်ကြီးမြတ်ခြင်းအကြောင်းတည်း၊ ဝုဒ္ဓိကာရဏံကြီးပွားချမ်းသာခြင်း အကြောင်းတည်း၊ သဗ္ဗသမ္ပတ္တိကာရဏံ အလုံးစုံပြီးမြောက်ပြည့်စုံသော ငြိမ်းချမ်းသာယာခြင်းအကြောင်းတည်းဟု မြတ်စွာဘုရားဟောတော်မူပါတယ်။

အဲဒီတော့ ဒီနှစ်သစ်ကူးကဖြင့် မင်္ဂလာအပြည့်အဝနဲ့ကူးတဲ့ တိုက်ဆိုင်မှုကြီး တစ်ခုထူးထူးခြားခြား ဖြစ်ပေါ်ခဲ့တာတွေ့ရတယ်။ အဲဒီအတိုင်းပဲ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်တဲ့ သမ္မတအသစ် ဦးဝင်းမြင့်က မတ်လ ၃၀ ရက် ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုပွဲ ပြောကြားတဲ့ မိန့်ခွန်းထဲမှာ

"ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအနက်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်" လို့ သမ္မတအသစ်က ပြောကြားခဲ့တယ်။

ပြည်သူ့မဏ္ဍိုင်ဖြစ်တဲ့ စတုတ္ထမဏ္ဍိုင်တည်းဟူသော သတင်းမီဒီယာလောကကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ရာရည်စူးတဲ့ တစ်နည်းအားဖြင့် သတင်းမီဒီယာလောကကို ဖြစ်မြောက်အောင်ပြုပြင်ဖော်ဆောင်မယ့် နိုင်ငံတော်သမ္မတသစ်ရဲ့ ဦးတည်ချက်ကို ဒီနှစ်ဦးအကြိုမိန့်ခွန်းမှာ တွေ့ရတဲ့အတွက် သတင်းမီဒီယာ လောကသားတွေရဲ့ ကိုယ်စား အလွန်ပဲကြိုဆိုကြောင်း ပြောကြားလိုပါတယ်၊ ဒီနှစ်ဟာ အင်မတန်မှ ထူးခြားတဲ့နှစ်ဖြစ်သလို စောစောကပြောခဲ့တဲ့ မင်္ဂလာအဖွင့်စကားက သဗ္ဗသမ္ပတ္တိကာရဏံ အလုံးစုံပြီးမြောက်ပြည့်စုံသော ငြိမ်းချမ်းသာယာခြင်း အကြောင်းလို့ မြတ်စွာဘုရားမိန့်တော်မူတဲ့အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံညီလာခံ တတိယအစည်းအဝေးကြီးကို ညီညွတ်စွာအောင်မြင်အောင် ကျင်းပနိုင်ကြပါစေကြောင်း မင်္ဂလာ နှစ်ဆန်းဆုမွန်စကားပါးအပ်ပါတယ်။

**မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း**



မြန်မာ့ရိုးရာနှစ်သစ်ကူး မင်္ဂလာအခါသမယမှာ မြန်မာနိုင်ငံကြီး ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ကုန်သည် စက်မှုအသင်းချုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းတွေ၊ ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများနှင့် အသင်းသားတွေ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်နဲ့အတူ မင်္ဂလာအပေါင်း ပြည့်စုံခညောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းများနဲ့ ပြည့်စုံပါစေကြောင်း မေတ္တာပို့သဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကုန်သည်စက်မှုအသင်းချုပ်အနေနဲ့ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီးတော့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့အတူ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သစ်မှာ ပြည်သူအများ လိုလားတောင့်တနေကြတဲ့ စီးပွားရေး တိုးတက်မှု၊ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်ချမ်းမြေ့မှုများ ရရှိနိုင်ပါစေကြောင်း ထပ်ဆင့်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

# ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကျင်းပ



ပြည်သူ့လွှတ်တော်၌ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(င) ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာနနာယကဆရာတော်အရှင်တေဇောဘာသ အမှူးပြုသော သံဃာတော် အရှင်မြတ်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်တေဇောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်သံဃာတော် အရှင်မြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော် အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီခရိုင်၏ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်

**မြဝတီ ဧပြီ ၁၇**

**ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်အချိန်အခါတွင် မြဝတီခရိုင်၏ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။**

မြဝတီခရိုင်၏ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် မြန်မာ - ထိုင်းချစ်ကြည်ရေးတံတားအနီး သောင်ရင်းမြစ်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်ရွတ်အသင်းများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက ဇီဝိတဒါနအဖြစ် ငါးသားပေါက်များကို သောင်ရင်းမြစ်အတွင်းသို့ လွှတ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်ဂေါပကရုံး၌ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရွှေမြင်းဝန်စေတီတော် သာသနာ့ဟိတကာရီ ဓမ္မဗိမာန်တော်၌ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးဘိုးဘွားများကိုယ်စား အမှတ် ၂ ရပ်ကွက်မှ အသက် ၈၇ နှစ် အရွယ်ရှိ အဘိုးဦးတင်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယနေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် မြဝတီမြို့ပေါ်ရှိ အသက် ၈၅နှစ်အထက် သက်ကြီးဘိုးဘွား ၂၀၂ ဦးတို့အား ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမှတ် ၃ ရပ်ကွက်ရှိ မိဋ္ဌာန်အောင် စေတီတော်ဘုရားဝတ္တကမြေ၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ ရောက်ရှိကြပြီး ကျွန်း၊ ဗာဒံ၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ မန်ဂျန်ရှား၊ ရေတမာ၊ တရုတ်တည်၊ အော်ရီရှား၊ သပြေဘူ၊ မဟော်ဂနီနှင့် စိန်ပန်းပင်တို့ကို စိုက်ပျိုးပေးကြသည်။

**သတင်းစဉ်**




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ မြဝတီမြို့ ဇီဝိတဒါနငါးလွှတ်ပွဲတွင် ငါးသားပေါက်များ မြစ်အတွင်းသို့ လွှတ်ပေးစဉ်။** သတင်းစဉ်

# မင်္ဂလာအပေါင်းနှင့် ခညောင်းစေသော နှစ်သစ်ဆုတောင်းစကားသံများ

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**နှစ်ဟောင်းကုန်ဆုံး၍ ၁၃၈၀ ပြည့်နှစ် နှစ်သစ်အခါသမယသို့ ကူးပြောင်းသောအချိန်ကာလဖြစ်သည်။ နှစ်ဟောင်းဖြစ်ပျက်ခဲ့သည်များကို သင်ခန်းစာယူပြီး နှစ်သစ်မှာ ပြည်သူများတက်ညီလက်ညီနှင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ တာဝန်ကိုယ်စီကျေပွန်စွာ ထမ်းဆောင်ကြရတော့မည့် နှစ်သစ်မင်္ဂလာအခါသမယမှာ မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် သက်ကြီး၊ ဝါကြီးပညာရှင်များ၏ နှစ်သစ်ဆုတောင်းလွှာများကိုစုစည်းရေးသား တင်ပြလိုက်ပါသည်။**



**ပါမောက္ခဒေါက်တာ အောင်ထွန်းသက်**

နှစ်သစ်ဆိုတာစိတ်သစ်၊ လူသစ်၊ အင်အားသစ်၊ မျှော်လင့်ချက်သစ်တွေနဲ့ ပြည့်ဝနေတာ။ ပြည်သူအားလုံး မျှော်လင့်နေတဲ့ ထာဝရငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားရေး၊ လူ့အဖွဲ့အစည်းအတွင်း နားလည်မှု၊ စာနာမှု၊ ကြင်နာမှု၊ ကိုယ်ချင်းစာမှုတွေ တိုးပွားရေး။ ဒါတွေဖြစ်စေချင်တယ်။ ဒီနှစ်ဟာ အနာဂတ်နှစ်ပေါင်းများစွာအတွက်ခိုင်မြဲတည်တံ့ အုတ်မြစ်ကို ချနိုင်တဲ့ နှစ်တစ်နှစ်ဖြစ်တယ်။

ပြည်သူတွေအားလုံးတက်တက်ကြွကြွစည်းစည်းလုံးလုံးနဲ့ စုပေါင်းအားကိုထုတ်ဖော်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ တစ်ဦး တစ်ယောက်စီတိုင်းဆန္ဒနဲ့ ဘဝတစ်ထပ်တည်းရှိပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဟာ လှပပါတယ်။ လှပအောင်ဖန်တီးဖို့ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။ တာဝန်ကျေကြပါစို့။



**မောင်ခင်မင်**
**(ဓနုဖြူ)**

နှစ်သစ်မှာ နှစ်ဟောင်းရဲ့ကောင်းမွေတွေကိုဆက်လက်သယ်ဆောင်ပြီး ပိုကောင်းအောင်ဆောင်ရွက်နိုင်ကြပါစေ။

နှစ်ဟောင်းရဲ့ ဆိုးမွေတွေကို ဆက်လက်မသယ်ဆောင်ဘဲ သင်ခန်းစာယူစရာအဖြစ် ထားရစ်ခဲ့နိုင်ကြပါစေ။ မနေ့ကထက် ပိုကောင်းတဲ့ ဒီနေ့တွေနဲ့ ဒီနေ့ထက်ပိုကောင်းတဲ့ မနက်ဖြန်တွေကို ဆက်လက်ကြုံတွေ့နိုင်ကြပါစေ။

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

နှစ်ဦးအချိန်အခါသမယမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပြီး ကောင်းကျိုး လိုရာဆန္ဒတွေနဲ့ ပြည့်ဝကြပါစေလို့ ပဏာမဆုတောင်းလိုက်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံး စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး ရရှိဖို့ ရင်ထဲကလှိုက်လှိုက်လှဲလှဲ ဆုတောင်းရင်းဆန္ဒပြုလိုက်ပါရစေ။

ဓာတ်ပုံ- မင်းထက်



# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၀ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့အခါသမယတွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်။



ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်ညောင့်ခံတန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၆ နာရီတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူကြပြီး **(ယာပုံ)** ရေစက်ချ အမျှပေးဝေခြင်းနှင့် နံနက် ၈ နာရီတွင် ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ၃၂ ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် "နာဂစီဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်" ကို ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် ၎င်း၏ အလင်းရောင်ဖြင့် မြန်မာနှစ်ဆန်း ၁ ရက် ၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက် အင်္ဂါနေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်သည်။

နံနက် ၇ နာရီခွဲတွင် ဆူးလေစေတီတော် ကျက်သရေခန်းမဆောင်၌ သိမ်တော်ကြီးဆရာတော်ထံမှ ဂေါပကအဖွဲ့နှင့် ပရိသတ်က ကိုးပါးသီလခံယူဆောက်တည်ကြပြီး မွေးနံထောင့်များရှိ ဘုရားဆင်းတုတော်များအား အမွှေးနံ့သာရည်များကို ဘုရားဖူးလာပြည်သူများ သွန်းလောင်းပူဇော်ရန် စီစဉ်ထားပေးကာ စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၉ နာရီတွင် သာသနဇောတိကဓမ္မာရုံ၌ ဓမ္မကထိကဆရာတော်များက သီလပေးတရားများကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း ဟောကြားချီးမြှင့်တော်မူကြပြီး ပုညဃုနကျောင်းတိုက်ဆရာတော်ကြီးမှူး၍ စေတနာရှင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများတွင် ယနေ့မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့်အားလျော်စွာ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ဒါနပြုကြသူများ၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ခေါင်းလျှော်ပေးခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ဆရာတော်သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များအတွင်းရှိ လမ်းမကြီးများ တစ်လျှောက်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများပက်ဖျန်းခြင်း၊ ရပ်ကွက်များရှိ လမ်းများအလိုက် ဆရာတော် သံဃာတော်များအားပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ယနေ့တွင် ပုဂ္ဂလိကယာဉ်အချို့မှလည်း ဘုရားဖူးပြည်သူများအား တန်ခိုးကြီး ဘုရားများသို့ ကုသိုလ်ဖြစ်အခမဲ့ ပို့ဆောင်ပေးကြသည်ကို တွေ့မြင်ရသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကုသိုလ်ကောင်းမှုအလှူဒါနအစုစုတို့ ပြုလုပ်ကြသည်ကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်အနှံ့အပြား၌လည်း ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။ ယင်းမှာ မြန်မာတို့၏ ရှေးဘိုးဘွား လက်ထက်မှ စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်း အမွေပုံရိပ်ကောင်းများပင် ဖြစ်ပါသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ကိုလှမိုး**



❒ *ကျောဖုံးမှ*

အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာ တော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင် ကိုနှင့်ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် အနန္တ ရာယိက ကမ္မဝါစာများကို နာယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်သံဃာ တော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ကမ္ဘာ့သူကမ္ဘာ့သားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများ ဖျန်းပက်ကာ မေတ္တာပို့သကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော် မြတ်ကြီး၊ ဓာတုဇယျဓာတ်ပေါင်းစုစေတီတော်၊ ကိုးခမ်းဘုရား ကြီး၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလခံယူဆောက် တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားနေပြီး ဇီဝိတဒါနအဖြစ်ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြသူများ များပြားခဲ့သည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီး ဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိကကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ **သတင်းစဉ်**

## နှစ်သစ်ကူးသန္နိဋ္ဌာန်

**နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြီဖြစ်ပါသည်။ နှစ်သစ်၌ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးမရှိသော အတွေးအခေါ်ဟောင်းတို့ကို စွန့်လွှတ်ရမည်ဖြစ်ပါသည်။ အလားတူပင် နှစ်သစ်၌ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိသော အတွေးအခေါ်သစ်တို့ကို ထွေးပွေ့ရမည်ဖြစ်ပါသည်။ ထွေးပွေ့လိုက်သော အတွေးအခေါ်သစ်တို့၏ အင်အားဖြင့် တိုင်းပြည်နှင့်လူမျိုးကောင်းကျိုးအတွက် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချလိုက်ခြင်းသည်ပင် နှစ်သစ်ကူးသန္နိဋ္ဌာန်ဖြစ်ပါသည်။**

**မိမိတို့၏ကိုယ်ကျိုး (သို့မဟုတ်) မိမိ၏ဆွေမျိုးသားချင်းအကျိုး (သို့မဟုတ်) မိမိ၏အဖွဲ့အစည်းအကျိုးအတွက်သာ ဆောင်ရွက်လိုသော စိတ်ဓာတ်တို့သည် ကျဉ်းမြောင်းသောရည်မှန်းချက်တို့ကိုသာ ဖြစ်ပေါ်စေ၍ ကျယ်ပြန့်သောစုစည်း မှုကို ဟန့်တားစေပါသည်။ တစ်နည်းအားဖြင့်ဆိုသော် အဆိုပါစိတ်ဓာတ်တို့သည် စုပေါင်းအင်အားကို ယုတ်လျော့ပျက်ပြားစေပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့အိပ်မက်၊ ကျွန်မတို့ပြည်သူတွေရဲ့လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းတိုးတက်သာယာတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေ့အမြန်စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ" ဟု နှိုးဆော်တိုက်တွန်းခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဤနှိုးဆော် တိုက်တွန်းစကားသည် နှစ်သစ်၌ ဆုပ်ကိုင်ရမည့်"စုပေါင်းအင်အား"ဟူသော အတွေးအခေါ်ကို နှစ်သစ်ကူးသန္နိဋ္ဌာန်အဖြစ် ပုံဖော်လိုက်ခြင်းဖြစ်ပါသည်။**

**စုပေါင်းအင်အား၏ လိုအပ်ချက်ကို တိုင်းပြည်၏ကဏ္ဍအရပ်ရပ်၌ ထင်ရှား စွာ တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထောက်ပြခဲ့သော စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၌ "စုပေါင်းအင်အား" ၏ လိုအပ်ချက်ကို ပိုမိုသိသာစွာ မြင်တွေ့ရမည်ဖြစ်ပါသည်။ ဤအချက်ကို ပစ္စုပ္ပန်ကာလ၏ လက္ခဏာရပ်တစ်ရပ်ဖြစ်သည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဖြစ်စဉ်များနှင့် ချိန်ထိုးဖော်ပြလိုပါသည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သော "တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း" ၌ မြန်မာနိုင်ငံအနေဖြင့် အကျိုးရှိရှိ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီးများနှင့် ပြည်နယ်အားလုံး၏ ဟန်ချက်ညီညီ အပြန်အလှန် ဖြည့်ဆည်းပေးသည့် စုပေါင်းအင်အားကို ဖန်တီးရယူနိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ တစ်ဖက်၌လည်း တိုင်းဒေသကြီးများနှင့် ပြည်နယ်အားလုံး၏ စုပေါင်းအင်အား(တစ်နည်း) တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းအင်အားကို ရယူဖန်တီးနိုင်စွမ်းမရှိပါက မြန်မာနိုင်ငံအနေဖြင့် မည်သို့သော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံကိန်း၌မဆို ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမည် မဟုတ်ပါ။ ပစ္စုပ္ပန်ကာလ သမိုင်းရေစီးကြောင်းအရ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံကိန်းတို့၌ ဟန်ချက်ညီညီပါဝင်နိုင်မှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ လျင်မြန်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နှစ်သစ်ကူး မင်္ဂလာအခါသမယ၌ စုပေါင်းအင်အားကိုမရ၊ အရယူမည်ဟူသောသန္နိဋ္ဌာန်ဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အနာဂတ်အတွက် အားမာန်သစ်မွေးကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## ပုသိမ်မြို့၌ နှစ်ဆန်း ၁ ရက် စတုဒိသာလှူဒါန်း

**ပုသိမ် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဆန်း ၁ ရက်ဖြစ်သော ဧပြီ ၁၇ ရက် ကဆုန်လဆန်း ၃ ရက်တွင် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ နှစ်ဆန်းကုသိုလ်စတုဒိသာအလှူပွဲများ ကျင်းပကြသည်။

နှစ်စဉ်မပျက်ပြုလုပ်လျက်ရှိသော ပုသိမ်မြို့ တာဝတိံသာလမ်းနေဦးလှကြည် (ပုသိမ်-လှကြည်)-ဒေါ်မြမြဝင်း (လှရတနာဝင်းမိသားစုက) (၁၅) ကြိမ်မြောက် စတုဒိသာ ဆန်၊ ဆီ၊ ဆားနှင့် ကျောင်းသုံးစာအုပ်၊ ကျောင်းဝတ်စုံများ လှူဒါန်းခြင်း၊ သက်ကြီးပုဂ္ဂိုလ်များ ဂါရဝပြုလက်ဆောင်များ ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော် မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (စတုဘုမ္မိက ငှက်တွင်း)၊ စတုဘုမ္မိကမဟာဂင်္ဂါရိပ်သာကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစု၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော် အထွတ်သို့ ပင့်ဆောင်တင်လှူ ပူဇော်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော်ကတည်းက တည်ထားခဲ့ခြင်းဖြစ်ပြီး သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူသော စေတီတော်ပေါင်းရှစ်သောင်းလေးထောင်တွင် ပါဝင်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

စေတီတော်မြတ်ကြီးသည် ရာသီဥတုဒဏ်ကြောင့် ရွှေသင်္ကန်းများယိုယွင်း ပျက်စီးလာသဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အမှူးပြု၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းဖြစ်ကာ ၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် ကပ်လှူပူဇော်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး စိန်ဖူးတော်အားစေတီတော်အထွတ်သို့ တင်လှူပူဇော်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က ပင့်ဆောင်လာစဉ်။ သတင်းစဉ်

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမျိုးသမီးများငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စနှင့်စပ်လျဉ်းသည့် တံခါးဖွင့်ဆွေးနွေးပွဲတွင် နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက အမျိုးသမီးများအကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် အရေးယူဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြား

နေပြည်တော် မေ ၁၇

**အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်ဆွေးနွေးပွဲတစ်ရပ်ကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ၁၆-၄-၂၀၁၈ ရက်က ကျင်းပရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း တက်ရောက်ပြီး အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် အရေးယူဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။**

**တောင်းဆိုမှုကို ငြင်းဆန်**

မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ပဋိပက္ခနှင့် ဆက်စပ်သည့် အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် တိုးမြှင့်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကိစ္စနှင့် ပတ်သက်သည့် အတွင်းရေးမှူးချုပ်၏ နှစ်စဉ်အစီရင်ခံစာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အရေးပါသည့် ခြေလှမ်းများ စတင်နိုင်ခဲ့သည်ဟု အသိအမှတ်ပြုထားကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးနှင့် အပြုသဘောဆောင်စွာ ချိတ်ဆက်ဆောင်ရွက်ရန် စိတ်ရင်းမှန်ဖြင့် ကြိုးပမ်းလျက်ရှိသော်လည်း မြန်မာ့တပ်မတော်အား အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထည့်သွင်းထားသည်မှာ လွန်စွာစိတ်မကောင်းဖွယ်ဖြစ်ကြောင်း၊ အတည်မပြုနိုင်သည့် စွပ်စွဲချက်များပေါ်တွင် အခြေခံ၍ နောက်ဆက်တွဲစာရင်းတွင် ယင်းသို့ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့ပြင် စွပ်စွဲထားသည့်အမှုများကို စုံစမ်းဖော်ထုတ်ရေးအတွက် ကော့စ်ဘဇားစခန်းရှိ ထိခိုက်စော်ကားခံရသူ ဆိုသူများကို သွားရောက် တွေ့ဆုံမေးမြန်းရန် မိမိတို့ဘက်မှ ကြိုးပမ်းခဲ့သော်လည်းစနစ်တကျ တွေ့ဆုံမေးမြန်းခွင့်ပြုရန် တောင်းဆိုမှုကို ငြင်းဆန်ခဲ့ခြင်းကြောင့် စွပ်စွဲမှုများကို အတည်မပြုနိုင်ခဲ့သည့်အပေါ် အလွန်စိတ်ပျက်ရကြောင်း။

**ခိုင်မာသည့် ကတိကဝတ်ကိုပြသ**

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် လိင်အကြမ်းဖက်မှု စွပ်စွဲချက်နှင့် ပတ်သက်၍ မည်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုကိုမျှ လျစ်လျူရှုရန်မရှိကြောင်းဖြင့် မြန်မာအစိုးရ၏ ရပ်တည်ချက်ကို ရှင်းလင်းစွာ ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ သက်သေအထောက်ထား ခိုင်လုံစွာရှိပါက မည်သည့်ချိုးဖောက်သူကိုမဆို အကာအကွယ်မပေးဘဲ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ အင်းဒင်အဖြစ်အပျက်တွင် ပါဝင်ပတ်သက်ခဲ့သည့် တပ်မတော်သားခုနစ်ဦးကို မကြာမီက အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် အစိုးရ၏ ခိုင်မာသည့် ကတိကဝတ်ကို ရှင်းရှင်းလင်းလင်းပြသလိုက်ခြင်း ပင်ဖြစ်ကြောင်း။

**ပြတ်သားစွာပယ်ချ**

မူဆလင်များအား ၎င်းတို့နေအိမ်များမှ စွန့်ခွာထွက်ပြေးစေရန်အတွက် လိင်အကြမ်းဖက်မှုကို နည်းဗျူဟာတစ်ရပ်အဖြစ် အသုံးပြုခဲ့သည်ဟူသော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ပြတ်သားစွာ ပယ်ချပါကြောင်း။

**ပြင်းထန်စွာ အရေးယူ**

မြန်မာနိုင်ငံ၌ လိင်အကြမ်းဖက်မှုသည် ဓလေ့ထုံးစံတန်ဖိုးထားမှုများအရ လွန်စွာစက်ဆုပ် ရွံရှာဖွယ်ကောင်းသည့် ပြစ်မှုဖြစ်ပြီး၊ ဥပဒေအရသာမက ယဉ်ကျေးမှုအရပါ တင်းကျပ်စွာတားမြစ်ထားကြောင်း၊ တပ်မတော်သားများအနေဖြင့် ၁၉၅၉ တပ်မတော်အက်ဥပဒေနှင့် တပ်မတော်စည်းမျဉ်းများကိုသာမက တည်ဆဲအရပ်ဘက်ဥပဒေနှင့် ဓလေ့ထုံးတမ်းများကိုပါ လေးစားလိုက်နာကြရသည်ကို အလေးထားပြောကြားလိုကြောင်း၊ သို့အတွက် အရပ်သားဖြစ်စေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်စေ ကျူးလွန် သူများကို ဥပဒေကြောင်းအရ ပြင်းထန်စွာ အရေးယူမှုများ ပြုလုပ်ပါကြောင်း၊ လိင်အကြမ်းဖက်မှုကျူးလွန်ခဲ့သည့် တပ်မတော်သားများအား တရားစွဲဆို အရေးယူမှုပြုခဲ့သည့်သာဓကများစွာ ရှိခဲ့ကြောင်း၊ တပ်မတော်၏ ကျင့်ဝတ်ကို တိကျစွာ စောင့်ထိန်းရန်နှင့် လိင်အကြမ်းဖက်မှု စသည့်ပြစ်မှုများတွင် ပါဝင် ကျူးလွန်ခြင်းမပြုရန် တပ်မတော်သားများအား ရှင်းလင်းစွာ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို တပ်မတော်သားများ သိရှိနားလည်စေရန်အတွက် စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း၊ တပ်မတော်သင်တန်းကျောင်းများရှိ သင်ရိုးညွှန်းတမ်းများတွင်လည်း လိင်အကြမ်းဖက်မှုတားဆီးရေးနှင့် ပတ်သက်သည့် ဥပဒေများ ပါဝင်ကြောင်း။

**တာဝန်မဲ့သော စွပ်စွဲချက်များ**

ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ 'မျိုးနွယ်စုများအား သုတ်သင်ရှင်းလင်းခြင်း' သို့မဟုတ် 'လူမျိုးသုဉ်းသတ်ဖြစ်ခြင်း' စသည့် အသုံးအနှုန်းများ သုံးစွဲမှုကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း၊ အထောက်အထား မခိုင်လုံသော တစ်ဖက်သတ်စွပ်စွဲ မှုများ၊ သတင်းမှားများ၊ နိုင်ငံရေးအရ ဆွပေးရန် ရည်ရွယ်သည့်အစီရင်ခံစာများပေါ်တွင် အခြေခံသည့် ယင်းသို့တာဝန်မဲ့သော စွပ်စွဲချက်များသည် လက်ရှိအခြေအနေကို ပိုမိုဆိုးရွားစေပြီး၊ ဒေသတွင်းရှိ လူမှုအသိုက်အဝန်းများကို ပိုမိုဝေးကွာစေမည်ဖြစ်ကြောင်း။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆိုးရွားစွာထိခိုက်စေမည်**

မြန်မာနိုင်ငံအပေါ် ယင်းသို့ ဆက်တိုက်ပုံဖော် ပြောကြားနေမှုများသည် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများနှင့် လက်ရှိလူသားချင်းစာနာထောက်ထားမှုပြဿနာအပြင် ရှုပ်ထွေးသည့် ရခိုင်ပြည်နယ် အခြေအနေကို ရေရှည် အဖြေရှာမှုများ ပြုလုပ်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို ဆိုးရွားစွာ ထိခိုက်စေမည်သာဖြစ်ကြောင်း။

**အပြုသဘောဆောင်သည့်နည်းလမ်း**

ပဋိပက္ခနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုများကို ရှုတ်ချသကဲ့သို့ အချို့သော အုပ်စုများက ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေး အကျိုးအမြတ်ရရှိရေးအတွက် ယင်းကဲ့သို့ ထိခိုက်လွယ်သည့် ကိစ္စရပ်ကို အသုံးချနေကြခြင်းကိုလည်း ရှုတ်ချသင့်ကြောင်း၊ လိင်အကြမ်းဖက်မှုပြဿနာကို အမည်နာမဖော်ထုတ်ဝေဖန်ပြစ်တင်ခြင်းဖြင့် ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ မျှဝေခြင်းနှင့် ယင်းကိစ္စကို ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများအား ကူညီခြင်းဖြင့် အပြုသဘောဆောင်သည့် နည်းလမ်းကို အသုံးပြုရမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေး ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့



**မောင်တော ဧပြီ ၁၇**
ရခိုင်ပြည်နယ် မောင်တောမြို့အတွင်း သက်ကြီးအဘိုးအဘွားများအား (၄၁) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မောင်တောမြို့နယ် သာသနာ့ ဗိမာန်တွင် ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်းတို့က ဂါရဝစကားများ ပြောကြားကြသည်။

ထို့နောက် အဘိုးအဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းသာပီတိစကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ကန်တော့ခံအဘိုးအဘွားများအား ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များနှင့် ရပ်မိရပ်ဖများက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

သက်ကြီးပူဇော်ပွဲသို့ မောင်တောမြို့နယ်အတွင်းမှ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၁၂၆ ဦးအနက် ၉၃ ဦး တက်ရောက်အပူဇော်ခံကြပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများကိုလည်း အိမ်တိုင်ရာရောက်သွားရောက် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ အောင်ကျော်ဦး၊ တင်စိုး**

# မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်လှစ်၊ ပျော်ရွှင်စွာ ရေပက်ကစား

**မောင်တော ဧပြီ ၁၇**
ရခိုင်ပြည်နယ် မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ဗဟိုမဏ္ဍပ်တည်ရှိရာ မြို့မအရှေ့ရပ်ကွက်၌ ကျင်းပသည်။

ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲတွင် မောင်တောခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးတင့်နိုင်၊ အမှတ်(၁၅)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ခင်မောင်စိုး၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ရဲမှူးချုပ် မြင့်တိုး၊ မောင်တောခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့မိမြို့ဖတို့က ရခိုင်ရိုးရာမဟာ သင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**



မောင်တောမြို့ ရခိုင်ရိုးရာရေသဘင်ပွဲတွင် အနုပညာရှင်များက ဖျော်ဖြေရာ အားပေးသူ ပရိသတ်များဖြင့် စည်ကားစွာ တွေ့ရစဉ်။

ယင်းနောက် ရခိုင်ရိုးရာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော မောင်တောမြို့အခြေစိုက် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားဧည့်သည်များက ရခိုင်တိုင်းရင်းသူ ယိမ်းအဖွဲ့ဝင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ယိမ်းအဖွဲ့ဝင်ရခိုင်တိုင်းရင်းသူများက မန်းတောင်ရိပ်ခို၊ နှစ်သစ်မင်္ဂလာ၊ ရိုးရာအကမမ တေးသီချင်းများဖြင့်ကပြဖျော်ဖြေကြသည်။

မောင်တောမြို့ ရခိုင်ရိုးရာရေသဘင်ပွဲတော်ကို ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိ Music Band တေးဂီတအဖွဲ့ဖြင့် နိုင်ငံကျော်အနုပညာရှင်များ၊ ရခိုင်နာမည်ကြီး တေးသံရှင်များနှင့်အတူ ဖျော်ဖြေတင်ဆက်ကြပြီး မောင်တောမြို့ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို မြန်မာနှစ်ဆန်း ၁ ရက်နေ့မှ စ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**
**ဓာတ်ပုံ-အောင်ကျော်ဦး၊ တင်စိုး**

မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် မောင်တောမြို့အခြေစိုက် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားဧည့်သည်များ ရခိုင်တိုင်းရင်းသူ ယိမ်းအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဖျော်ဖြေနေစဉ်။







❋ *ကျော်ဖုံးမှ*
လွတ်မြောက်ခဲ့ကြောင်း အဆိုပါ အကျဉ်းထောင်မှ သိရသည်။

"နိုင်ငံတော်သမ္မတက နှစ်သစ်ကူး အခါသမယမှာ မင်္ဂလာရှိအောင်၊ နိုင်ငံအကျိုးကို တစ်ဖက်တစ်လမ်းက စိတ်သစ်လူသစ်နဲ့ အကျိုးပြုနိုင်အောင် လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့တာပါ၊ ဒီကနေ့ လွှတ်ပေးတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသား ရှစ်ဦးနဲ့အတူ တရုတ်နိုင်ငံသားတစ်ဦးလည်း ပါဝင်ပါတယ်"ဟု အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

အင်းစိန်(ဗဟို) အကျဉ်းထောင်မှ ယနေ့ပြန်လည် လွတ်မြောက်လာသူများတွင် နိုင်ငံရေးအကျဉ်းသား (AAPP) စာရင်းဝင် ကျားရှစ်ဦး၊ ရဲစည်းကမ်းထိန်းသိမ်းရေးဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ တပ်မတော်အက်ဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ အပါအဝင် အကျဉ်းသား ၂၉၉ ဦးနှင့် အကျဉ်းသူ ၃၇ ဦး ပါဝင်ကြောင်း သိရသည်။

ပြစ်ဒဏ်ကျခံခဲ့ရသူ စောဝါးလေးက"ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံရတာပါ၊ ၁၃ နှစ်လောက်ထောင်ထဲမှာနေပြီး ပြန်လည်လွတ်မြောက်လာတာပါ၊ အခုလို မထင်မှတ်ဘဲ လွတ်မြောက်လာတဲ့အတွက် ဝမ်းသာပါတယ်၊ နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ အထဲမှာ ကျန်ခဲ့တဲ့သူတွေကိုလည်း စိစစ်ပြီး လွှတ်ပေးဖို့မျှော်လင့်ပါတယ်" ဟုပြောသည်။

အလားတူ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများကို လာရောက်ကြိုဆိုသူ နိုင်ငံရေးအကျဉ်းသားဟောင်း ဦးရဲအောင်က "အခုလို နှစ်ဆန်း ၁ ရက်နေ့မှာနိုင်ငံရေး အကျဉ်းသားတွေကို ဂရုတစိုက်နဲ့ လွှတ်ပေးတဲ့အတွက် ဝမ်းသာပါတယ်၊ သမ္မတကြီးကိုလည်း ဝမ်းမြောက်ကြောင်းပြောချင်ပါတယ်၊ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ မရှိစေဘဲနဲ့ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းပြီးတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို သွားမယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်၊ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးနဲ့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟုပြောသည်။

ယနေ့ လွတ်မြောက်လာသူများတွင် နိုင်ငံရေးအမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး လွတ်မြောက်လာသူများတွင် ထောင်ဒဏ်နှစ်ရှည် ကျခံနေရသူများအပြင် သေဒဏ်နှင့် ထောင်ဒဏ်တစ်သက် တစ်ကျွန်းကျခံနေရသူများလည်း ပါဝင်ကြောင်း သိရသည်။

ဗဟန်းမြို့နယ်မှ ဒေါ်သီရိက "မူးယစ်ဆေးဝါးမှုနဲ့ ထောင်လေးနှစ်ကျခဲ့တာပါ၊ ထောင်ထဲမှာ နှစ်နှစ်ကျော်လောက်နေခဲ့ရပါတယ်၊ ဒီကနေ့ လွှတ်မယ်ဆိုတာကို ကြိုမသိခဲ့ရပါဘူး၊ မနက်ကမှနာမည်နဲ့ လာခေါ်တော့မှ သိရတာပါ၊ အခုလို မထင်မှတ်ဘဲ သမ္မတကြီးရဲ့ လွတ်ငြိမ်းခွင့်နဲ့ အမြန်ဆုံးလွတ်မြောက်လာတဲ့အတွက် သမ္မတကြီးကိုကျေးဇူးတင်ပါတယ်၊ အထဲမှာရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေကလည်း သမ္မတကြီးကို ကြိုဆိုကြပါတယ်၊ ရှေ့ဆက်ပြီး ဘဝကို အကောင်းဆုံး တည်ဆောက်နေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ လူငယ်တွေ အနေနဲ့လည်း မူးယစ်ဆေးနဲ့ပတ်သက်ပြီး နည်းနည်းလေးမှ မငြိစွန်းစေချင်ပါဘူး၊ နည်းနည်းလေး ပတ်သက်တာနဲ့ ဘဝနဲ့ရင်းပြီးပေးဆပ်ရလိမ့်မယ်လို့ သတိပေးချင်ပါတယ်" ဟု ပြောသည်။

နိုင်ငံတော်သမ္မတက မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ အကျဉ်းထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ၊ ပုဒ်မခွဲ (၁) အရ စည်းကမ်း သတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်သည့် သတင်းကြောင့် ယနေ့နံနက်ပိုင်းမှစတင်ကာ အင်းစိန်အကျဉ်းထောင်ရှေ့တွင် လာရောက်ကြိုဆိုနေကြသူများ၊ စောင့်မျှော်နေသည့် မိသားစုဝင်များလည်းရှိသည်။

အကျဉ်းသား၊ အကျဉ်းသူများကို



ရန်ကုန်မြို့ အင်းစိန်(ဗဟို) အကျဉ်းထောင်မှ နိုင်ငံရေးအမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသော အကျဉ်းသားများအား လာရောက်ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။

ယနေ့ လွှတ်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး၌အင်းစိန် (ဗဟို) အကျဉ်းထောင်နှင့် ရွှေသူဌေး၊ တောကြီးတန်း၊ လေှလှော်အင်း၊ အိုင်ကလော၊ အောင်ချမ်းသာ၊ မင်းကုန်းစသည့် အကျဉ်းစခန်းများလည်း ပါဝင်ရာတိုင်းဒေသကြီးအတွင်း အကျဉ်းသား၊ အကျဉ်းသူစုစုပေါင်း ၇၀၉ ဦး လွှတ်ပေးမည်ဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် လွတ်မြောက်ခွင့်ရသည့် အကျဉ်းသားများအား အကျဉ်းထောင်များမှ ပြန်လည်လွှတ်ပေး



## မန္တလေး

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်ဖြင့် အကျဉ်းထောင်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/သူ ၈၄၉၀ ကို ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး အိုးဘို အကျဉ်းထောင်၊ ထုံးဘို အကျဉ်းထောင် ၁/၂၊ ထုံးဘိုအမျိုးသမီး ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား/သူ စုစုပေါင်း ၉၃၁ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လွတ်ငြိမ်းခွင့်ရရှိရာတွင် အိုးဘိုအကျဉ်းထောင်မှ အမျိုးသား ၄၃၀ နှင့် အမျိုးသမီး ၃၃ ဦး ပေါင်း ၄၆၃ ဦး၊ ထုံးဘို-၁ အကျဉ်းထောင်မှ အမျိုးသား ၁၈၁ ဦး၊ ထုံးဘို-၂ အကျဉ်းထောင်မှ အမျိုးသား ၁၃၆ ဦး၊ အိုးဘို အမျိုးသမီးကုန်ထုတ်စခန်းမှ အမျိုးသမီး ၁၅၁ ဦး စုစုပေါင်း ၉၃၁ ဦး လွတ်ငြိမ်းရခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ထားဝယ်

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား ၅၈ ဦး၊ အကျဉ်းသူ ခြောက်ဦး စုစုပေါင်း ၆၄ ဦးကို ယနေ့ လွှတ်ပေးခဲ့သည်။

ထို့သို့ လွှတ်ပေးရာတွင် ထားဝယ်အကျဉ်းထောင်မှ တာဝန်ခံအရာရှိ နှင့် တာဝန်ရှိသူတို့က အကျဉ်းသား၊ အကျဉ်းသူများအား ဆုံးမစကားပြောကြားပြီး ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ အကျဉ်းထောင် အပြင်ဘက်တွင် မိဘ၊ ဆွေမျိုး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးရင်းချာများက ဝမ်းပန်းတသာ လာရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဘားအံ

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၅၆ ဦး၊ အကျဉ်းသူ ၂၈ ဦး ဘဝသစ်စိုက်ပျိုးမွေးမြူရေးစခန်း (လကခဏ)မှ အကျဉ်းသား ၇၂ ဦး စုစုပေါင်း ၁၅၆ ဦးကို ယနေ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့သို့ လွှတ်ပေးရာတွင် ဘားအံအကျဉ်းထောင်မှ တာဝန်ရှိသူတို့က အကျဉ်းသား၊ အကျဉ်းသူများအား ဆုံးမစကားပြောကြားပြီး ထောက်ပံ့ငွေများ အသီးသီး ပေးအပ်သည်။

**စောမျိုးမင်းသိန်း**

## စစ်တွေ

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်ဖြင့် လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်ရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၈၇ ဦးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထို့သို့လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေ အကျဉ်းထောင်မှ အကျဉ်းသား ၈၁ ဦး၊ အကျဉ်းသူ ခြောက်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ ခုနစ်ဦး၊ ကျောက်ဖြူ အကျဉ်းထောင်မှ အကျဉ်းသား၃၆ ဦး၊ အကျဉ်းသူ နှစ်ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၂၀ စုစုပေါင်း ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၂၀၃ ဦး လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါလွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းမိတ်ဆွေများမှ ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြိတ်

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၇၈ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား မြိတ်အကျဉ်းထောင်ရှိ ဓမ္မာရုံနှင့် ကျောက်ဖြူတောင် အကျဉ်းစခန်းခန်းမတို့တွင် ခေတ္တမြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ မြိတ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းနှင့် တာဝန်ရှိသူများက ဆုံးမ စကားများပြောကြားခဲ့ပြီး အကျဉ်းသား၊ အကျဉ်းသူများအား ခေတ္တမြိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်ငွေများ ပေးအပ်ခဲ့ကြသည်။ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများမှာ မြိတ်အကျဉ်းထောင်မှ ၅၆ ဦးဖြစ်ပြီး ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ ၁၂၂ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက် )**



**ဧပြီ ၁၇ ရက်က နိုင်ငံတော်သမ္မတရုံးမှ လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မြင်းခြံအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရသည့် အကျဉ်းသား၊ အကျဉ်းသူများအား တာဝန်ရှိသူက ဆုံးမစကားပြောကြားစဉ်။(မြင်းခြံအကျဉ်းထောင်မှ အကျဉ်းသား ၂၂ ဦး၊ အကျဉ်းသူ လေးဦး လွတ်ငြိမ်းသက်သာခွင့် ရရှိကြောင်း သိရသည်။)**

ဘိုဘို(မလှိုင်)

## သီပေါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၇/၂၀၁၈ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်အရ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့အကျဉ်းဦးစီးဌာန သီပေါအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား ၆၄ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ လွတ်ငြိမ်းသက်သာခွင့်ရရှိကြောင်း သိရသည်။ လွတ်မြောက်သူများအား မိသားစုဝင်များက ဝမ်းမြောက်ပျော်ရွှင်စွာ လာရောက်ကြိုဆိုကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျိုင်းတုံ

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အကျဉ်းဦးစီးဌာန ကျိုင်းတုံအကျဉ်းထောင်တွင် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပြုပေးသည့် အခမ်းအနားယနေ့ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကာထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ယနေ့ လွတ်ငြိမ်းသက်သာခွင့်ပြုသူ နိုင်ငံခြားသား ၁၀ ဦး၊ အမျိုးသား ၇၈ ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၉၅ ဦးဖြစ်ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**



**နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် သထုံအကျဉ်းထောင်မှ လွတ်မြောက်ခွင့်ရသည့် အကျဉ်းသားများအား တွေ့ရစဉ်။ (သထုံအကျဉ်းထောင်မှ နိုင်ငံသားအကျဉ်းသား ၁၃ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်)**

သထုံ(ပြန်/ဆက်)

## ကသာ

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ကသာအကျဉ်းထောင်မှ အကျဉ်းသား ၈၈ ဦး၊ အကျဉ်းသူ ၁၉ ဦး စုစုပေါင်း ၁၀၇ ဦးကို ယနေ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိတ္ထီလာ

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသား ၅၄ ဦး၊ အကျဉ်းသူ ၁၀ ဦး စုစုပေါင်း ၆၄ ဦးကို လွှတ်ပေးခဲ့ကြောင်း သိရသည်။ ၎င်းတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအုန်းငွေနှင့် အကျဉ်းထောင်မှူး ဦးလှငွေတို့က တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပခုက္ကူ

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသား ၂၁ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ၂၂ ဦးကို ယနေ့လွှတ်ပေးခဲ့ကြောင်း သိရသည်။ ၎င်းတို့အား ပခုက္ကူအကျဉ်းထောင်မှ တာဝန်ရှိသူက ဆုံးမစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။ **ကိုဇော်(ခတု)**

## သာယာဝတီ

နိုင်ငံတော်သမ္မတရုံးမှ လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် သာယာဝတီဇဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရသည့် အကျဉ်းသား ၃၉ ဦး၊ အကျဉ်းသူ ၁၂ ဦးနှင့် ပြစ်ဒဏ်စေ့အကျဉ်းသား ခုနစ်ဦး စုစုပေါင်း ၅၈ ဦးတို့အား ယနေ့ ပြန်လည်လွှတ်ပေးကြောင်း သိရသည်။

**အောင်ဆင့်**

## ဖန်းမော်

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ဖန်းမော်အကျဉ်းထောင်မှ အကျဉ်းသား ၁၃၈ ဦး၊ အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၁၅၁ ဦးကို ယနေ့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းမှုခင်းဖြစ်ပွားမှု

**နေပြည်တော် ဧပြီ ၁၇**

၂၀၁၈ ခုနှစ်၊ မဟာသင်္ကြန်အကြိုနေ့မှ စတင်၍ မဟာသင်္ကြန်အတက်နေ့အထိ သင်္ကြန်ကာလအတွင်း ရေပက်ကစားလည်ပတ်ကြရာမှ မူးယစ်သောက်စားအပျော်လွန်ကျူးမှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ အစအနောက် လွန်ကျူးရာမှ ခိုက်ရန်ဖြစ်ပွားမှုအပါအဝင် မှုခင်းဖြစ်ပွားမှုများအနေဖြင့် နေပြည်တော်တွင် လူသတ်မှု တစ်မှု (တစ်ဦးသေဆုံး)၊ ခါးပိုက်နှိုက်မှု လေးမှု၊ ခိုးမှု တစ်မှု၊ ယာဉ်တိုက်မှုတစ်မှု (တစ်ဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦးသေဆုံး)၊ ကချင်ပြည်နယ်တွင် ယာဉ်တိုက်မှု နှစ်မှု (သုံးဦးသေဆုံး)၊ ခိုက်ရန် ဖြစ်ပွားမှုတစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (သုံးဦးသေဆုံး)၊ ကရင်ပြည်နယ်တွင် ယာဉ်တိုက်မှု တစ်မှု (တစ်ဦးဒဏ်ရာရ)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်တိမ်းမှောက်မှု တစ်မှု (၃၀ ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု လေးမှု (ခုနစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု နှစ်မှု (နှစ်ဦးသေဆုံး)၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူသတ်မှုတစ်မှု (တစ်ဦး သေဆုံး)၊ ယာဉ်တိုက်မှု တစ်မှု (တစ်ဦး ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု နှစ်မှု (သုံးဦး ဒဏ်ရာရ)၊ ပဲခူးတိုင်းဒေသကြီးတွင် လူသတ်မှု သုံးမှု (သုံးဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရ)၊ ယာဉ်တိုက်မှု တစ်မှု (နှစ်ဦး ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု တစ်မှု (တစ်ဦးဒဏ်ရာရ)၊ မကွေးတိုင်းဒေသကြီးတွင် လူသတ်မှု တစ်မှု (တစ်ဦးသေဆုံး)၊ ယာဉ်တိုက်မှု သုံးမှု (လေးဦးဒဏ်ရာရ)၊ ခိုက်ရန် ဖြစ်ပွားမှု ကိုးမှု (၁၈ ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦးသေဆုံး)၊ မန္တလေးတိုင်းဒေသကြီးတွင် လူသတ်မှု နှစ်မှု (နှစ်ဦးသေဆုံး)၊ ခိုးမှု တစ်မှု၊ ယာဉ်တိုက်မှု နှစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၁ မှု (၁၄ ဦးဒဏ်ရာရ)၊ မွန်ပြည်နယ်တွင် လူသတ်မှုတစ်မှု (တစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရ)၊ ခိုးမှု တစ်မှု၊ ခိုက်ရန်ဖြစ်ပွားမှု သုံးမှု (၁၀ ဦးဒဏ်ရာရ)၊ ရခိုင်ပြည်နယ်တွင် ယာဉ်တိုက်မှု နှစ်မှု (လေးဦးဒဏ်ရာရ)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု နှစ်မှု (သုံးဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ခုနစ်မှု (ကိုးဦးဒဏ်ရာရ)၊ ရှမ်းပြည်နယ်တွင် ယာဉ်တိုက်မှု တစ်မှု (တစ်ဦးသေဆုံး၊ ငါးဦး ဒဏ်ရာရ)၊ ခိုက်ရန် ဖြစ်ပွားမှု နှစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု တစ်မှု (တစ်ဦးသေဆုံး)၊ ခိုက်ရန်ဖြစ်ပွားမှု လေးမှု (လေးဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦး သေဆုံး)တို့ရှိခဲ့ပြီး စုစုပေါင်း လူသတ်မှု ကိုးမှု (ကိုးဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရ)၊ ယာဉ်တိုက်မှု ၁၈ မှု (ကိုးဦးသေဆုံး၊ ၆၁ ဦး ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၄၄ မှု (၇၀ ဒဏ်ရာရ)၊ ခါးပိုက်နှိုက်မှု လေးမှု၊ ခိုးမှု သုံးမှု၊ ရေနစ်သေဆုံးမှု ခြောက်မှု (ရှစ်ဦး သေဆုံး)ရှိခဲ့ကြောင်း သိရှိရသည်။

ဖော်ပြပါသင်္ကြန်နှင့် ပတ်သက်သော ပြစ်မှုများဖြစ်ပွားမှုသည် တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင်သာ ဖြစ်ပွားခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သင်္ကြန်နှင့် ပတ်သက်သော မှုခင်းများ လျော့နည်းစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလေးထားထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော်သင်္ကြန်ပွဲတော်နှင့် ပတ်သက်မှုမရှိဘဲ သီးခြားအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် စုစုပေါင်း လူသတ်မှု ၁၃ မှု (၁၃ ဦး သေဆုံး)၊ ယာဉ်တိုက်မှု ၃၃၂ မှု (၁၂၄ ဦး သေဆုံး၊ ၆၂၉ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၉၆ မှု (၁၃၁ ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှုအပါအဝင် သေမှုသေခင်း ၁၁၈ မှု (၁၂၂ ဦးသေဆုံး)၊ ခိုးမှု ၃၆ မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကြိုတင်ကာကွယ်မှု ၁၂၅၄ မှု အရေးယူ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင်သင်္ကြန်ကာလအတွင်း ဘေးအန္တရာယ်ဖြစ်စေနိုင်သော တုတ်၊ ဓားမျိုးစုံ၊ လေးခွ၊ ချိန်းကြိုး၊ သံကြိုး၊ ဝက်အူလှည့်၊ ကတ်ကြေး၊ သံလက်သီး၊ စကေဘာ စုစုပေါင်း ၃၄၆၈ ခု နှင့် အရက်၊ ဘီယာပုလင်း မျိုးစုံ ၅၃၅၅ ပုလင်း၊ ကာမရာဂစိတ်ကြွဆေးများဖြစ်သည့် သောက်ဆေး၊ လိမ်းဆေး၊ ထိုးဆေး၊ ဖျန်းဆေးမျိုးစုံ ၆၉၈ ဘူး၊ ဆေးလုံး ၁၂၉၈ လုံး၊ ဆေးကတ် ၂၁၄ ကတ်နှင့် ထိုးဆေး ၁၀ ပုလင်းတို့အား သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ စုစုပေါင်း ကြိုတင်ကာကွယ်ထိန်းသိမ်း တားဆီးခဲ့သူပေါင်းမှာ ၁၃၈၀ ဦးဖြစ်၍ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈ -၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ -Breakfast News
၇း၃၅ -မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၈း၅၀ -**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (နေပြည်တော်ကောင်စီ)
၁၀း၄၀ -ပြည်သူ့နီတိ **ပုထုဇနော**
၁၁း၁၅ -ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၁း၄၀ -**(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံတွေ့ဆုံဆွေးနွေးခန်း အစီအစဉ်**
၁၂း၃၀ -**မဆုံးနိုင်သောချစ်ခြင်းမေတ္တာ**
၁၃း၅၀ -**ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ်** (Level-1) (နေပြည်တော်) (ပထမပိုင်း)
၁၅း၀၀ -နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ**(အပိုင်း-၁)

**ညပိုင်း**

၁၆း၃၅ -**လေ့လာစရာစုံလင်အင်းတော်ကြီးတစ်ခွင်**
၁၇း၀၅ -အနုပညာခန်းရိပ်သာ **စာရေးဆရာမ ရွှေကူမေနှင်း နှင့် တွေ့ဆုံခြင်း**
၁၇း၃၅ -MRTV Travelogue
၁၈း၂၀ -**ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၄၂)**
၁၈း၃၅ -ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ ဆေးပေးမီးယူ ဦးဝင်းမြင့်၊ ဒေါ်ဝါဝါ၊ ပန်သုမြင့်မိုရ်၊ ပြည့်ဖြိုး၊ မကြည်ဌေး ဒါရိုက်တာ(သိမ်းစိုး (သီဟရတနာ)
၁၉း၁၅ -မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၁၁) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ- အောင်ဩဘာ)
၂၀း၀၀ -ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ -**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်ဒုတိယတစ်နှစ်တာ** (ပြည်ထောင်စုလွှတ်တော်)
-**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်ထောင်စုရှေ့နေချုပ်ရုံး)
-ဂီတသမား၊ ဂီတစကား မန်းတောင်ရိပ်ခိုဖန်တီးသူများ (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

# ပေါင်းတည်၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၄၀၀ ကျော် ပျက်စီး၊ အမျိုးသမီးတစ်ဦး သေဆုံး

**ပေါင်းတည် ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းတွင် သင်္ကြန်အတက်နေ့ဖြစ်သော ဧပြီ ၁၆ ရက် ညနေပိုင်း ၅ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၄၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး နေအိမ်ပြိုကျမှုကြောင့် အမျိုးသမီး တစ်ဦး နေအိမ်ပိကာ သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ နေအိမ်ပေါင်း ၄၀၀ ကျော်သည် ပြိုလဲကျခြင်း၊ အမိုးလန်ခြင်း၊ နေအိမ်များပေါ်သစ်ပင်များပိမိခြင်းတို့ဖြစ်ပွားကာ အိမ်ပြိုကျမှုကြောင့် သားအမိနှစ်ယောက် အိမ်ပိခဲ့ရာမှ သမီးဖြစ်သူမှာ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့သော်လည်း မိခင်ဖြစ်သူမှာ ဆေးရုံပို့ရာလမ်းတွင် သေဆုံးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

"သူများတွေ အိမ်တွေကလည်း သွပ်တွေ ဝဲပျံနေတာဆိုတော့ အိမ်အပြင် မထွက်ရဲဘူး၊ အကုန် ဝုန်းဒိုင်းကို ဆန်နေတာပဲ၊ ကျွန်မတို့နဲ့ ညီအစ်မတော်တဲ့အိမ်က အကုန်လဲပြီး ပိနေတာ၊ ပိနေတော့ အကုန်အဲဒီကို ပြေးကြတယ်၊ ကလေးတွေကို လုံခြုံတဲ့လူတွေဆီမှာ အပ်ထားခဲ့ပြီး အဲဒီကို ပြေးကြရတာ၊ အဲဒီအချိန်မှာ တော်တော် ဆွဲထုတ်ရတယ်၊ အကြာကြီးပဲ အသက်ကတော့ ငွေ့ငွေ့လေးပဲ ရှိတော့တယ်၊ အသက်များ မီမလားလို့ တင်သွားတာ အခုတော့ ဆုံးသွားပြီ" ဟု ပေါင်းတည်မြို့နယ် ကြာနီကန်ကျေးရွာအုပ်စု ကြို့ပင်အိုင် ကျေးရွာမှ မမာမာမြင့်က ပြောသည်။

လေပြင်းတိုက်ခတ်သည့် အချိန်မှာ တိုတောင်းသော်လည်း ပြင်းထန်လွန်းသဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ရကြောင်း ဒေသခံများက ပြောသည်။ လေပြင်းတိုက်ခတ်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ အုပ်ချုပ်ရေးဦးစီးဌာန၏ ကနဦးသတင်း ထုတ်ပြန်ချက်များအရ ပေါင်းတည်မြို့နယ်တွင်



အိမ်ခြေ ၄၁၀ နှင့် သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် အိမ်ခြေ ၁၃၃ အိမ် အမိုးလန်ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

"ပေါင်းတည်မြို့နယ်မှ ကျေးရွာအုပ်စု လေးစုမှာ အိမ်ခြေ ၄၁၀ ပျက်စီးသွားတယ်လို့ ကနဦးသတင်းအရ သိရပါတယ်၊ နောက်ထပ် ပျက်စီးဆုံးရှုံးတဲ့ စာရင်းတွေ ကောက်ယူတုန်းဆိုတော့ ထပ်တိုးလာဖို့ ရှိပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က ရှင်းလင်းပြောသည်။ သဘာဝဘေးဒဏ်ခံခဲ့ကြရသော လူနေအိမ်များနှင့် သေဆုံး ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ပေးအပ်နိုင်ရန် အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

**ကိုလွင် (ဆွာ)**

# ရေကစားရာမှ ဓားထိုးမှုဖြစ်၊ ကျူးလွန်သူအား တစ်နာရီအတွင်း ဖော်ထုတ်

**သထုံ ဧပြီ ၁၇**

မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက် ဇေယျာလမ်းထိပ်တွင် ဧပြီ ၁၆ ရက် ညနေပိုင်းက ရေကစားမဏ္ဍပ်အနီး ဓားထိုးမှုဖြစ်ပွားရာ ပြစ်မှုကျူးလွန်သူအား တစ်နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ သထုံမြို့ ထောင်မှူးကျေးရွာအုပ်စု လေးတိုင်ကျေးရွာနေ စိုးထက်အောင်(ပါ) လေးဦးသည် ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညနေ ၄ နာရီခွဲတွင် ဆိုင်ကယ်များဖြင့် သုဝဏ္ဏဝတီမြို့ဘက်မှ မောင်းနှင်လာစဉ် သထုံမြို့နယ် နန်းခဲရပ်ကွက် ဇေယျာလမ်းထိပ် ရေကစားမဏ္ဍပ်အနီးတွင် ဟိုး ဟိုးဟု အော်သံကြားသဖြင့် လှည့်ကြည့်ရာ ဝမ်းကွဲညီအစ်ကိုတော်စပ်သူ စိုးမင်းအောင်သည် ယာရင်အုံပေါက်ပြဲဒဏ်ရာ၊ သူငယ်ချင်းမျိုးမင်းတွင် ယာခါးထိုးသွင်းဒဏ်ရာ၊ ထိန်ဝင်းတွင် ဝဲဘက်ရင်အုံပေါက်ပြဲဒဏ်ရာ ရရှိခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံသို့ ပေးပို့ကုသရာ ထိန်ဝင်းမှာ ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဓားဖြင့်ထိုးခဲ့သူကို ဖော်ထုတ်စုံစမ်းပေးရန် တိုင်ကြားခဲ့သည်။

တိုင်ကြားမှုအပေါ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ညွှန်ကြားမှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်ကြီးကြပ်မှုဖြင့် သထုံမြို့မစခန်းမှူး ဒုတိယ ရဲမှူး မောင်မောင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းဦးနှင့် တပ်ဖွဲ့ဝင်များ စုံစမ်းဖော်ထုတ်စည်းရုံးမှုဖြင့် အောင်စိုးမိုးအား ဖမ်းဆီးနိုင်ခဲ့ပြီး အမှုဖွင့်အရေးယူခဲ့သည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

● *ကျောဖုံးမှ*

အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းသည် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှာမူ ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ဇွန်လတွင် ထိုင်းနိုင်ငံသို့ သွားရောက်၍ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နှစ်ပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းအား ဖွဲ့စည်းကာ ယှဉ်ပြိုင်စေမည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် မြန်မာ ယူ-၁၉ အသင်းက အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ မြန်မာ ယူ-၁၆ အသင်းက အာဆီယံ ယူ-၁၆ ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှာမူ မေလတွင် ကျင်းပမည့် အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်လျက်ရှိသည်။ လက်ရွေးစင်ဖူဆယ်အသင်းနှင့် ကလပ်အသင်းများမှာလည်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းက နိုဝင်ဘာတွင် ကျင်းပမည့် အာဆီယံဖူဆယ်ပြိုင်ပွဲ၊ MIC အသင်းက အာဆီယံကလပ် ဖူဆယ်ပြိုင်ပွဲနှင့် VUC အသင်းက အာရှကလပ်ဖူဆယ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်းများ၏ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်မှုများအပြင် လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း နည်းပြချုပ်သစ်ခန့်အပ်မှုမှာလည်း စိတ်ဝင်စားစရာကောင်းနေသည်။ အောင်မြင်မှုနှင့် ဝေးကွာလာသည့် မြန်မာဘောလုံးအသင်းများအနေဖြင့် ယခုနှစ်တွင် အောင်မြင်မှုများ ရယူနိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၇**

ထူးခြားသည့် နေ့အပူချိန်များမှာ တောင်ငူမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ပျဉ်းမနားမြို့ ဆင်ဖြူကျွန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွန်ကျော်မြို့ တွင် ၀ ဒသမ ၇၅ လက်မ၊ မိုင်းဆတ်မြို့နှင့် မုံရွာမြို့တို့တွင် ၀ ဒသမ ၄၄ လက်မစီ၊ ပင်လောင်းမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ဟဲဟိုးမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၀ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**





# တရုတ်နှင့် ဂျပန်တို့ နောက်ထပ်ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံချဲ့ထွင်ကာ ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်သွားရန် သဘောတူညီ

**တိုကျို မေ ၁၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာအောင် အတူတကွ လက်တွဲလုပ်ဆောင်သွားကြရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်သွားကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

တရုတ်နှင့် ဂျပန်တို့သည် အရေးပါသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံဆက်ဆံရေးသည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အလှည့်အပြောင်းအချို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ထိုသို့အလှည့်အပြောင်းများဖြစ်ပေါ်မှုက နှစ်ဖက်စလုံးကို များစွာသော နယ်ပယ်ကဏ္ဍများတွင် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၌ သက်ရောက်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်မှစတင်ကာ များစွာသောအကြောင်းအရာကိစ္စများတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပေးပို့ခဲ့သည့် အပြုသဘောသက်ရောက်သောမက်ဆေ့ချ်များကို အထူးအလေးအနက်ထားကာ အာရုံစိုက်ခဲ့သည်ဟု ဝမ်က ဆိုသည်။ နှစ်ဖက်စလုံး၏ ပူးတွဲအင်အားစိုက်ထုတ်ဆောင်ရွက်မှုဖြင့် ၎င်း၏ အလည်အပတ်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေကို ပုံမှန်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေမည့် အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်လာနိုင်ကြောင်း ၎င်းက ပြောခဲ့သည်။

နှစ်နိုင်ငံချင်းဆက်ဆံမှုတွင် တိုးတက်မှုအရှိန်အဟုန် မြင့်တက်လာခြင်းသည် လွယ်လွယ်ကူကူရရှိလာခဲ့သည့် အရာမဟုတ်သည့်အပြင် မြတ်နိုးတန်ဖိုးထားသင့်သည့် အရာဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်ပြီးတည်ငြိမ်သည့် ဆက်ဆံရေးအခြေအနေတစ်ခုဖြင့် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံတို့သည် ပိုမိုနီးကပ်သည့် မျှဝေဖလှယ်မှုများ ရှိလာနိုင်ပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုသာမက ဒေသတွင်းအကျိုးစီးပွားကိုပါ ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ဝမ်က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နှင့် ဂျပန် နှစ်နိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ်ပေါ်ရှိ အခြေအနေများကဲ့သို့ ဒေသတွင်းအကြောင်းအရာများနှင့် ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ ဝမ်သည် ဂျပန်သို့ သုံးရက်ကြာခရီးစဉ်သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း လေးကြိမ်မြောက် အဆင့်မြင့်စီးပွားရေးဆွေးနွေးမှုကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့်အတူ တွဲဖက်၍ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်အရှေ့တောင်ပိုင်း ထောင်ဆူပူမှုတွင် အကျဉ်းသား ခုနစ်ဦးသေဆုံး

**နယူးယောက် မေ ၁၇**

အမေရိကန်ပြည်ထောင်စု အရှေ့တောင်ပိုင်းရှိ တောင်ကာရိုလိုင်းနားပြည်နယ်၌ ဖြစ်ပွားခဲ့သော အကျဉ်းထောင်ဆူပူမှုတစ်ခုကြောင့် အကျဉ်းသား ခုနစ်ဦးသေဆုံးခဲ့ပြီး အနည်းဆုံး လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။

ဗီရှော့ဗီလီမြို့ရှိ လီထိန်းသိမ်းရေးစခန်း၌ မေ ၁၅ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ပြီးနောက် မေ ၁၆ ရက် နံနက် ၃ နာရီတွင် အခြေအနေအား ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း တောင်ကယ်ရိုလိုင်းနား အကျဉ်းဦးစီးဌာနက ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။


အကျဉ်းထောင်အရာရှိ တစ်ဦးမျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ အကျဉ်းထောင်ဆူပူမှုတွင် အကျဉ်းထောင်ခန်း သုံးခုမှ အကျဉ်းသားများစွာ ပါဝင်ကြောင်း တောင်ကာရိုလိုင်းနား အကျဉ်းဦးစီးဌာနက ပြောခဲ့သည်။

ဌာနမှ ရဲတပ်ဖွဲ့ဝင်များနှင့် တောင်ကာရိုလိုင်းနား တရားဥပဒေစိုးမိုးရေးဌာနခွဲတို့က ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အကျဉ်းထောင်သည် လွန်ခဲ့သော ၂၅ နှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး အကျဉ်းသား ၁၇၀၀ ကို ထိန်းသိမ်းထားကာ ယခင်ကလည်း အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုကြောင့် လူသေဆုံးမှု ဖြစ်ရပ်များဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**





# ဥရောပသမဂ္ဂအနေဖြင့် ဒီမိုကရေစီကို ကာကွယ်ကြရန် ပြင်သစ်သမ္မတ မက်ခရွန် ပြောကြား

**ပါရီ မေ ၁၇**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အာဏာရှင်စနစ်လွှမ်းမိုးလာမှုကို ခုခံကာကွယ်ကြရန်နှင့် ဒီမိုကရေစီကို ထိန်းသိမ်းရန် ကတိကဝတ်ပြုထားမှုကို ထပ်မံအားဖြည့်ဆောင်ရွက်ကြရန် ဥရောပနိုင်ငံသားများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။ အတိတ်ကာလဖြစ်ရပ်များကို မေ့ပစ်လိုက်ကြသည့် မျိုးဆက်တစ်ခုကို မပိုင်ဆိုင်လိုကြောင်း မက်ခရွန်က ဥရောပပါလီမန်၌ ပြောကြားခဲ့သည်။ မိမိနိုင်ငံ၏ ဒီမိုကရေစီစနစ်ကို ကာကွယ်ရန် ရွေးချယ်လိုက်သည့် မျိုးဆက်တစ်ရပ်ကိုသာ ပိုင်ဆိုင်လိုသည်ဟု ၎င်းက ဆိုသည်။

စထရာဘိုး၌ ၎င်းသည် မဲပေးသူများနှင့် စကားအချေအတင် ပြောဆိုဆွေးနွေးမှုများစွာ လုပ်ဆောင်လျက်ရှိပြီး မဲပေးကြသူများအား ဥရောပသမဂ္ဂနှင့် ပြန်လည်ရင်ကြားစေ့ရန် ရည်ရွယ်လျက် ထိုသို့လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂဆိုင်ရာ ပြည်တွင်းစစ်ဖြစ်လာနိုင်ဖွယ်ထင်မြင်ရကြောင်း မက်ခရွန်က သတိပေးခဲ့သည်။ အမျိုးသားရေးဝါဒနှင့် အတ္တကို ရှေ့တန်းတင်သည့် မူဝါဒကို ဦးစားပေးနေခြင်းကို ၎င်းက သဘောထားအမြင်ကျဉ်းမြောင်းမှုကို စွဲလမ်းနှစ်သက်နေခြင်းဟု ပြောဆိုကာ ဝေဖန်ရှုတ်ချလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပြင်သစ်နိုင်ငံ တူးလုစ်မြို့တွင် ဆူပူမှုများဖြစ်ပွားရာ ရဲတပ်ဖွဲ့က လူငယ် ၁၈ ဦးကို ထိန်းသိမ်းခဲ့

**ပါရီ မေ ၁၇**

ပြင်သစ်နိုင်ငံ တူးလုစ်မြို့မှ ဒေါသထွက်နေသော လူငယ်များသည် နှစ်ညတာပဋိပက္ခများအတွင်း ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း၊ ကားများကို မီးရှို့ခြင်း၊ အမှိုက်များကို မီးရှို့ခြင်းများ ပြုလုပ်ခဲ့သောကြောင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့ရာ ဆူပူသူလူငယ် ၁၈ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

တစ်ချိန်က ဂျီဟတ်အကြမ်းဖက်အဖွဲ့များ ခိုလှုံရာ ပြင်သစ်နိုင်ငံတောင်ပိုင်း မိုင်ရေးလ်မြို့တွင် ဖြစ်ပွားသော ပဋိပက္ခအတွင်း ဒေသခံတစ်ဦးသေဆုံးခဲ့ကြောင်းနှင့် ပဝါခြုံထားသော အမျိုးသမီးတစ်ဦးကိုလည်း သက်ဆိုင်ရာ အာဏာပိုင်များက စစ်ဆေးမေးမြန်းခဲ့ကြောင်း သိရသည်။

တနင်္ဂနွေညက လေးနာရီကြာ ဖြစ်ပွားခဲ့သော ပဋိပက္ခအတွင်း လူဆိုးဂိုဏ်းများက ဒေသခံရဲစခန်းကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခြင်း၊ ကား ၁၀ စီးကို မီးရှို့ခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ ပဋိပက္ခသည် တနင်္လာနေ့၌ နောက်တစ်ကြိမ်ပြန်ဖြစ်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့များက ဆူပူအကြမ်းဖက်သူ ၁၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ပက်စ်ကယ်မေဟော့စ်က ပြောခဲ့သည်။

၎င်းတို့ ဆူပူအကြမ်းဖက်ရခြင်းမှာ ဒေသခံတစ်ဦး ထောင်ထဲတွင် သေဆုံးခဲ့ခြင်းနှင့် သက်ဆိုင်မှုရှိကြောင်း သိရသည်။ အဆိုပါသေဆုံးမှုတွင် အစောင့်များ၏ ပယောဂမကင်းကြောင်း ကောလာဟလများ ထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့ ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး တရားရေးရာစုံစမ်းမှုများလည်း ပြုလုပ်နေကြောင်း ဒေသတွင်း အစိုးရရှေ့နေများက ပြောခဲ့သည်။

**အေအက်ဖ်ပီ**



# နိုင်ငံတကာ သတင်းတိုထွာ

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဂျပန်သို့ သွားရောက်ပြီး စီးပွားရေးကိစ္စဆွေးနွေးမည်

**ပေကျင်း ဧပြီ ၁၇**

နှစ်နိုင်ငံကြားရှစ်နှစ်ကြာမှ ကျင်းပမည့် ပထမဆုံးအကြိမ် အဆင့်မြင့်အရာရှိကြီးများစီးပွားရေးဆွေးနွေးပွဲအတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် လာမည့် တနင်္ဂနွေနေ့တွင် ဂျပန်သို့သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သုံးရက်ကြာဂျပန်ခရီးစဉ် ပထမရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

နောက်တစ်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် နှစ်နိုင်ငံ စီးပွားရေးဝန်ကြီးများနှင့်အတူ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ဝန်ကြီးအဆင့် နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၀ ခုနှစ်ကတည်းကမှ စကာ ရှစ်နှစ်ကြာပြီးနောက် ယခု ၂၀၁၈ ခုနှစ်မှ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် တရုတ်ဝန်ကြီးချုပ်လီခချန်း လာမည့် မေလတွင် ဂျပန်နိုင်ငံသို့ လာရောက်မည့် ခရီးစဉ်နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ ခေါင်းဆောင်နှစ်ဦးသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းတစ်သွယ်စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအပြင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆီးရီးယားအရေး အင်အားသုံးဖြေရှင်းမှုကို တရုတ် ကန့်ကွက်

**ဒမတ်စကတ် ဧပြီ ၁၇**

ဆီးရီးယားအပေါ် အင်အားသုံးဖြေရှင်းမှုကို ဆန့်ကျင်ကြောင်း တရုတ်နိုင်ငံက ဧပြီ ၁၄ ရက်တွင်ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေဘောင်အတိုင်း ပြုလုပ်ရန် တိုက်တွန်းလိုက်ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွင် အင်အားသုံးဖြေရှင်းမှုကို လုံးဝဆန့်ကျင်ကြောင်း၊ အချုပ်အခြာအာဏာ တည်တံ့ရေး၊ လွတ်လပ်ရေးနှင့် နိုင်ငံအားလုံး၏ ပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး လေးစားမှုရှိသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချူရင်က ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားအရေး ဖြေရှင်းရာ၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုထားသော တစ်ဖက်သတ် စစ်ဘက်ဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ထည့်သွင်းစဉ်းစားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ကုန်သွယ်ရေးဆိုင်ရာယှဉ်ပြိုင်မှုမှာ အထိမနာစေဖို့ TPP နဲ့ ပြန်လည်ချိတ်ဆက်ရန် အချိန်တန်ပြီလား

**ခြူးစန္ဒီနွေး**



Trans-Pacific Partnership လို့ အမည်ရတဲ့ နိုင်ငံစုံ ကုန်သွယ်ရေးသဘောတူညီမှုကနေ အမေရိကန်နုတ်ထွက်ဖို့ သမ္မတထရန့်က စီစဉ်ခဲ့ဖူးပါတယ်။ Trans-Pacific Partnership လို့ခေါ်တဲ့ ကုန်သွယ်ရေးသဘောတူညီမှုဟာ အမေရိကန်ရဲ့ အကျိုးစီးပွားအတွက် ရလဒ်ကောင်းတွေရလာမှာ မဟုတ်ဘူး၊ ဒါတင်မကသေးပါဘူး။ အမေရိကန်ကို ဒုက္ခတွင်းထဲဆွဲခေါ်မယ့် ကုန်သွယ်ရေးသဘောတူညီမှုတစ်ခုသာဖြစ်တယ်လို့ ထရန့်က သမုတ်ခဲ့ပါတယ်။

အချိန်တွေ ပြောင်းလဲလာတာနဲ့ အမျှ အခြေအနေတွေဟာလည်း ပြောင်းလဲလို့ လာပါတယ်။ ဒီလို ပြောင်းလဲမှုတွေထဲမှာ ထရန့်ရဲ့အယူအဆတွေလည်း ပါသွားပုံပါပဲ။ ဘာလို့လဲဆိုရင် တစ်ချိန်တုန်းက ထရန့် ပစ်ပစ်ခါခါ ပြောဆိုခဲ့တဲ့ Trans-Pacific Partnership ကုန်သွယ်ရေးသဘောတူညီမှုမှာအမေရိကန်ပြန်လည်ပါဝင်ဖို့ စဉ်းစားနေလို့ပါပဲ။

အမေရိကန်သမ္မတ ထရန့်ဟာ အမေရိကန်အနေနဲ့ Trans-Pacific Partnership မှာ ပြန်လည်ပါဝင်ဖို့ စဉ်းစားနေတယ်လို့ ကြာသပတေးနေ့ မနက်ပိုင်းမှာပဲ လယ်ယာကုန်ထုတ်လုပ်ငန်းတွေ အဓိကလုပ်ကိုင်နေတဲ့ ပြည်နယ်တွေက နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ပါတယ်။

**မူဝါဒတွေကို သံသယဝင်လာ**

အရင်တုန်းက Trans-Pacific Partnership ကုန်သွယ်ရေးသဘောတူညီမှုကို အန္တရာယ်တစ်ခုအဖြစ်ရှုမြင်ခဲ့ပေမယ့် ထရန့်ဘာကြောင့် အတွေးပြောင်းသွားရတာပါလဲ။ လက်ရှိအခြေအနေမှာတော့ ထရန့်ရဲ့ ကုန်သွယ်ရေးဗျူဟာဟာ အကျဉ်းအကျပ်အထဲမှာ ကျရောက်နေပြီး တရုတ်နဲ့ ကုန်သွယ်ရေးယှဉ်ပြိုင်မှုမှာလည်း ပိုမိုပြင်းထန်လို့လာပါတယ်။

ထရန့်ရဲ့ ကုန်သွယ်ရေးဗျူဟာကို အပြစ်မြင်ကြတာ အခြားလူတွေတင်မကပါဘူး။ ထရန့်ရဲ့ပါတီကတောင် သူ့ရဲ့မူဝါဒတွေကို သံသယဝင်လာပါတယ်။ ထရန့်ရဲ့ မူဝါဒတွေကြောင့် တရုတ်နဲ့ ယှဉ်ပြိုင်နေရတဲ့စီးပွားရေး ပြိုင်ပွဲမှာ အထိနာစေမှာကို စိုးရိမ်လာကြပါတယ်။ စတီးနဲ့အလူမီနီယံတို့အပေါ်မှာ အခွန်စည်းကြပ်ခဲ့ပြီး တရုတ်ပြည်က ကုန်ပစ္စည်းတွေအပေါ်မှာ အခွန်တွေ တိုးလိုက်တဲ့အပေါ်မှာ အမေရိကန်ရဲ့ စီးပွားရေးကို ပိုပြီး အထိနာစေမှာလားဆိုပြီး စိုးရိမ်လာကြတာပဲဖြစ်တယ်။

**ပူးပေါင်းလုပ်ဆောင်သင့်**

ထရန့်အစိုးရဟာ တရုတ်နဲ့ စီးပွားရေးမှာ ပြိုင်ဆိုင်နိုင်ဖို့ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုထိခိုက်စေမယ့် အခွန်စည်းကြပ်မှုတွေ လုပ်တာထက်စာရင် အခြားသော တိုင်းပြည်တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင် သင့်တယ်လို့လည်း ထင်မြင်လာကြတယ်။

ကုန်သွယ်ရေးမှာ ယှဉ်ပြိုင်နိုင်ဖို့ဆိုရင် ပစိဖိတ်ဒေသတွင်း နိုင်ငံ ၁၁ နိုင်ငံနဲ့အတူ လွတ်လပ်စွာ ကုန်သွယ်ရေးကို ဖော်ဆောင်မှသာအဆင်ပြေနိုင်လိမ့်မယ်လို့ ရီပတ်ဘလစ်ကန် အမတ်တစ်ဦး ဖြစ်တဲ့ ဘန်စက်စီက ပြောပါတယ်။ TPP လို့ခေါ်တဲ့ Trans Pacific Partnership စာချုပ်မှာ အမေရိကန်အပါအဝင် ၁၂ နိုင်ငံပါဝင်ပြီး အမေရိကန်သမ္မတ အိုဘားမားလက်ထက်မှာ စတင်ခဲ့ပါတယ်။

အလုပ်သမားသမဂ္ဂ အပါအဝင် အခြားသော အဖွဲ့အစည်းတွေက အဲဒီကုန်သွယ်ရေးသဘောတူညီမှုဟာ စီးပွားရေးလုပ်ငန်းတွေကို အခွင့်အရေးပေးလွန်းတယ်လို့ ဝေဖန်ခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ လက်ရှိသမ္မတ ထရန့်ရဲ့နိုင်ငံရေးပြိုင်ဘက်တစ်ဦးဖြစ်တဲ့ ဟီလာရီကလင်တန်ဟာလည်း မဲဆွယ်စည်းရုံးစဉ်ကာလမှာ ဒီသဘောတူညီမှုကို ဝေဖန်ခဲ့ပါတယ်။

မစ္စတာဒေါ်နယ်ထရန့် အမေရိကန်သမ္မတဖြစ်လာတဲ့အခါမှာတော့ သူပထမဦးဆုံးလုပ်ဆောင်ခဲ့တဲ့အရာဟာ TPP ကနေ နုတ်ထွက်ခဲ့တာပဲ ဖြစ်တယ်။

**စီးပွားရေးအထိနာမှာ စိုးရိမ်လာကြ**

ဒါဟာလည်း သူမဲဆွယ်စည်းရုံးစဉ်ကာလကပေးခဲ့တဲ့ ကတိတစ်ခုကိုစောင့်ထိန်းလိုက်တာပဲဖြစ်တယ်။ TPP ကနေ အမေရိကန်နုတ်ထွက်ပြီးတဲ့နောက်မှာတော့ ကျန်ရှိနေတဲ့ ၁၁ နိုင်ငံဟာသူတို့ဘာသာပဲ စာချုပ်ကို ဆက်လက်ရှင်သန်အောင်လုပ်ဆောင်ခဲ့ကြပါတယ်။ မတ်လအတွင်းကမှ နောက်ထပ်သဘောတူညီမှုတွေမှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

လယ်ယာထွက်ကုန်တွေကို တင်ပို့တဲ့ တင်ပို့သူတွေနဲ့ အခြားသောစီးပွားရေးလုပ်ငန်းရှင်တွေဟာ အမေရိကန်အနေနဲ့ စီးပွားရေးယှဉ်ပြိုင်ရာမှာ အထိနာလာမှာကို စိုးရိမ်လာကြပါတယ်။ ဒီလိုအကြောင်းတရားတွေကြောင့်လည်း သမ္မတထရန့်ဟာ TPP နဲ့ အတူ ပြန်လည်လက်တွဲဖို့ စဉ်းစားလာတာပဲဖြစ်တယ်။

TPP ကနေ နုတ်ထွက်တဲ့အကြောင်းရယ်၊ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုကနေ နုတ်ထွက်တဲ့ အကြောင်းတွေဟာ သမ္မတထရန့် မဲဆွယ်စည်းရုံးစဉ်ကာလက ပေးခဲ့တဲ့ ကတိတွေကြောင့်ပဲ ဖြစ်တယ်။ အဲဒီသဘောတူစာချုပ်တွေဟာ မမျှတတဲ့ ကုန်သွယ်ရေးကိုဖြစ်စေပြီး အမေရိကန်ရဲ့ ကုန်ထုတ်လုပ်မှုနဲ့ အလုပ်သမားထုကို ထိခိုက်စေတယ်လို့လည်း ထရန့်က ပြောခဲ့ပါတယ်။

**အကောင်းဆုံးနည်းလမ်းဖြစ်**

ကုန်သွယ်ရေးသဘောတူညီမှုနဲ့ ပတ်သက်ပြီး အိမ်ဖြူတော်မှာတော့ ဧပြီ ၁၃ ရက်နေ့အစောပိုင်းကတည်းက ဆွေးနွေးခဲ့ကြ တာဖြစ်ပြီး TPP အဖွဲ့ထဲကို ပြန်ဝင်ဖို့ရာနဲ့ ပတ်သက်ပြီး ရီပတ်ဘလစ်ကန် အမတ်တွေက မေးခွန်းထုတ်ခဲ့ကြပါတယ်။ တရုတ်နဲ့စီးပွားရေးအရ ယှဉ်ပြိုင်ဖို့ရာမှာတော့ TPP နဲ့ ပြန်လည်ဆက်သွယ်တာကသာ အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့လည်း ယူဆကြပါတယ်။

သမ္မတထရန့်ရဲ့စီးပွားရေးအကြံပေးဖြစ်သူ မစ္စတာ Larrly Kudlow နဲ့ သူ့ရဲ့ ကုန်သွယ်ရေးဆိုင်ရာ အကြံပေးဖြစ်တဲ့ ရောဘတ်လိုက်သီဇာတို့ဟာလည်း ထရန့်ကို TPP အဖွဲ့အတွင်းကို ပြန်လည်ဝင်ရောက်ဖို့ အကြံပေးတိုက်တွန်းခဲ့ကြပါတယ်။ဒါကြောင့်လည်းသမ္မတထရန့်က TPP နဲ့ ပြန်လည်ချိတ်ဆက်ဖို့ စဉ်းစားပေးမယ်လို့ သဘောတူခဲ့တာပဲ ဖြစ်တယ်။

TPP နဲ့သာ ပြန်လည်ချိတ်ဆက်မိမယ်ဆိုရင် များပြားလှစွာသော အမေရိကန်လုပ်ငန်းရှင်ရဲ့ ကံကြမ္မာမှာလည်း ကြီးမားတဲ့အပြောင်းအလဲတွေ ဖြစ်လာနိုင်ပါတယ်။ ထရန့်အရင် သမ္မတဖြစ်ခဲ့တဲ့ မစ္စတာအိုဘားမား အကောင်အထည်ဖော်ခဲ့တဲ့ TPP စာချုပ်ဟာဆိုရင် အမေရိကန်ရဲ့ စီးပွားရေးယှဉ်ပြိုင်မှုမှာ အထောက်အကူကောင်း ဖြစ်လာနိုင်ပါတယ်။

တကယ်လို့များ မစ္စတာထရန့် အနေနဲ့ TPP နဲ့အတူ ပြန်လည်လက်တွဲဖို့ဆုံးဖြတ်လိုက်ရင် လယ်သမားတွေဟာ ဂျပန်ကဲ့သို့သော ဈေးကွက်အသစ်တွေ ရရှိနိုင်မှာ ဖြစ်တယ်။ ဝါရှင်တန်မှာရှိတဲ့ ဂျုံလုပ်ငန်းဆိုင်ရာ အသင်းချုပ်ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ မိုက်ကယ်မေလ်လာကတော့ သမ္မတထရန့်အနေနဲ့ TPP နဲ့ ပြန်လည်လက်တွဲခဲ့မယ်ဆိုရင် ဩစတြေးလျနဲ့ ကနေဒါကလုပ်ငန်းတူတွေနဲ့ ယှဉ်ပြိုင်ရတော့မှာပဲဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

**ခန့်မှန်းဖို့ခဲယဉ်း**

တကယ်တမ်းကျတော့ Trans-Pacific Partnership လို့ခေါ်တဲ့ TPP အဖွဲ့ထဲကို ပြန်ဝင်ဖို့ဆိုတာလွယ်ကူရိုးရှင်းတဲ့ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး။ ရှုပ်ထွေးပြီး လုပ်ဆောင်စရာကိစ္စတွေလည်း အများကြီးရှိပါတယ်။

ဂျပန်အပါအဝင် အခြားသော အဖွဲ့ဝင်နိုင်ငံတွေဟာ အမေရိကန်မပါဘဲနဲ့ သူတို့ဘာသာသူတို့လည်း ရှေ့ဆက်နိုင်ပါတယ်။ စာချုပ်မှာပါဝင်တဲ့ ကတိကဝတ်တွေကိုလည်း လပေါင်းများစွာ အချိန်ယူပြီး ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ အမေရိကန်အနေနဲ့ TPP အဖွဲ့ထဲကို ပြန်လည်ပါဝင်နိုင်ဖို့ဆိုရင် ဆွေးနွေးညှိနှိုင်းစရာတွေ အများကြီးရှိနေဦးမှာလည်း အမှန်ပါပဲ။

နောက်ပြီးတော့ သမ္မတထရန့်အနေနဲ့ TPP ကို ပြန်ဝင်ဖို့ တကယ်ပဲ စိတ်ဝင်စားသလား၊ ဘယ်လောက်အတိုင်းအတာအထိ စိတ်ဝင်စားသလဲဆိုတာကိုလည်း ခန့်မှန်းဖို့ ခဲယဉ်းပါတယ်။ ရီပတ်ဘလစ်ကန် အမတ်အချို့ကတော့ TPP နဲ့ ပြန်လည်ချိတ်ဆက်ဖို့ ထရန့်ကို အားပေးလျက်ရှိကြပါတယ်။

စီးပွားရေးမှာ တရုတ်ကိုယှဉ်ပြိုင်နိုင်ဖို့ဆိုရင် ဒါဟာ နည်းလမ်းကောင်းဖြစ်လာမှာပါလို့လည်း ပြောကြပါတယ်။ သမ္မတထရန့်အနေနဲ့တော့ စီးပွားရေးယှဉ်ပြိုင်မှုမှာအထိမနာစေဖို့ နည်းလမ်းကောင်းတွေရှာဖွေဖို့ အချိန်တန်ပြီလို့လည်း တွေးတောကြည့်လို့ရပါတယ်။ ။**ကိုးကား-နယူးယောက်တိုင်းမ်**

# ပတ္တမြားရတု ဘိုးဘွားများ ပူဇော်ပွဲ

**ဒေါက်တာ တင်ထွန်း(ရူပဗေဒ)**

**မိခင် ဖခင်တို့၏အဖေကို အဖေကြီးဟု လည်းကောင်း၊ ဘကြီးဟုလည်းကောင်း၊ အဘိုးဟု လည်းကောင်း ခေါ်တတ်ကြ၍ အမေကိုအမေကြီးဟုလည်းကောင်း အဘွားဟုလည်းကောင်း၊ ဒေသအလိုက် ခေါ်တတ်ကြပါသည်။ ထိုဘကြီး၊ အမေကြီးတို့၏ အဖေကိုအဘိုးဟု လည်းကောင်း၊ အမေကို အဘွားဟု လည်းကောင်း ခေါ်ကြသည်ဟု သတ်မှတ်ထားပါသည်။ ထိုအဘိုး အဘွားတို့၏အဖေကို အဘေးဟု ခေါ်ကြ၍ အမေကိုမူ မည်သို့ခေါ်သည်ဟု လေ့လာသိရှိထားခြင်း မရှိသေးပါ။ မြန်မာနိုင်ငံရှိ ရောက်ဖူးသမျှသော ဘိုးဘွားရိပ်သာများကမူ ပြုစုစောင့်ရှောက်လုပ်ကျွေးမည့် ကျောထောက်နောက်ခံမရှိသော အသက် ၇၀ပြည့်ပြီး အမျိုးသားကြီးများကို အဘိုးဟုလည်းကောင်း၊ အမျိုးသမီးကြီးများကို အဘွားဟုလည်းကောင်း၊ သတ်မှတ်၍ လက်ခံစောင့်ရှောက်ကြပါသည်။**

မြန်မာနိုင်ငံတွင်မြန်မာနိုင်ငံသားထဲမှ ဘိုးဘွားရိပ်သာများကို စတင်တည်ထောင်သူမှာ ဒေါ်ဦးဇွန်းဖြစ်ပါသည်။ ဒေါ်ဦးဇွန်းသည် ၁၉၁၅ခုနှစ်တွင် မင်းကွန်းလူအိုရုံကိုစတင်တည်ထောင်ခဲ့ပါသည်။ အသက် ၉၀ ကျော် အဘိုးတစ်ဦး၊ အဘွားတစ်ဦးနှင့် အသက် ၈၀ ကျော် အဘွားတစ်ဦးတို့အား ပြုစုစောင့်ရှောက်ခြင်းဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ နောင်အခါတွင် လူအိုရုံမှ ဘိုးဘွားရိပ်သာဟု အမည်ပြောင်းလဲပေးခဲ့ပါသည်။ ဒေါ်ဦးဇွန်းသည် ၁၉၂၃ ခုနှစ်တွင် သထုံမြို့၌ သုဝဏ္ဏဘူမိ ဘိုးဘွားရိပ်သာကို လည်းကောင်း၊ ၁၉၂၉ ခုနှစ်တွင် ပေါင်းတည်ဘိုးဘွားရိပ်သာကို လည်းကောင်း၊ ၁၉၃၃ခုနှစ်တွင် ရန်ကုန်မြို့၌ နှင်းဆီကုန်းဘိုးဘွားရိပ်သာကို လည်းကောင်း၊ ၁၉၃၇ ခုနှစ်တွင် ပခုက္ကူဘိုးဘွားရိပ်သာကိုလည်းကောင်း အသီးသီးတည်ထောင်ခဲ့ပါသည်။ ဒေါ်ဦးဇွန်းသည် ၁၉၃၁ ခုနှစ်အသက် ၆၃ နှစ်အရွယ်တွင် သီလရှင်ဝတ်၍ သီလရှင်အမည်မှာ ဒေါ်သုမာလာဖြစ်ပါသည်။ အသက် ၇၆ နှစ်တွင် သီလရှင်ဝတ်ဖြင့်ပင် မင်းကွန်းဘိုးဘွားရိပ်သာ၌ ကွယ်လွန်ခဲ့ပါသည်။ ပရဟိတစိတ်မြင့်မားမှု၊ စေတနာ၊ မေတ္တာ၊ ကရုဏာကြီးမားမှုတို့ကြောင့် ဒေါ်ဦးဇွန်းအား နိုင်ငံတော်အစိုးရက တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့ပါသည်။

**မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းလင်းလျက်ရှိ**

ယခုအခါမြန်မာနိုင်ငံတွင် ခရိုင်အဆင့်ရှိမြို့ကြီးတိုင်းလိုမှာပင် ဘိုးဘွားရိပ်သာများ ရှိနေပြီဖြစ်ပါသည်။ ဒေါ်ဦးဇွန်း စတင် ထွန်းညှိပေးခဲ့သော ဘိုးဘွားများစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုပြုစုရေး အလင်းတိုင်များ မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းလင်းလျက်ရှိနေပြီလည်း ဖြစ်ပါသည်။ ဘိုးဘွားရိပ်သာရှိသော မြို့ကြီးများကိုရောက်တိုင်း ဘိုးဘွားရိပ်သာများကို သွားရောက်၍ လေ့လာဖြစ်ပါသည်။ လှူဒါန်းဖြစ်ပါသည်။ ရောက်ဖူးသမျှသော ဘိုးဘွားရိပ်သာများတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် အဘိုးအဘွားဦးရေ အများဆုံးဖြစ်ပါသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အဘိုး ၁၀၀ ခန့်နှင့် အဘွား ၁၅၀ ခန့် ရှိပါသည်။

ဘိုးဘွားများကို ဘာကြောင့်ပြုစုစောင့်ရှောက်ကြပါသလဲ။ အာဋာနာဋိယသုတ်တွင် မြတ်ဗုဒ္ဓက "အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဍာပစာယိနော၊ စတ္တာရောဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံဗလံ" ဟုဟောကြားထားပါသည်။ အဓိပ္ပာယ်မှာ အသက်သိက္ခာဂုဏ် ဝါကြီးမားသူများ၊ တစ်နည်းအားဖြင့် ဝယဝုဍ္ဍိဟူသောအသက်ကြီးခြင်း၊ ဂုဏဝုဍ္ဍိဟူသော ဂုဏ်ကြီးခြင်းတို့နှင့် ပြည့်စုံသောသူများအား အမြဲမပြတ် ပြုစုလေ့၊ စောင့်ရှောက်လေ့၊ ရှိခိုးလေ့၊ ပူဇော်လေ့၊ အရိုအသေပြုလေ့ရှိသူများမှာ အာယု-အသက်ရှည်ခြင်း၊ ဝဏ္ဏ- အဆင်းလှခြင်း၊ သုခ-ချမ်းသာခြင်း၊ ဗလ- ဗလငါးတန်နှင့် ပြည့်စုံခြင်းဟူသော အကျိုးတရားတို့သည် တစ်နေ့တခြား တိုးပွားကုန်၏ ဟုဆိုလိုကြောင်း မှတ်သားဖူးပါသည်။

**ဝယဝုဍ္ဍိဟူသော အသက်ကြီးခြင်း**

ဝယဝုဍ္ဍိဟူသော အသက်ကြီးခြင်းဆိုသည်မှာ မိမိထက် တစ်နေ့၊ တစ်မနက်၊ တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့်ပင်ကြီးစေကာမူ အသက်ကြီးသူပင်ဖြစ်ပါသည်။ ရိုသေပူဇော်ရမည်ဖြစ်ပါ၏။ ဂုဏဝုဍ္ဍိဟူသော ဂုဏ်ကြီးခြင်းဆိုသည်မှာ ရာထူးကြီးခြင်း၊ စည်းစိမ်ဥစ္စာ ကြွယ်ဝခြင်း၊ လောကီအတန်းပညာများပိုမိုတတ်မြောက်ခြင်းကို မဆိုလိုပါ။ သီလ၊ သမာဓိ၊ ပညာဟူသော လောကုတ္တရာဂုဏ်များနှင့် ပိုမိုပြည့်စုံခြင်းကိုသာ ဆိုလိုပါသည်။ ဥပမာ-ကိုရင်များ (ရှင်သာမဏေများ)၊ ဦးပဥ္စင်းများ (ရဟန်းများ)သည် မိမိတို့ထက် ဂုဏ်ကြီးကြပါ၏။ မိမိတို့ လူဝတ်ကြောင်များက ငါးပါးသီလသာ ပုံမှန်အားဖြင့်ထိန်းကြပြီး တစ်ခါတစ်ရံမှသာ ရှစ်ပါးသီလ၊ ကိုးပါးသီလကို ထိန်းကြသော်လည်း ရှင်သာမဏေများသည် ဆယ်ပါးသီလနှင့်သေခိယ ၇၅ ကိုနေ့စဉ်ထိန်းကြရသလို ရဟန်းတော်များကား ၂၂၇ သွယ်သော သိက္ခာပုဒ်ကို နေ့တိုင်းထိန်းကြရ၍ ဖြစ်ပါ၏။



ဓာတ်ပုံ-ကျော်သန်းဆွေ

အသက်သိက္ခာဂုဏ်ဝါကြီးမားသူများကို ပူဇော်လေ့ရှိသူတို့မှာ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလဟူသော အကျိုးတရားလေးပါးရသည်ဟု ဆိုထားရာ အပြန်အလှန်အားဖြင့် အသက်သိက္ခာဂုဏ်ဝါကြီးမားသူများကို မာန်မာနထောင်လွှား၍ ရိုင်းစိုင်းစွာ ပြောဆိုခြင်း၊ ဒေါသဖြင့် ကြမ်းတမ်းစွာပြောဆိုခြင်း၊ ဆဲရေးခြင်း၊ မတရားနိုင်ထက်စီးနင်းခိုင်းစေခြင်းတို့ကို ပြုသောသူများမှာ အသက်တိုခြင်း၊ အရုပ်ဆိုးခြင်း၊ ဆင်းရဲခြင်း၊ ဗလငါးတန်ပျက်စီးခြင်းတို့နှင့် ကြုံကြရပေမည်။ အတိတ်ကံများထောက်ပံ့၍ ယခုဘဝမကြုံရခဲ့လျှင်လည်း နောင်ဘဝများမှာ သေချာပေါက်ကြုံကြရပေတော့မည်။ အပြစ်ကြွေး၊ အကုသိုလ်ကြွေးများတင်၍ နေပါလေတော့မည်။ အပြစ်ကြွေးတင်ပါက ကာယကံရှင် ကျေနပ်အောင် ပြန်လည်ကန်တော့မှသာ ကျေမည်ဖြစ်ပါ၏။

ဘိုးဘွားများသည် အသက် ၇၀ ပြည့်ပြီဖြစ်၍ အသက် ၇၀ မပြည့်သေးသူများထက် ဝယဝုဍ္ဍိဖြစ်သည်မှာ သေချာနေပေပြီ။ ထို့ပြင် ဘိုးဘွားရိပ်သာ၌ ဘိုးဘွာများသည် နေ့စဉ်အချိန်ဖြင့် ဘုရားဝတ်ပြုခြင်း၊ ဝတ်ရွတ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်ရပြီးဥပုသ်နေ့များတွင် ဥပုသ်စောင့်ခြင်းများလည်း ပြုလုပ်ကြရသည်ဖြစ်၍ ဂုဏဝုဍ္ဍိဂုဏ်ဖြင့်လည်း ပြည့်စုံနေကြပါပြီ။ သို့ဖြစ်၍လည်း ဘိုးဘွားများအားပြုစုခြင်း၊ စောင့်ရှောက်ခြင်း၊ ပူဇော်ခြင်းများကို ပြုလုပ်ကြရခြင်းဖြစ်ပါ၏။

**ဉာဏ်စဉ်တက်စေ မည်ဖြစ်**

မြတ်ဗုဒ္ဓသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီး လေးပါးကိုမြင်ပြီး တောထွက်တရားရှာခြင်းဖြစ်ရာ ဘိုးဘွားရိပ်သာသို့သွား၍ ဘိုးဘွားများကိုပူဇော်ပါက သူအိုနှင့်သူနာဟူသော နိမိတ်နှစ်ပါးကို သေချာပေါက်တွေ့ရမည်ဖြစ်၍ မိမိတို့လည်းတစ်နေ့ ဤသို့အိုရဦး၊ နာရဦးမည်ပါတကားဟု သံဝေဂဉာဏ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ သံဝေဂဉာဏ်ဖြစ်ပေါ်ပါက ငယ်ရွယ်သူတို့မှာ ပညာတတ်ခြင်း၊ ရာထူးကြီးခြင်း၊ ရုပ်အဆင်းလှခြင်း၊ အခြွေအရံပေါများခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ငွေကြေးချမ်းသာကြွယ်ဝခြင်းတို့ကြောင့် ဖြစ်ပေါ်တတ်သည့် ထောင်လွှားသောမာန၊ ထန်ပြင်းသော ဒေါသတို့ လျော့ပါးသွားပြီး အလုပ်ခွင်မှာလည်း အဆင်ပြေ၊ ပေါင်းသင်းဆက်ဆံရေးမှာလည်း ချောမော၊ တရားဘာဝနာပွားများရာမှာလည်း ဉာဏ်စဉ်တက်စေမည်ဖြစ်ပါသည်။

ယခုအခါရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ကျေးရွာအလိုက် သက်ကြီးပူဇော်ပွဲများ၊ ဘိုးဘွားများပူဇော်ပွဲများ ဆောင်ရွက်လျက်ရှိကြရာ အပြစ်ကြွေးကျေဖို့နှင့် ဘိုးဘွားများ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကို ပူဇော်ကြခြင်းပင်ဖြစ်ပါသည်။ ပူဇော်ကြသည်ဟုဆိုရာမှာလည်း ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ခြင်းဟူသော အာမိသပူဇာနှင့် ဆုံးမသည့်အတိုင်းလိုက်နာ၍ ပြောဆို၊ ပြုမူဆောင်ရွက်ခြင်းဟူသော ဓမ္မပူဇာဟူ၍ နှစ်မျိုးရှိရာ အများအားဖြင့် အာမိသပူဇာဖြင့် ပူဇော်မှုသာများနေသည်ကိုလည်း တွေ့ရပါသည်။ မည်သို့ ပူဇော်သည်ဖြစ်စေ အသက်ကြီးသူများကို ပြုစုစောင့်ရှောက်ပူဇော်၍ ချမ်းသာစေသော ကုသိုလ်ကြောင့် မိမိတို့ကိုယ်တိုင်လည်း အသက်ကြီးပါက ပြုစု၊ ပူဇော်ခံရ၍ ချမ်းသာစွာနေရခြင်းအကျိုးကို ယခုဘဝမှာပင် ရနိုင်သလို နောင်ဘဝများမှာလည်း ရနိုင်သည်ဟူသော ကံ၊ ကံ၏အကျိုးကို ယုံကြည်ကြ၍လည်း သက်ကြီးဘိုးဘွားများကို ပူဇော်ကြခြင်းဖြစ်ပါပေမည်။ အသက် ကြီးမှ ဒုက္ခနှင့်ကြုံတွေ့ရခြင်းသည် ပို၍ကြောက်စရာကောင်းသည် မဟုတ်ပါလော။

၃၁-၃-၂၀၁၈ ရက်နေ့က အမှတ်(၁) ဒေသကောလိပ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ်(၁၉၇၆-၁၉၉၆) ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် ဆရာကန်တော့ပွဲသို့ အပူဇော်ခံသွားရောက်ခဲ့ပါသည်။ ထိုနေရာသည် ယခင်က သက်ကြီးတက္ကသိုလ်ဟု လည်းကောင်း၊ လုပ်သားများကောလိပ်ဟု လည်းကောင်း အမည်များဖြင့် တက္ကသိုလ်ပညာရှာမှီးသူဝန်ထမ်းများအား ညဘက်ပညာသင်ကြားရာနေရာဖြစ်ခဲ့ပြီး ၁၉၇၆-၁၉၇၇ ပညာသင်နှစ်မှစ၍ အမှတ်(၁) ဒေသကောလိပ်(ရန်ကုန်)ဟု လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ) ဟု လည်းကောင်း၊ ဗိုလ်တထောင်ကောလိပ်ဟု လည်းကောင်း အမည်များဖြင့် ၁၉၉၆ ခုနှစ်အထိ နေ့ကျောင်းသားများအား ပညာသင်ကြားပေးရာနေရာဖြစ်ခဲ့ပါသည်။ ယခုအခါ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်အဖြစ် ဆက်လက်၍ တက္ကသိုလ်ပညာရပ်များကို ပို့ချပေးလျက်ရှိသောနေရာလည်း ဖြစ်ပါသည်။

**အလွန် ပီတိဖြစ်စရာကောင်းလှ**

ကျောင်းသား ကျောင်းသူဟောင်းများသည် ၂၀၁၂ ခုနှစ်မှစ၍ နှစ်မခြားဘဲ နှစ်စဉ်အာစရိယပူဇော်ပွဲကို ဆောင်ရွက်ခဲ့ရာ ယခု နှစ် သတ္တမအကြိမ်တွင် အပူဇော်ခံဆရာ ဆရာမ ၃၀၀ ကျော်ကို ဖိတ်ကြားခြင်း၊ ပူဇော်ကန်တော့ခြင်း၊ ကျွေးမွေးပြုစုခြင်းတို့ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရ၍ အလွန် ချီးမွမ်းမိပါသည်။ ထို့အပြင် ဆရာကြီး ဆရာမကြီးများအတွက် လူမှုအကျိုးပြုအဖွဲ့နှင့် ပညာဒါနသင်ကြားရေးအဖွဲ့တို့ပါ ဆင့်ကဲ ဖွဲ့စည်း၍ တက်ကြွစွာ ဆောင်ရွက်နေသည်မှာ အလွန် ပီတိဖြစ်စရာကောင်းလှပါသည်။

ကျွန်တော်သည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလတွင် အမှတ်(၁) ဒေသကောလိပ်(ရန်ကုန်)သို့ တက္ကသိုလ်ဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ရန်ကုန်သို့ တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ) ကာလအထိ ၁၂ နှစ်ကြာ ဤနေရာ၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်၏ တက္ကသိုလ်ဆရာဘဝ ၃၈ နှစ်မှာ အကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သော နေရာလည်းဖြစ်ပါသည်။ ဤတက္ကသိုလ်နယ်မြေသည် ဗိုလ်တထောင်ဘုရားနှင့် နီးသည့်အတွက် ၁၉၇၈ ခုနှစ်မှာပင် ဘာသာရေးကိုင်းရှိုင်းသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ဗိုလ်တထောင်ဘုရား တနင်္လာတံမြက်လှဲအသင်းကို တည်ထောင်ကြ၍ တနင်္လာနေ့နံနက်တိုင်း ဗိုလ်တထောင်ဘုရားမှာ တံမြက်စည်းလှဲကြပါသည်။ ထို့နောက်ဥပုသ်နေ့များတွင် ဗိုလ်တထောင်ဘုရားဝင်းအတွင်းရှိ ဆိပ်ကမ်းဓမ္မာရုံကြီးမှာ ဝတ်ရွတ်ပူဇော်မှုပါ ပြုကြဖြင့် အသင်းအမည်ကို တနင်္လာသန့်ရှင်းရေးနှင့် ဝတ်အသင်းဟူ၍ ပြောင်းလဲ၍ ခေါ်ခဲ့ပါသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ဖြစ်သွားသည့်အခါ အသင်းကိုရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင် နယ်မြေ) ဗုဒ္ဓဘာသာအသင်းဟူ၍ ပိုမိုကျယ်ပြန့်စွာ ဖွဲ့စည်းခဲ့ပါသည်။

**ပတ္တမြားရတု ဘိုးဘွားများ ပူဇော်ပွဲပင်ဖြစ်**

၁၉၇၈ ခုနှစ်မှာ အသင်းဖွဲ့စည်းပြီးနောက် ၁၉၇၉ခုနှစ် ဧပြီလ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)မှာ အသင်းဝင်ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ဖြင့် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ဘိုးဘွားရိပ်သာအတွင်းအပြင် သန့်ရှင်းရေးလုပ်ပေးခြင်း၊ ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ လက်သည်းခြေသည်းညှပ်ပေးခြင်း၊ ဘိုးဘွားရိပ်သာအတွက် လိုအပ်သော ပစ္စည်းများလှူဒါန်းခြင်း၊ ငွေပဒေသာ ပင်စိုက်ထူခြင်း၊ ဘိုးဘွားတစ်ဦးချင်းအား ငွေသားဖြင့် ပူဇော်ခြင်း၊ ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ ထိုနေ့ ကုသိုလ်ကောင်းမှုအစုစုအတွက် သံဃာတော်ငါးပါးပင့်၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကိုဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၇၉ ခုနှစ်မှစ၍ နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့တိုင်း နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ဘိုးဘွားများအား ပူဇော်ခြင်းကို မပျက်မကွက်ဆောင်ရွက်ခဲ့သည်ဖြစ်၍ ယခုနှစ် ၂၀၁၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့သည် အကြိမ် ၄၀ မြောက် ပတ္တမြားရတု ဘိုးဘွားများပူဇော်ပွဲပင် ဖြစ်ပါသည်။

အမှတ် (၁) ဒေသကောလိပ်(ရန်ကုန်)သည် လည်းကောင်း ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)သည် လည်းကောင်း၊ ဗိုလ်တထောင်ကောလိပ်သည် လည်းကောင်း ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် မရှိတော့ပါ။ သို့သော် ဤတက္ကသိုလ်နယ်မြေတွင် ကျင်လည်ခဲ့သော ကုသိုလ်ရေးကို အလေးထားမြတ်နိုး ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် မြန်မာနှစ်ဆန်း တစ်ရက်နေ့တိုင်း နံနက် ၉ နာရီအရောက် နှင်းဆီကုန်းဘိုးဘွား ရိပ်သာသို့ သွားရောက်ပြီးလျှင် ဘိုးဘွားများပူဇော်ပွဲကို အတူတကွ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြစ်၍ ဤတက္ကသိုလ်နယ်မြေမှ ကျောင်းသားဟောင်းများအနေဖြင့် စုပေါင်းကုသိုလ်ပြုသော ပွဲများတွင် အကြိမ်အများဆုံး ကျင်းပနိုင်သောပွဲလည်း ဖြစ်ပါသည်။ ဆရာ ဆရာမများအနေဖြင့်လည်း ဆရာကန်တော့ပွဲကိုသွားလျှင် တပည့်များကို ကုသိုလ်ပေးသောပွဲဖြစ်၍ ဤဘိုးဘွားများ ပူဇော်ပွဲသို့လာလျှင် တပည့်များနှင့်အတူ ကိုယ်တိုင်ကုသိုလ်ယူသော ပွဲလည်းဖြစ်ပါသည်။

**ကုသိုလ်ကောင်းမှုအသစ်တို့ဖြင့် စတင်လျှောက်လှမ်း**

ဘိုးဘွားများပူဇော်ပွဲကို ဘာကြောင့်မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို ရွေးရပါသလဲဆိုလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ နှစ်ဟောင်းမှစိတ်အညစ်အကြေး၊ ကိုယ်အညစ်အကြေး၊ အကုသိုလ်အညစ်အကြေးများကို ချေးချွတ်ကင်းစင်စေပြီး နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ ကုသိုလ်ကောင်းမှုအသစ်တို့ဖြင့် စတင်လျှောက်လှမ်းလေ့ရှိကြပါသည်။ အထူးသဖြင့်နှစ်ဆန်းတစ်ရက်နေ့မှာ မိမိထက်အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူ ဘိုးဘွားများအား ပူဇော်ခြင်းကုသိုလ်ထူးဖြင့် နှစ်သစ်ကိုဖွင့်လှစ်လေ့ရှိပါသည်။ ဤမြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းသိမ်းလို၍လည်း နှစ်ဆန်းတစ်ရက်နေ့မှာ ဘိုးဘွားများပူဇော်ခြင်းကို ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ အမှတ်(၁) ဒေသကောလိပ်၊(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ်တို့တွင် ကျင်လည်ခဲ့ဖူးသည့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဤတက္ကသိုလ်နယ်မြေတွင် မကျင်လည်ဖူးသော်လည်း ကုသိုလ်ရေးတွင် ဝါသနာထုံသော သူတော်ကောင်းအပေါင်းတို့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာနိုင်ငံထဲမှာပင်ရှိသည် ဆိုပါက ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်၍ ဘိုးဘွားများအား ပူဇော်ခြင်းဟူသော ကုသိုလ်အထူးကို နှစ်ဦးမှာ ရယူခြင်းဖြင့် ပထမအကြိမ် ပတ္တမြားရတုမှသည် ဒုတိယအကြိမ် ပတ္တမြားရတုသို့ ရောက်အောင် ကုသိုလ်လမ်းကို အတူတကွ လျှောက်လှမ်းကြပါစို့ဟု နှိုးဆော်တင်ပြအပ်ပါသည်။ ။

**"ဘိုးဘွားများပူဇော်ပွဲကို ဘာကြောင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို ရွေးရပါသလဲဆိုလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ နှစ်ဟောင်းမှ စိတ်အညစ်အကြေး၊ ကိုယ်အညစ်အကြေး၊ အကုသိုလ်အညစ်အကြေးများကို ချေးချွတ်ကင်းစင်စေပြီး နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ ကုသိုလ်ကောင်းမှုအသစ်တို့ဖြင့် စတင်လျှောက်လှမ်းလေ့ရှိ"**

# ကရုဏာပျိုးပင်လေးများ (သို့မဟုတ်) မူလတန်းကျောင်း ကြက်ခြေနီ

ဒေါက်တာဖြူဖြူအေး



မူလတန်းဖတ်စာထဲက ပုံပြင်တစ်ပုဒ်ကို ကျွန်မတို့ မှတ်မိကြပါသည်။ သရက်ပင်စိုက်ပျိုးနေသော အဘိုးအို။ ပုံပြင်၏အကျဉ်းချုပ်မှာ အဘိုးအိုသည် သရက်ပင် ပျိုးပင်ကလေးကို စိုက်ပျိုးနေခြင်းမှာ မိမိစားသုံးရန်မဟုတ်၊ နောင်လာနောက်သားများ စားသုံးကြစေလိုသောစေတနာဖြင့် စိုက်ပျိုးခြင်း ဖြစ်သည်ဆိုသောပုံပြင် ဖြစ်ပါသည်။ အသက်အရွယ်အရ ဘဝအတွေ့အကြုံအချို့ကို ဖြတ်သန်းရသောအခါ အပြိုင်အဆိုင်များလှသော ယနေ့ခေတ်ကြီးထဲတွင် အဘိုးအိုကဲ့သို့လူစားမျိုး ရှိနေဆဲဖြစ်သည်ကို တွေ့ရသည်။ မျက်မှောက်ကာလ မိမိ၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ အနာဂတ်ကာလ နှောင်းလူတို့အတွက် ရည်ရွယ်သော ၎င်းတို့၏ လုပ်ရပ်များနှင့် နောက်ကွယ်မှ စေတနာကောင်းတို့ကို နှစ်သက်စွာ လေးစားမိပါသည်။ ရှားတော့ ရှားသည်။ သို့သော်လည်း ဤကဲ့သို့သောလူများ တကယ်ရှိပါသည်။ သူတို့ကို မြင်တိုင်း၊ သူတို့အကြောင်း ကြားသိရတိုင်း သရက်ပျိုးပင်ကလေးဘေးက သျှောင်တစောင်းနှင့် အဘိုးအိုကို မြင်ယောင်မိသည်။ မြင့်မြတ်သော စေတနာတရားတို့ကိုလည်း မြတ်နိုးစိတ်ဖြင့် ကြည်ညိုမိပါသည်။

**ကြက်ခြေနီ၏အစ**

မိမိ၏အကျိုးစီးပွားကို ငဲ့ကွက်ခြင်းမရှိ၊ အတိဒုက္ခ ရောက်နေကြသူများအား အချိန်၊ ငွေနှင့် လူအင်အားများ စိုက်ထုတ်ကာ ကူညီပံ့ပိုး၍ ဆောင်ရွက်ပေးသည်ကို 'လူမှုကရုဏာလုပ်ငန်း' ဟု အမည်တပ်မည်ဆိုပါက မှားမည်မထင်။ ကြက်ခြေနီ၏ ကရုဏာရှေ့ထားသော စိတ်ဓာတ်ကို စတင်ဖော်ထုတ်နိုင်ခဲ့သူမှာ 'ဟင်နရီဒူးနန့်' ပင်။ တကယ်တော့ သူသည် စီးပွားရေးသမားတစ်ဦးသာ ဖြစ်ခဲ့သည်။ စီးပွားရေးကိစ္စအတွက် လုံးပန်းရင်း မမျှော်လင့်ဘဲ 'ဆိုဖာရီနို' စစ်ပွဲသို့ ရောက်သွားခဲ့သည်။ စစ်၏ အနိဋ္ဌာရုံများကို နဖူးတွေ့ဒူးတွေ့ ခံစားရင်း သွေးပျက်ဖွယ်အာရုံများ၊ အတိဒုက္ခ ဆင်းရဲမှုများသည် သူ၏ ကရုဏာစိတ်မြတ်ကို လှုပ်နှိုးသကဲ့သို့ ရှိသည်။

ကရုဏာစိတ်၏ စေ့ဆော်မှုဖြင့် သူသည် ကုန်သည်တစ်ဦးအဖြစ်မှ ရုတ်ချည်း ပြောင်းလဲသွားသည်။ စစ်ပွဲအတွင်း ထိခိုက်ဒဏ်ရာရသူများကို ကိုယ်တိုင်ကိုယ်ကျ ပြုစုသည်။ ပစ္စည်းဥစ္စာဖြင့် ပံ့ပိုးပေးသည်။ ဤမျှဖြင့် အားမရနိုင်သေး။ ထက်သန်သောစိတ်စေတနာ၏ တွန်းအားဖြင့် ဤလုပ်ငန်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရှေ့သို့လှမ်းခဲ့သည်။ စိတ်တူ သဘောတူသူတို့ကို စည်းရုံးကာ အဖွဲ့တစ်ဖွဲ့ဖြစ်လာအောင် ကြံရွယ်ခဲ့သည်။

**ငါးဦးမှသည် သန်းချီသောအင်အား**

ယနေ့ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် အဖွဲ့ဝင်သန်းနှင့်ချီ၍ရှိနေသော ကြက်ခြေနီ လခြမ်းနီ အသင်းများကို ကနဦးအစတွင် ဟင်နရီဒူးနန့် အပါအဝင် ငါးဦးဖြင့် စတင်ခဲ့သည်မှာ အံ့သြစရာ ဖြစ်သကဲ့သို့ အံ့သြစရာလည်း မဟုတ်ပါချေ။ အံ့သြစရာဖြစ်ရသည်မှာ ငါးဦးမှသည် သန်းချီသော အင်အားအထိ တိုးတက်များပြားလာအောင် စည်းရုံးနိုင်သော စွမ်းရည်ဖြစ်၏။

အံ့သြစရာမဟုတ်သည်ကို အနည်းငယ် ရှင်းပြပါရစေ။ လူဆိုသောသတ္တဝါသည် သဘာဝနှစ်မျိုး ရှိကြောင်း ဆုံးမဩဝါဒများတွင် မှတ်သားခဲ့ဖူးပါသည်။ ယင်းသဘာဝနှစ်မျိုးမှာ ဆန့်ကျင်ဘက် အကောင်းသဘာဝနှင့် အဆိုးသဘာဝများဟု ဆိုပါစို့။

အကောင်းသဘာဝသည် စာနာသော၊ နူးညံ့သိမ်မွေ့သော၊ ယဉ်ကျေးသော၊ ထိုထက်ပို၍လျှင် မေတ္တာ၊ စေတနာနှင့် ကရုဏာတရားတို့ ပြည့်လျှမ်းသော သဘာဝဖြစ်သည်။ တစ်နည်းအားဖြင့် မြင့်မြတ်သောသဘာဝ။ ဤသဘာဝသည် လူ၏ ဗီဇတွင် တည်ရှိပြီးဖြစ်ရာ ပတ်ဝန်းကျင်ကောင်း (သို့မဟုတ်) ပတ်ဝန်းကျင်စေ့ဆော်မှု တစ်ခုခုနှင့် တွေ့ထိလိုက်ချိန်တွင် အလိုလို နိုးထလာပါသည်။ မြင့်မြတ်သောစိတ်တို့ဖြင့် မေတ္တာ၊ ကရုဏာ ရှေ့ထားကာ အပြောအဆို အပြုအမူတို့ ပြောင်းလဲလာတတ်သည်။

ဟင်နရီဒူးနန့်နှင့် အဖွဲ့သည်လည်း မိမိတို့၏ ကရုဏာစိတ်များကို ဖော်ထုတ်ကာ ကရုဏာလုပ်ငန်းများကို မီးရှူးတန်ဆောင်ပြခဲ့ခြင်းဖြင့် ကမ္ဘာ့လူသားများ၏ ကရုဏာစိတ်တို့ကို လက်ဆင့်ကမ်း လင်းလက်စေခဲ့ခြင်း ဖြစ်ပါသည်။

'ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်' ဟူသောရည်ရွယ်ချက်ဖြင့် ကမ္ဘာတစ်ဝန်းရှိ ရည်ရွယ်ချက်တူမျှသော ကရုဏာရှင်များ ပူးပေါင်းပါဝင်ကာ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကြက်ခြေနီ၊ လခြမ်းနီ အသင်းများ ပေါ်ပေါက်လာခဲ့သည်။

**ကရုဏာပျိုးပင်ကလေးများ**

ယနေ့ကာလသည် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှု အလွန်လျင်မြန်သောကာလ ဖြစ်၏။ ရုပ်ဝတ္ထုပစ္စည်းတိုးတက်မှု များလေလေ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု လိုအပ်လေလေဟု ဆိုပါက ငြင်းနိုင်ဖွယ်မရှိပါ။ လူသားအချင်းချင်း ကရုဏာတရားဖြင့် ဖေးမကူညီသော စိတ်ပိုင်းဆိုင်ရာ တိုးတက်သည့် ပတ်ဝန်းကျင်မျိုးကို ယနေ့ကာလတွင် လိုအပ်လျက်ရှိပါသည်။ ဤသို့ဆိုလျှင် အနာဂတ်ကာလအတွက် ကျွန်မတို့သည် ကရုဏာပျိုးပင်ကလေးများကို လိုအပ်မည်မှာ မလွဲမသွေဖြစ်၍ ပစ္စုပ္ပန်ကာလကတည်းက ပျိုးထားမှ ဖြစ်ပေလိမ့်မည်။ အနာဂတ်ကာလအတွက်ဟု ဆိုလျှင် အနာဂတ်တွင်ဦးဆောင်မည့် ကလေးငယ်များအား ငယ်စဉ်ကာလကတည်းက နှလုံးသားဝယ် ကရုဏာတရားရှိစေရန် ပျိုးထားခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆောင်ရွက်ရန် ကျွန်မတို့အားလုံးတွင် တာဝန်ရှိသည်ဟုလည်း ခံယူပါသည်။

မြန်မာနိုင်ငံတွင် အသက်ငါးနှစ်မှ ၁၀ နှစ်အထိ အရွယ်သည် မူလတန်းကျောင်းသားအရွယ် ဖြစ်သည်။ မိသားစုဘဝထဲမှသည် သက်ရွယ်တူများ စုဝေးရာ စာသင်ကျောင်းသို့ စတင်ဝင်ရောက်ချိန် ဖြစ်သည်။ သင်ကြားမှု၊ လေ့လာမှုတွင် အလွန်ထက်မြက်ချိန်၊ အရာရာကို စူးစမ်းလေ့လာ အတုခိုးတတ်သည့်အချိန်၊ တစ်နေ့တာကာလ၏ တစ်ဝက်မျှကို စာသင်ကျောင်းတွင် ကုန်ဆုံးချိန်၊ ဆရာ ဆရာမတို့ကို စံပြပုဂ္ဂိုလ်များအဖြစ် နမူနာထားသည့်အချိန် ဖြစ်ပါသည်။

ဤကာလသည် အလေ့အကျင့်ကောင်းများ ဖန်တီးရန် အကောင်းဆုံးအချိန် ဖြစ်သည်။ ထို့အတူ စိတ်ဓာတ်ကောင်းများကို လေ့ကျင့်ပေးရန်၊ ပျိုးထောင်ပေးရန် အကောင်းဆုံးအချိန်လည်း ဖြစ်ပါသည်။ အဆိုပါ အားသာချက်များကို အမိအရဖမ်းဆုပ်ကာ ဥယျာဉ်မှူးနှင့်တူသော ဆရာ ဆရာမတို့၏ သင်ကြားမှုစွမ်းရည်၊ စေတနာများနှင့် ပေါင်းစပ်လိုက်ပါက လှပသော ကရုဏာပျိုးပင်ကလေးများ ရရှိမည်မှာ မလွဲပင်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လွန်ခဲ့သောနှစ်အနည်းငယ်က 'မူလတန်းကျောင်း ကြက်ခြေနီ' စီမံချက်ကို ချမှတ်ဆောင်ရွက်ပါသည်။ စတင်ဆောင်ရွက်ပြီဟု သတင်းကောင်း ကြားခဲ့ရဖူးပါသည်။ ယခုထက်ပို၍ တိုးတက်ပြန့်ပွားစေလိုပါသည်။

နိုင်ငံတော်က ကျောင်းသားလူငယ်များအား အားထား မြေတောင်မြှောက်ပေးနေသည့် ယနေ့ခေတ်တွင် မူလတန်းကျောင်းများ၌ ကရုဏာပျိုးပင်ကလေးများအဖြစ် တစ်ပါတည်းထည့်သွင်း မြေတောင်မြှောက်ပေးခြင်းဖြင့် အနာဂတ်တွင် ငြိမ်းချမ်းရေးကို သူတို့က ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ရာ ကရုဏာပျိုးပင်ကလေးများ ပျိုးထောင်နိုင်ပါစေကြောင်းနှင့် ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ပါစေကြောင်း အလေးအနက် ဆန္ဒပြု တိုက်တွန်းလိုက်ရပါသည်။ ။

**"အသက်ငါးနှစ်မှ ၁၀ နှစ်အထိ အရွယ်သည် မူလတန်းကျောင်းသားအရွယ်ဖြစ်သည်။ မိသားစုဘဝထဲမှသည် သက်ရွယ်တူများစုဝေးရာ စာသင်ကျောင်းသို့ စတင်ဝင်ရောက်ချိန်ဖြစ်သည်။ သင်ကြားမှု၊ လေ့လာမှုတွင် အလွန်ထက်မြက်ချိန်၊ အရာရာကို စူးစမ်းလေ့လာ အတုခိုးတတ်သည့်အချိန်၊ တစ်နေ့တာကာလ၏ တစ်ဝက်မျှကို စာသင်ကျောင်းတွင် ကုန်ဆုံးချိန်၊ ဆရာ ဆရာမတို့ကို စံပြပုဂ္ဂိုလ်များအဖြစ် နမူနာထားသည့်အချိန် ဖြစ်သည်။ ဤကာလသည် အလေ့အကျင့်ကောင်းများဖန်တီးရန် အကောင်းဆုံးအချိန်ဖြစ်သည်။ ထို့အတူ စိတ်ဓာတ်ကောင်းများကို လေ့ကျင့်ပေးရန်၊ ပျိုးထောင်ပေးရန် အကောင်းဆုံးအချိန်လည်း ဖြစ်ပါသည်"**

## ထီးလင်း၌ အသိပညာပေးဟောပြော

**ထီးလင်း ဧပြီ ၁၇**

ကျေးလက်နေပြည်သူများ အသိဉာဏ်ပညာ စာပေဗဟုသုတ အစဉ်တိုးပွားလာစေရေးအတွက် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ညောင်ပေါင်းကျေးရွာ စာသင်ကျောင်း၌ ဧပြီ ၁၃ ရက်က အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးကျော်မြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးတို့ကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင် (၃) ဦးတင်ရွှေက အသိပညာအတွက် စာပေလေ့လာဖတ်ရှုကြရေးကိုလည်းကောင်း၊ ခတ်ပုံ ကျွမ်းကျင်(၂) ဦးလှမောင်က မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်း ရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါ သည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါး ထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီ ကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန် ရောင်ခြည်ကို (၉၉ %)အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြု ဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဒီးမော့ဆိုမြို့နယ်၌ ဘိလပ်မြေစက်ရုံ တည်ဆောက်ရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး



**လွိုင်ကော် မေ ၁၇**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း ညီညာစွမ်းအားလုပ်ငန်းစုကုမ္ပဏီလီမိတက်က ဘိလပ်မြေစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆောင်ရွက်ရန် လျာထားခဲ့မှုနှင့်ပတ်သက်၍ ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာကိုယ်စားလှယ်များသည် သက်ဆိုင်ရာကုမ္ပဏီ၏ အစီအစဉ်ဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ အဆင့်မြင့် ဘိလပ်မြေစက်ရုံသို့ မတ်လအတွင်းက သုံးရက်ကြာ သွားရောက်လေ့လာခဲ့ရာ အဆိုပါ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် မေ ၁၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးရာတွင် ညီညာစွမ်းအားလုပ်ငန်းစု(Squre Power Group)ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကျိုက်မရောမြို့နယ်ရှိ အဆင့်မြင့်ဘိလပ်မြေစက်ရုံသို့ သွားရောက်လေ့လာခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီးနောက် သွားရောက်လေ့လာခဲ့သည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အပါအဝင် ကျေးရွာကိုယ်စားလှယ် ၃၅ ဦးက မိမိတို့အနေဖြင့် ယခင်က ဘိလပ်မြေစက်ရုံတည်ဆောက်မည်ကို ကန့်ကွက်သူများထဲတွင် ပါဝင်ခဲ့ကြောင်း၊ ယခု သွားရောက်လေ့လာခဲ့သည့် ခရီးတွင် တွေ့ရှိချက်များအရ ကျိုက်မရော ဘိလပ်မြေစက်ရုံ တည်ဆောက်ထားသည့် နည်းစနစ်အတိုင်း ဆောင်ရွက်ပါက လက်ခံနိုင်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းငယ် ရှိခဲ့လျှင်တောင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ကျေးရွာကိုယ်စားလှယ်တစ်ဦးက မိဘတစ်ဦးဖြစ်သည့် မိမိအနေဖြင့် လူငယ်များ မူးယစ်ဆေးဝါးကြောင့် ပျက်စီးနေကြသည်ကို တွေ့ရသည့်အတွက် များစွာစိတ်မကောင်းမိကြောင်း၊ ထင်ရာကိုလျှောက်ပြောခြင်း မဟုတ်ဘဲ လက်တွေ့ဖြစ်ကြောင်း၊ ယခုလို စက်ရုံတည်ဆောက်လာနိုင်ပါက လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သဖြင့် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့ပြီး လူငယ်တစ်ဦးကလည်း မိမိသည် ယခင်က ဘိလပ်မြေစက်ရုံ တည်ဆောက်ခြင်းကို မလိုလားခဲ့သော်လည်း သွားရောက်လေ့လာသည့်အခါ စက်ရုံတွင် ဒေသခံများစွာ အလုပ်လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး အများစုမှာ မိမိတို့လို လူငယ်များဖြစ်သည်ကို တွေ့ရကြောင်း၊ မေးမြန်းရာတွင်လည်း ဒေသခံများစွာက တာဝန်ယူဆောင်ရွက်ကာ မိမိဒေသတိုးတက်အောင် မိမိတို့ဆောင်ရွက်ခွင့်ရသည်ကို သိရှိခဲ့ရသည့်အတွက် လူငယ်တစ်ဦးအနေဖြင့် များစွာအားကျရကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်သူတစ်ဦးက တာဝန်ယူမှု တာဝန်ခံမှုဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လူထုပါလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့အင်အားလိုကြောင်း၊ ထောက်ခံသူ၊ ကန့်ကွက်သူကတော့ ရှိနေမည်ဖြစ်ကြောင်း စသည်ဖြင့် တင်ပြဆွေးနွေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းကာလတွင် ပြည်သူများအတွက် ထောက်ပံ့ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆွေးနွေးရာတွင် ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး၊ ဘိလပ်မြေစက်ရုံ တည်ဆောက်ပြီးစီးပါက ရောင်းချသည့် စက်ရုံထုတ်ဈေးနှုန်းဖြင့်သာ ဒေသခံပြည်သူများ သုံးစွဲခွင့်ရအောင် ဆောင်ရွက်ပေးရေး၊ ပြည်နယ်အဆင့် လက်ခံပြီးမှသာ ပြည်ထောင်စုသို့ တင်ပြသွားကြရန်၊ စက်ရုံတည်ဆောက်ရာတွင် ကျိုက်မရော ဘိလပ်မြေစက်ရုံ တည်ဆောက်ခြင်းထက် အဆင့်မနိမ့်သော နည်းပညာများဖြင့် ဆောင်ရွက်ရန်၊ ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာခဲ့သည့် အခြေအနေများနှင့် ယနေ့ ဆွေးနွေးချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရန်၊ စီမံကိန်းဆောင်ရွက်မည့်မြေများကို အတိအကျ တိုင်းတာပြီးပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်း ဥပဒေများနှင့်အညီသာ ဆောင်ရွက်ကြရန် စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကနိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အစိုးရဌာနနှင့် ပြည်သူများအနေဖြင့် အင်နှင့်အားနှင့် ဝိုင်းဝန်းဆွေးနွေးသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ယခုလို တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆိုးနှင့် အကောင်း ဒွန်တွဲနေမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးမှုများကို တက်ရောက်လာသူများကသာ သိခြင်းမဟုတ်ဘဲ အားလုံးသိအောင် ဆောင်ရွက်ပေးရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ ယနေ့တွင် ဌာနဆိုင်ရာ တာဝန်ခံများက တာဝန်ယူမှု တာဝန်ခံမှုဖြင့်ဆောင်ရွက်ရန် တင်ပြကြသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာကုမ္ပဏီကလည်း စေတနာ မေတ္တာနှင့် တာဝန်ယူမှု တာဝန်ခံမှုထားရှိရန် လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားမှုကို ခုတုံးလုပ်ခြင်းအား ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခွင့်ကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပေးအပ်ထားပြီးဖြစ်ရာ အသုံးချရန် လိုအပ်ကြောင်း၊ ဘိလပ်မြေစက်ရုံ တည်ဆောက်ရာတွင် အခက်အခဲအဆင့်ဆင့်ကို ကျော်ဖြတ်ရမည်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့် ဆောင်ရွက်မည့်ကာလ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို တင်ပြဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျောက်ထုမြို့ဒေသမှ ဆောင်းသီးနှံကြက်သွန်ဖြူများပေါ်ချိန်တွင် ဈေးကောင်းရနေ

**ကျောက်ထု မေ ၁၇**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ဆောင်းသီးနှံအဖြစ် ငရုတ်၊ ခရမ်း၊ ဖရုံစသည့် သီးနှံအမျိုးမျိုးနှင့် ဆီထွက်သီးနှံ နေကြာ၊ မြေပဲတို့အပြင် ကြက်သွန်ဖြူကိုလည်း ဒေသခံတောင်သူများ စိုက်ပျိုးခဲ့ကြရာ ယခု ကြက်သွန်ဖြူပေါ်ချိန် မေလတွင် ကြက်သွန်ဖြူများ ဈေးကောင်းရရှိနေ၍ စိုက်ပျိုးခဲ့သောတောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



ဆောင်းကြက်သွန်ဖြူ စိုက်ပျိုးခဲ့ရာတွင် ထွန်ယက်ခ၊ မြေပြင်ခ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးပြင်ဆင်စရိတ်နှင့် မျိုးကြက်သွန်ဖိုး စသည်ဖြင့် တစ်ဧကအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၁၀ သိန်းဝန်းကျင်ခန့် ကုန်ကျမှုရှိခဲ့ကြောင်း၊ ယခု ကြက်သွန်ဖြူပေါ်ချိန်တွင် တစ်ဧကမှ ပိဿာချိန် ၁၆၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ ကြက်သွန်ဖြူ နုတ်သိမ်းရန်နှင့် အရွက်ဖြုတ်ရန်အတွက် လုပ်သားတစ်ဦးလျှင် တစ်ရက် ၂၅၀၀ ကျပ်ပေး၍ ငှားရမ်းရကြောင်း၊ လက်ရှိအချိန် ကြက်သွန်ဖြူပေါက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ကျော်ရှိသဖြင့် ဒေသခံကြက်သွန်ဖြူစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း တောခလွန်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးဖြစ်သည့် ဒေါ်ဝင်းတင်က ပြောသည်။

ကျောက်ထုမြို့ဒေသမှ ကြက်သွန်ဖြူများကို ဒေသအတွင်း ရောင်းဝယ်စားသုံးကြသည့်အပြင် မကွေးတိုင်းဒေသကြီး ပခုက္ကူနှင့် ဂန့်ဂေါမြို့များသို့ လည်းကောင်း၊ ချင်းပြည်နယ် မင်းတပ်၊ ကန်ပက်လက်မြို့များသို့လည်းကောင်း ရောင်းချရကြောင်း သိရသည်။

**(၁၀၁)**



# အကျွတ်အလွတ် သံဃာ့ဒါနဆွမ်းလောင်းပွဲနှင့် ရေစက်သွန်းချ အမျှပေးဝေပွဲ တွံတေး၌ကျင်းပမည်

**တွံတေး မေ ၁၇**

ကွယ်လွန်သွားကြသောသူများအား ရည်စူး၍ အကျွတ်အလွတ် သံဃာ့ဒါနဆွမ်းလောင်းပွဲနှင့် ရေစက်သွန်းချ အမျှပေးဝေပွဲကို ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်းခရိုင်) တွံတေးမြို့ အိုးဖိုသုသာန်၌ မေ ၁၉ ရက်(မြန်မာနှစ်ဆန်း ၃ ရက်) နံနက် ၅ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လူမျိုးမရွေး ဘာသာတူသည်ဖြစ်စေ မတူသည်ဖြစ်စေ၊ ဆွေမျိုးတော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ ကုသိုလ်ရှင်များ၏ ကောင်းမှုအစုစုတို့ဖြင့် ကုသိုလ်အမျှပေးဝေမှုကို မျှော်လင့်စောင့်စားနေကြသော ဒုဂ္ဂတိဘုံသားတို့အား ကုသိုလ်အမျှ ရရှိပါစေခြင်းငှာ အဆိုပါ အကျွတ်အလွတ် သံဃာ့ဒါနဆွမ်းလောင်းပွဲနှင့် ရေစက်သွန်းချ အမျှပေးဝေပွဲကို တွံတေးမြို့ အိုးဖိုသုသာန်ဝင်းအတွင်း ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်မှာ ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ သံဃာတော်နှင့် သီလရှင် အပါး ၁၀၀၀ ကျော်တို့အား ဆွမ်းလောင်းလှူပြီး အကျွတ်အလွတ် အမျှပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# သံတောင်ကြီးမြို့ နော်ဘူဘောဆုတောင်းတောင်၌ ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကျင်းပ

**သံတောင်ကြီး မေ ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သော နော်ဘူဘောဆုတောင်းတောင်တွင် နှစ်စဉ်နှစ်တိုင်း ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ကျင်းပရာ ယခုနှစ်တွင်လည်း (၂၃)ကြိမ်မြောက် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို မေ ၁၃ ရက်က စည်ကားစွာကျင်းပခဲ့ပြီး ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေ ၄၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနား မစတင်မီ တေးသံရှင်များက ဓမ္မတေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး အခမ်းအနားတွင် ဘုရင့်နောင်တပ်နယ်မှူး ဗိုလ်မှူးချုပ်သူရလှမင်းက နှုတ်ခွန်းဆက်စကားပြောကြားကာ နော်ဘူဘောဆုတောင်းတောင်အတွက် လာရောက်လှူဒါန်းသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များပေးအပ်ပြီး ပြည်သူပြည်သားများအတွက် ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ် ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

* အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံ ထွက်ခြင်း
* စိတ်ရှုပ်ထွေးခြင်း
* သတိလစ်ခြင်း
* တက်ခြင်း
* ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများခံစားနေရသော လူနာအားတွေ့ရှိပါက -

လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။

လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့် နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။

အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။

၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။

၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။

၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။

၅။ လူနာ၏ လည်ပင်း၊ ဂျိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။

၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်အေးပါ (သို့) ယပ်ခပ်ပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တွံတေးမြို့ ကျိုက်သလဲကျေးရွာ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းသို့ လာရောက်လည်ပတ်သူ များပြားလာ



**ရန်ကုန် ဧပြီ ၁၇**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာတွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှစ၍ Tour Mandalay က စီစဉ်ဖွင့်လှစ်ထားသည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(CBT)သို့ စိတ်ဝင်စား လာရောက်လည်ပတ်သူပိုများလာလျက်ရှိရာ လက်ရှိအချိန်တွင် တစ်ပတ်လျှင် လာရောက်လေ့လာ လည်ပတ်သူ ၂၀ ကျော်အထိ ရှိနေကြောင်း အဆိုပါ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း၏ တာဝန်ခံ ကိုဇင်မင်းဦးက ပြောကြားသည်။

ကျိုက်သလဲ ကျေးလက်အခြေပြု ခရီးသွားလုပ်ငန်းသို့ လည်ပတ်သူအများစုမှာ နေ့ချင်းပြန် လည်ပတ်လေ့ရှိပြီး တစ်ဦးလျှင် ကျပ် ၁၃၀၀၀၊ ကျပ် ၈၀၀၀ စသည်ဖြင့် သတ်မှတ်ထားကြောင်း သိရသည်။ ညအိပ်ခရီးသည် ၅၀ ခန့် လာရောက်တည်းခိုနိုင်ပြီး ညအိပ်လည်ပတ်သူများအတွက် မနက်စာအပါအဝင် ကျပ်သုံးသောင်း သတ်မှတ်ထားကာ လူတစ်ဦးထပ်တိုးလိုပါက ကျပ်တစ်သောင်း ကျသင့်မည်ဖြစ်ကြောင်း၊ နေ့လယ်စာအတွက် တစ်နပ်လျှင် ၅၀၀၀ ကျပ်ဖြစ်ပြီး ကျေးလက် သဘာဝ အသား၊ ငါး တစ်မျိုးစီဖြင့် အော်ဂဲနစ်အသီးအရွက် ဟင်းများကို ချက်ပြုတ်၍ ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

အဆိုပါ ကျေးလက်အခြေပြုခရီးသွားလုပ်ငန်းတွင် ၅ ဒသမ ၂၇ ဧက ကျယ်ဝန်းပြီး လူရှစ်ဦးစီ တည်းခိုနိုင်သည့် ဝါးကာ၊ ခနိမိုး အိမ်ခြောက်လုံးရှိကာ စားသောက်ဆိုင်အဆောင်နှင့်တွဲလျက် ဖျော်ဖြေရေး စတိတ်စင်ငယ်လည်း ရှိသည်။ သီးနှံစိုက်ခင်းများ၊ အလုပန်းခင်းများ ရှိသလို အဝတ်လျှော်ဝန်ဆောင်မှုလည်းရှိပြီး ဝန်ထမ်းရှစ်ဦးဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာအတွင်း၌ သစ်ပင်စိုက်၊ စက်ချုပ်၊ ပန်းတိမ်၊ တောင်းရက်စသည့် လုပ်ငန်းများကို လေ့လာနိုင်သလို ပုဂံခေတ်နှင့် ခေတ်ပြိုင်ဖြစ်သည့် ဂဝံတုံးကြီးများဖြင့် တည်ထားကိုးကွယ်သော မောင်းတီးစေတီတော်၊ ပျူစာတန်းပါ ရှေးဟောင်းလက်ရာ စဉ့်ထည်များ၊ စဉ့်ထည်ပစ္စည်းလုပ်ငန်းနှင့် စဉ့်ထည် ပြတိုက်များကိုလည်း လေ့လာနိုင်သည်။

ကျေးရွာသို့ တစ်ပတ်လျှင် ပြည်တွင်းမှလည်ပတ်သူ ၃၀ ဝန်းကျင်ခန့် လာရောက်လည်ပတ်နေကြပြီး နိုင်ငံခြားသားများလည်း Group Tour အနေဖြင့် တစ်ပတ်လျှင် လူ ၂၀ ကျော်ခန့် လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

မိုးအကုန် ပွင့်လင်းရာသီများတွင် လည်ပတ်သူများပြား၍ လည်ပတ်လိုသူများအနေဖြင့် နှစ်ရက် ကြိုတင်အကြောင်းကြား စာရင်းပေးသွင်းကာ စားသောက်လိုသည့် ဟင်းများကိုလည်း ကြိုတင်မှာကြားထားနိုင်ကြောင်း တာဝန်ခံက ပြောကြားသည်။

ကျိုက်သလဲကျေးရွာသို့ ရန်ကုန်မြို့မှ ကားဖြင့် တစ်နာရီကျော်စီး၍ သွားရောက်နိုင်ပြီး လှိုင်သာယာဘက်မှလည်းကောင်း၊ ဒလဘက်သို့ ကားဇက်ဖြင့်ကူး၍လည်းကောင်း၊ ဒလ-တွံတေး ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များဖြင့်လည်းကောင်း သွားရောက်လည်ပတ်၍ ကျေးလက်ဒေသသို့ ခရီးသွားခြင်း အရသာကို ခံစားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို ကချင်ပြည်နယ် အင်းတော်ကြီး၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့၊ မန္တလေးတိုင်းဒေသကြီးတွင် ဧရာဝတီလင်းပိုင်ငါးကြည့် ခရီးစဉ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပအိုဝ်းဒေသ၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးမှ သံတောင်ကြီးဒေသနှင့် ချင်းပြည်နယ်တို့တွင် ဆောင်ရွက်ထားရာ လုပ်ငန်းရှစ်ခုခန့် ရှိပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများကို ရပ်ရွာလူထုပါဝင်နိုင်သည့် ခရီးသွားလုပ်ငန်း(Community Involvement Tourism)အဖြစ် ဖော်ဆောင်လျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုများဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ကာ နိုင်ငံတော်အဆင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ကော်မတီများဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## သတင်းတိုများ

### ပြင်ဦးလွင်တွင် လူငယ်နှင့်စီမံခန့်ခွဲမှုခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့်စီမံခန့်ခွဲမှု ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဧပြီ ၁၂ရက်က ပြင်ဦးလွင်မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အမှာစကားပြောကြားပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(ငြိမ်း) ဒေါက်တာဆန်းလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ ဦးမောင်မောင်သွင်(မုံရွာစီးပွားရေးတက္ကသိုလ်)နှင့် ဦးအောင်မျိုးပိုင်( မိတ္ထီလာစီးပွားရေးတက္ကသိုလ်)တို့က ယနေ့ လူငယ်နှင့် မိသားစုများ၊ လူငယ်များ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်များတွင် တွေ့ကြုံနေရသော အခက်အခဲများကို စီမံခန့်ခွဲမှု စသည်တို့ကို ဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲသို့တက်ရောက်သော ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူငယ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

### လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စုရှိ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း(မကွေး) တည်ဆောက်မည့် မြေနေရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဧပြီ ၁၁ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် တာဝန်ရှိသူများက တောင်သူသုံးဦး၏ လယ်ယာမြေ ၁၄ ဒသမ ၅ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၂၄ သိန်းနှုန်းဖြင့် စုစုပေါင်း လျော်ကြေးငွေ ကျပ် ၁၈၀၂ ဒသမ ၅ သိန်းကို တောင်သူများထံ လက်ရောက်ပေးအပ်ခဲ့သည်။

**မျိုးမင်းဦး(မကွေး)**

# တနင်္သာရီမြို့နယ်တွင် နတ်ပြည်ခြောက်ထပ်နှင့် ငါးပြည်ထောင်ဝင်္ကပါပွဲတော် ကျင်းပ

**တနင်္သာရီ ဧပြီ ၁၇**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာရွာ၌ ဗုဒ္ဓခြေတော်ရာ(သမန္တကူဋ ဗုဒ္ဓစက်တော်ရာ)ကို အကြောင်းပြုပြီး ဗုဒ္ဓပူဇနိယပွဲတော် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ဗုဒ္ဓပူဇနိယပွဲတော်၊ နတ်ပြည်ခြောက်ထပ်နှင့် ငါးပြည်ထောင်ဝင်္ကပါပွဲတော်ကို အဆိုပါ လယ်တောင်ယာကျေးရွာအဝင် လယ်ပြင်ကွင်းတွင် ဧပြီ ၁၂ ရက် ညပိုင်းက စတင်ကျင်းပခဲ့သည်။



အဆိုပါ နတ်ပြည်ခြောက်ထပ်နှင့် ငါးပြည်ထောင်ဝင်္ကပါပွဲတော်ကို မြို့နယ်ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ(ကိုယ်စား) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှမ်းမိုးအောင်နှင့် လယ်တောင်ယာကျေးရွာ ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ဦးညွန့်ဝင်း၊ မြို့နယ်စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းစိုးဝင်းနှင့် အမြင့် ၃၉ တောင်ရှိ နတ်ပြည်ခြောက်ထပ် ဖြစ်မြောက်ရေး ဗိသုကာပညာရှင် ဦးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လယ်တောင်ယာကျေးရွာ လူငယ်များအဖွဲ့က မီးရှူးမီးပန်းများ ပစ်ဖောက်ကြပြီး တာဝန်ရှိသူများက နတ်ပြည်ခြောက်ထပ် တည်ဆောက်ထားသည့်အပေါ်သို့ တက်ရောက် အားပေးကြည့်ရှုကြကာ ငါးပြည်ထောင် ဝင်္ကပါပွဲတော်ကို ပျော်ပျော်ပါးပါး လှည့်လည်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် အလှူငွေ ကျပ်သိန်း ၅၀ လှူဒါန်း

**မြင်းခြံ ဧပြီ ၁၇**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အမှတ် ၂ ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျောင်းအစည်းအဝေးခန်းမတွင် ဧပြီ ၁၃ ရက် မွန်းလွဲ ၃ နာရီက ကျင်းပ ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးကျော်ကျော်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်းတို့က အမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)အတွက် အလှူငွေ ကျပ်သိန်း ၅၀ ကို အလှူရှင် ပါမောက္ခဗိုလ်မှူးကြီး (ရဲသွေး) (ငြိမ်း)၊ ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့် မိသားစုတို့က လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင် ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးမြင့်က ယခုလို လှူဒါန်းရခြင်းမှာ ပါမောက္ခဗိုလ်မှူးကြီး (ရဲသွေး) (ငြိမ်း)သည် ဒီကျောင်းမှာ ပညာရည်နို့သောက်စို့ခဲ့ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကိစ္စအရပ်ရပ်တွင် အသုံးပြုရန် လှူဒါန်းရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်းကို ပြောသည်။

အခမ်းအနားသို့ မြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးကျော်ကျော်၊ အလှူရှင်မိသားစု၊ ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းမှ အသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**


## သတိပေးနှိုးဆော်ချက်

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဌာပနာတော်တိုက်အတွင်းမှ မြတ်ဗုဒ္ဓဆံတော်မြတ်အား ၁၉-၄-၂၀၁၈ ရက်နေ့ ၀၅း၄၀ အချိန်မှစ၍ လေးဆူဓာတ်တော်ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဂိုဏ်းပေါင်းစုံ သံဃာအပါး ၄၅၀၀ တို့ဖြင့် ဦးဆောင်၍ ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း၊ သိမ်ဖြူလမ်း၊ ကန်ရိပ်သာလမ်း၊ နတ်မောက်လမ်း၊ ဗဟန်းကြားတောရလမ်းအတိုင်း (ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်)ခြေလျင်ပြည်တော်ဝင် ပင့်ဆောင်အပူဇော်ခံမည်ဖြစ်ပြီး ၂၄-၄-၂၀၁၈ ရက်နေ့ ၁၄း၃၄ အချိန်တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သို့ အထက်ဖော်ပြပါလမ်းကြောင်းအတိုင်း ပြည်တော်ပြန်ပင့်ဆောင်မည်ဖြစ်ပါ၍ ယာဉ်မောင်းနှင်သူများအနေဖြင့် သတိပြုမောင်းနှင်ခြင်းဖြင့် ကူသိုလ်ယူကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


# မြစိမ်းရောင်စီမံကိန်း နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဖြူ ဧပြီ ၁၇**
ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၇ ရွာ နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲနှင့် မြစိမ်းရောင် သုံးနှစ်ပြည့်မြောက်သည့် ကျေးရွာနှစ်ရွာအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ပွဲပြုလုပ်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းက ပြောသည်။ ဧပြီ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက အမှာစကားနှင့် လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းပြောကြားသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းက မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ထားမှု အခြေအနေနှင့် ကျေးရွာတစ်ရွာလျှင် ကုန်ထုတ်လုပ်ငန်းတစ်ခု ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။ တက်ရောက်လာကြသော ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက လုပ်ငန်းများနှင့်ဆက်စပ်၍ ကြုံတွေ့ရသော အခက်အခဲနှင့် ပြဿနာများ၊ ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေထုတ်ချေးရန် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ရန် ငွေအရင်းပေးဆပ်မှုမရှိသူများအား လုပ်ထုံးလုပ်နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ကျေးရွာတစ်ရွာချင်းအလိုက် ချေးငွေထုတ်ချေးပေးမှု အခြေအနေနှင့် မြစိမ်းရောင်စာရင်းပုံစံ ၁၀ မျိုး စနစ်တကျပြုလုပ်နိုင်မှုအပေါ် ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းက ပြန်လည်ဆွေးနွေးပြီး မြစိမ်းရောင် သုံးနှစ်မြောက်သည့် သံချောင်းကျေးရွာနှင့် ရွှေရွာသစ်ကျေးရွာတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

# နမ္မတီးမြို့၌ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများတွေ့ဆုံ



**မြစ်ကြီးနား ဧပြီ ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီလ ဒုတိယပတ်က အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသလိုအပ်ချက်များနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ခရိုင်လေးခရိုင်နှင့် မြို့နယ်၊ မြို့အားလုံးကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော် ငြိမ်းချမ်းရေးမရရှိသည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများမှအပ ကျန်တည်ငြိမ်အေးချမ်းသည့် ဒေသများတွင် အတတ်နိုင်ဆုံး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်သွားနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ အစိုးရနှင့် ဌာနဆိုင်ရာများသာမက ဒေသခံပြည်သူတစ်ရပ်လုံးက လိုအပ်သလို ဝိုင်းဝန်းပူးပေါင်းပါဝင်မှသာလျှင် မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ နမ္မတီးမြို့ကိုလည်း မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဒေသခံအားလုံးက ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများအတွင်း လိုအပ်လျက်ရှိသော စျေးများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်းတံတားများ ဆောင်ရွက်ပေးနိုင်ရေးနှင့် မြေယာကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အ.ထ.က ကျောင်းလမ်းတစ်လျှောက် ရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးသည့် အခြေအနေနှင့် နမ္မတီးတိုက်နယ်ဆေးရုံအတွင်း တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်ငါးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ယောချောင်းတစ်လျှောက် ကြက်သွန်နီစိုက်ပျိုးသူများ စျေးနှုန်းကျဆင်း၍ လှောင်ကုန်အဖြစ်သာထားရှိနေ



**ဆိပ်ဖြူ ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ယောချောင်းတစ်လျှောက်တွင် ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများသည် လက်ရှိကြက်သွန်နီ ဖြိုင်ဖြိုင်ပေါ်ချိန်တွင် စျေးနှုန်းကျဆင်း လျက်ရှိ၍ စျေးကွက်သို့ တင်ပို့ရောင်းချမှု နည်းပါးကာ လှောင်ကုန်အဖြစ်သာရှိနေကြောင်း ဆိပ်ဖြူမြို့နယ် ချောင်းမကြီး အရှေ့ရွာနေ တောင်သူ ကိုတင့်နိုင်ဦးက ပြောသည်။

“ကျွန်တော်တို့က နတ်တော်လောက်က စစိုက်တာ၊ ယောချောင်းတစ်လျှောက် ကြက်သွန်နီပဲစိုက်ကြတာများတယ်၊ အချို့လည်း ပဲလွမ်း၊ ပဲနောက်ကိုစိုက်ကြတာရှိတယ်၊ ချောင်းတစ်လျှောက်ကုန်းဘေးတွေမှာလည်း စိုက်ကြတယ်၊ အခု ကြက်သွန်နီပေါ်ချိန်မှာ ဒေသအားလုံး တစ်ပြိုင်တည်းလိုလို ပေါ်လိုက်တော့ ရောင်းလိုအားက အလွန်များပြီး ဝယ်လိုအားကနည်းတော့ စျေးကျတယ်၊ တောင်သူတွေ တွက်ခြေမကိုက်ဘူး၊ အချို့ကလည်း ဆိပ်ဖြူက ပွဲရုံတွေကို သွားရောင်းကြတယ်၊ ထားနိုင်တဲ့သူတွေကတော့ ကြက်သွန်လှောင်ရုံတွေထဲမှာ ကျင်းလုပ်ပြီး လှောင်ထားကြတာ များတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဆိပ်ဖြူမြို့တွင် လက်ရှိ ကြက်သွန်အရွယ်အစားပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၊ ၆၅၀၊ ၉၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ **ကိုလွင်(ဆွာ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဧပြီ ၁၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၃ ဒသမ ၂၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၅၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၉ ဒသမ ၈၁ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၅၈ ဒသမ ၈၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၃ ဒသမ ၆၇ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၄၂ ဒသမ ၅၂ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၇၂ ဒသမ ၃၃ သန်း ဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၇၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၂၈ ဒသမ ၅၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၉၈ ဒသမ ၃၄ သန်းနှင့်စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၂၆ ဒသမ ၉၀ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၀၀၁ ဒသမ ၃၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၉၆ ဒသမ ၈၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၃၉၈ ဒသမ ၂၁ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၃၂၅ ဒသမ ၁၁ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၄၇၁ ဒသမ ၃၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။ **သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းသုံးသပ် ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဘူးသီးတောင် ဧပြီ ၁၇**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက်က ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေက အကြံပြု သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအားသာချက်၊ အားနည်းချက်လုပ်ငန်းများကို သုံးသပ်ဆွေးနွေး ရှင်းလင်းတင်ပြသည်။ ဘူးသီးတောင်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာများအား ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ ဖြင့် အရင်းမပျောက် မတည်ရန်ပုံငွေအဖြစ် ယခုအချိန်ထိ ကျေးရွာပေါင်း ၄၃ ရွာတွင် ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ၄၃ ရွာအနက် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု မြစိမ်းရောင်ကျေးရွာ ကြီးကြပ်ရေးကော်မတီ အကောင်းဆုံးရရှိသော သပြေတောင်ကျေးရွာအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်သိန်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျေးရွာကော်မတီ အကောင်းဆုံးဆု ပေးအပ်ချီးမြှင့်ပြီး ကျေးရွာများမှ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို အဓိကပါဝင် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဒို့ကျေးရွာဂျာနယ် အတွဲ ၁၅၊ အမှတ် ၈ အား အသွင်သစ်ဖြင့် ဆက်လက်ထုတ်ဝေဖြန့်ချိ




**နေပြည်တော် ဧပြီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အတွဲ(၁၅)အမှတ် (၇) မှစ၍ အသွင်သဏ္ဌာန်အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ထုတ်ဝေလျက်ရှိရာ ၁၅ ရက်နေ့ထုတ် အတွဲ(၁၅) အမှတ်(၈) တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့်အကြောင်း အရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နွားထိုးကြီးမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**နွားထိုးကြီး ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လမ်းညွှန်ချက်အရ နွားထိုးကြီး မြို့နယ် ရဲစခန်းက ဧပြီလဒုတိယပတ်က မြို့နယ်စည်ပင်သာယာစျေးတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရဲအုပ်အောင်နိုင်နိုင် ဦးဆောင်သည့် အဖွဲ့ဝင်များက ၂၀၁၈-ခုနှစ် သင်္ကြန်ကာလတွင် ဆိုင်ကယ်စီးနင်း မောင်းနှင်သူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ကြရန်၊ ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းမပြုရန်၊ အရက်သေစာသောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရန်နှင့် အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သန်းအောင်ဇော်**

# မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလေ့လာသုံးသပ်ခြင်းလုပ်ငန်း ညှိနှိုင်းဆွေးနွေး



**တီးတိန် ဧပြီ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လေ့လာသုံးသပ်ခြင်းလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၆ ရက်က အဆိုပါ ကျေးလက်ဦးစီးဌာနရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ခေတ္တဦးစီးမှူး ဦးအောင်ရွှေက ကျေးရွာယူနစ်တစ်ခုချင်းအလိုက် အမှတ်ပေးစည်းမျဉ်းသတ်မှတ်ချက်ခေါင်းစဉ် ၁၅ချက်ကို ရှင်းလင်းပြီးနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်အဖွဲ့က မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်မှုတို့အပေါ် ကျေးရွာများ ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပေါင်း ၂၈ ရွာ၊ ယူနစ်ပေါင်း ၂၃ ယူနစ် ဆောင်ရွက်ပြီး နိုင်ငံတော်မှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၉၀ သန်းထုတ်ချေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး ဆွေးနွေး

**ကြံခင်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရောသီရိခန်းမ၌ ဧပြီလဒုတိယပတ်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်ဒေါ်ချယ်ရီက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် ကျား/မ မခွဲခြားဘဲ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျှင် လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပြီး စေတနာအကျိုးအပြည့်အဝခံစားရပြီး အောင်မြင်မှုများရရှိလျှင် နောင်မျိုးဆက်သစ်များကို သက်သေပြနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အသင်း/အဖွဲ့၏ လစဉ် လုပ်ငန်းစီမံချက်များ၊ နှစ်စဉ်လုပ်ငန်းစီမံချက်များနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျွဲ၊ နွားရောင်းပွဲဈေး ကန့်ဘလူမြို့၌ ဖွင့်လှစ်

**ကန့်ဘလူ ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ အမှတ် ၅ ရပ်ကွက်ရှိ စည်ပင်သာယာပိုင်မြေ ဧက ၆ ဒသမ ၇၀ ကွင်းပြင်၌ ဧပြီလ ဒုတိယပတ်က ကျွဲ၊ နွားရောင်းပွဲဈေးဖွင့်ပွဲကျင်းပရာ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ ခရိုင်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်ဇော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ကော်မတီဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျွဲ၊ နွား အရောင်းအဝယ်ပြုလုပ်သူများ တက်ရောက်ကြသည်။

ယခုလို ကျွဲ၊ နွားရောင်းပွဲဈေး ဖွင့်လှစ်ရောင်းချခြင်းကြောင့် ဒေသတွင်း လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ရန်ပုံငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစိုးလွင်က ပြောပြသည်။

အဆိုပါ ဈေးကို အပတ်စဉ် တနင်္လာနှင့် ကြာသပတေးနှစ်ရက်ပြုလုပ်မည်ဖြစ်ပြီး ဧပြီ ၁၂ ရက်က စတင်ဖွင့်လှစ်ကာ ဒေသခံများ၊ အနီးဝန်းကျင်ကျေးရွာများမှ နွားကောင်ရေ ၁၀၀ ကျော်ကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလ ကန့်ဘလူ ကျွဲ၊ နွားပွဲဈေးလိုင်စင်ကို အမှတ် ၅ ရပ်ကွက်နေ ဦးသန်းလှိုင်က လေလံကြေးငွေကျပ် ၁၅၅၇၈၀၀၀ ဖြင့် လေလံဆွဲဝယ်ယူရရှိခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**



## (YMBA)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်

## အကြိမ်(၅၀)မြောက် အဘိဓမ္မာသင်တန်းများဖွင့်လှစ်မည်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA) အသင်းခန်းမတွင် ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၆ရက် (၅-၅-၂၀၁၈ရက်) စနေနေ့မွန်းတည့် ၁၂နာရီတွင် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

သင်တန်းတွင် အဘိဓမ္မာဆရာကြီး ဦးမြင့်စိုး(ဓမ္မာစရိယ၊ ပါဠိပါရဂူ) ဦးစီး၍ အဘိဓမ္မာဆရာကြီးများက ပို့ချပေးသွားမည်ဖြစ်ပါသည်။ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှစတင်၍ သင်ကြားပေးသွားမည်ဖြစ်ပါသည်။ ၇-၁၀-၂၀၁၈ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။ သင်တန်းတက်လိုသူများသည် (YMBA) အသင်းရုံး ၇၅/၇၇၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်တွင် သင်တန်းဝင်လျှောက်လွှာများ အခမဲ့ထုတ်ယူနိုင်ပါသည်။

(YMBA) အသင်းချုပ်က ဖွင့်လှစ်သော အဘိဓမ္မာသင်တန်းတွင် အောင်မြင်သူများအား ကလျာဏယုဝနှင့် ကလျာဏယုဝတီအောင်လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား အဘိဓမ္မာဆရာကြီး ဦးကျော်ထွဋ်၏ ဆုချီးမြှင့်ငွေ ကျပ်တစ်သိန်းစီကို ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**
**(YMBA) အသင်းချုပ်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၈) လိပ်စာတည်ရှိရာ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂) (သဃက)၊ မြေကွက်အမှတ်(၁၈/က^၃) ဧရိယာ (၀ဒသမ၂၅၉) ဧကရှိ (ဘီ) မြေအမျိုးအစား မြေကွက်နှင့် သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂) (သဃက)၊ မြေကွက်အမှတ်(၁၈/ခ^၂)ဧရိယာ (၀ဒသမ ၂၀၂) ဧကရှိ (ဘီ) လ/န-၃(ခ) မြေအမျိုးအစား မြေကွက်များနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးညီညီထွေးထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေကွက်များနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စအတွက် ကန့်ကွက် အရေးဆိုလိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အကြောင်းကြား အသိပေးပြီး တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

**ဒေါ်မေဇင်ဦး - LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၁၄)**
**Myanmar Legal Advisors Group**
**အမှတ် ၃၃၃၊ အခန်း(၃)၊ ပထမထပ်(ယာ)**
**ဗိုလ်အောင်ကျော်လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၁-၈၃၉၂၈၅၁၊ ၀၁-၈၃၉၂၇၃၅**






ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်စက်မှုဇုန် (၇)လမ်း၊ အမှတ် ၃၄၂/၃၄၄ရှိ
**[Mingaladon Construction Plan Projection in Myanmar] စီမံကိန်းနှင့်စပ်လျဉ်း၍**
**Jai Tai Yang Construction Co., Ltd. အပါအဝင်**

## အများသိစေရန်

အထက်ပါလိပ်စာရှိ Myanmar Taiesay Taxtile Co.,Ltd. (MTT) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဖော်ပြပါစက်ရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းအား (MTT) ကုမ္ပဏီက လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးမှိုလမ်းနှင့် ကနောင်မင်းသားလမ်းထောင့်၊ အမှတ် (၁၄၄)၌ ရုံးခန်းတည်ထောင်ထားသော Jai Tai Yang ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အား ညှိနှိုင်းသဘောတူစာချုပ် (၃)စောင်ဖြင့် လုပ်ငန်းများအပ်နှံဆောက်လုပ်စေခဲ့ခြင်းဖြစ်ပြီး စာချုပ်ပါ သတ်မှတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမရှိသည့်အပြင် လုပ်ငန်းပြီးစီးမှု အခြေအနေအား သတ်မှတ်စံချိန်စံညွှန်းများ၊ မူလစီမံကိန်းအခြေပြဇယားများနှင့် ညီ-မညီ စစ်ဆေးခွင့်မရရှိပါ။ စာချုပ်ပါသဘောတူ စည်းကမ်းချက်များအရ ဆောက်လုပ်ရေးလုပ်ငန်းအဆင့်ဆင့်အတွက် (Project Plan)၊ (Material description Plan) များကို လုပ်ငန်းအစိတ်အပိုင်းအလိုက် ခွဲခြားရေးဆွဲအတည်ပြုတင်ပြရမည်ဖြစ်ပြီး၊ လုပ်ငန်းပြီးစီးမှုအဆင့်တစ်ဆင့်ချင်းအလိုက် ယင်းလုပ်ငန်းစီမံချက်များနှင့်အညီ (MTT) ၏ ကျွမ်းကျင်ပညာရှင်အဖွဲ့က စစ်ဆေးလက်ခံအတည်ပြုပြီးမှသာ လုပ်ငန်းလုံးဝပြီးစီးမှုအတွက် ငွေပေးချေရန်ဖြစ်ပါသည်။

Jai Tai Yang ဆောက်လုပ်ရေးကုမ္ပဏီသည် ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာမှုမပြုဘဲ လုပ်ငန်းအမှန်တကယ်ပြီးစီးမှုအခြေအနေကို စစ်ဆေးအတည်ပြုချက်မရမီ စာချုပ်အရ ပေးချေရန် ငွေများကျန်ရှိကြောင်းနှင့် ယင်းငွေများကိုပေးချေမှသာ စီမံကိန်းလုပ်ငန်းတွင် အတွင်းသို့ဝင်ရောက်ခွင့်ပြုမည်ဟု တောင်းဆိုလာသည့်အပြင်၊ မသိနားမလည်သော အလုပ်သမားဝန်ထမ်းအချို့ကို သွေးထိုးမြှောက်ပင့်လျက် စီမံကိန်းစက်ရုံရှေ့မျက်နှာစာ အုတ်တံတိုင်းများတွင် စာလုံးကြီးများဖြင့် ငွေမပေးချေကြောင်းရေးသားကာ (MTT) ကုမ္ပဏီအား မမှန်မကန် ဂုဏ်သိက္ခာထိခိုက်ကျဆင်းအောင် ဆောင်ရွက်လာပါသည်။ ထို့မျှမက (MTT) ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်အား အန္တရာယ်ရှိစေသော ခြိမ်းခြောက်သည့် အပြုအမူများကိုပါ ပြုမူဆောင်ရွက်လာပါသည်။ ထို့ပြင် လူမှုကွန်ရက်စာမျက်နှာများပေါ်၌ ဓာတ်ပုံများ၊ စာသားများ မမှန်မကန်ရေးသားဖော်ပြပြီး (MTT) ကုမ္ပဏီ၏ အမည်ဂုဏ်သတင်းကောင်းကို ထိခိုက်နစ်နာအောင် ပြုမူလာနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် (MTT) ကုမ္ပဏီအနေဖြင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း Jai Tai Yang ဆောက်လုပ်ရေးကုမ္ပဏီအပေါ် လုပ်ငန်းအပ်နှံသော စာချုပ်အသီးသီးရုပ်စဲဖျက်သိမ်းလျက် ဥပဒေနှင့်အညီ မိမိ၏နစ်နာမှုများအတွက် တရားစွဲဆိုအရေးယူဆောင်ရွက်သွားရန် စီစဉ်နေကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

| | | | |
|---|---|---|---|
| ဦးသန်းစိုး(ထွန်း) | ဒေါ်မူယာ | ဦးဇော်ဇော်နိုင်အောင် | ဦးမိုးခိုင် |
| B.A (Eco), H.G.P, R.L.,D.B.L | LL.B, Dip:in Business Law | LL.B | LL.B |
| တရားလွှတ်တော်ရှေ့နေ (၅၄၉၃) | တရားလွှတ်တော်ရှေ့နေ (၆၆၆၀) | တရားလွှတ်တော်ရှေ့နေ (၁၁၄၆၁) | တရားလွှတ်တော်ရှေ့နေ (၁၀၇၆၂) |

အမှတ် (၁၇၅/ဘီ)၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့




## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦ အထူးအဖွဲ့(၈)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၈)မှ တာဝန်ယူဆောင်ရွက်မည့် ကချင်ပြည်နယ်အတွင်းဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၄-၅-၂၀၁၈ရက်

၂။ **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ဒုညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦ ဦးစီးဌာန၊ ယန္တရားဝင်း၊ ရပ်ကွက်ရုံးအနီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့

၃။ **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ

၄။ **တင်ဒါဖွင့်မည့် ရက်နှင့်အချိန်** - ဆက်သွယ်အကြောင်းကြားပါမည်

၅။ **တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** - ဒုညွှန်ကြားရေးမှူးရုံး၊ အဆောက်အဦ ဦးစီးဌာန၊ ယန္တရားဝင်း၊ ရပ်ကွက်ရုံးအနီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့

၆။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၅-၂၀၁၈ရက်မှ စတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၄၅၀၀၀၄၄နှင့် ၀၉-၅၁၆၅၅၃၅တို့တွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## မွန်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မုဒုံမြို့နယ် အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းကို မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာ၊ မြေ ၁၀ ဒသမ ၃၅ဧကတွင် တည်ဆောက်လိုပါ၍ ကိုယ်ပိုင်ရင်းနှီး မြုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အောက်ပါအစီစဉ်အတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရယူနိုင်မည့်ရက် အချိန်၊ နာရီ** - ၂၃-၄-၂၀၁၈ရက်၊ တနင်္လာနေ့ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်/အချိန်/နာရီ** - ၂၂-၅-၂၀၁၈ရက်၊ အင်္ဂါနေ့ ညနေ ၄း၃၀နာရီ

(ဂ) **နေရာ** - မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၅၇-၂၄၆၃၆၊ ၀၉-၂၅၅၉၁၅၀၇၇သို့ဖြစ်စေ၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ဖြစ်စေ၊ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## တောင်ကြီးမြို့
## တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လားရှိုးခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း (၁)ခု
၁ ဒသမ ၉၁ ဧက
အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၆၄)၊
နားမခေါ်ရပ်၊ လားရှိုးမြို့

(ခ) ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း (၁)ခု
၂ ဧက
ကျိုင်းတုံ-မိုင်းလားသွားကားလမ်းမကြီးဘေး
ကတ်ဖကျေးရွာ၊ ကျိုင်းတုံမြို့

(ဂ) တာချီလိတ်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း (၁)ခု
(၁၂၀'×၄၀')
အကွက်အမှတ်(၂၁)၊ မဲခေါင်ရပ်ကွက်၊
မဲခေါင်တိုက်(အရှေ့မြောက်ရပ်)ရှိ
အကွက်အမှတ်(၃၉)နှင့် (၄၀)၊ တာချီလိတ်မြို့

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် ဌာနမှ သတ်မှတ်ရောင်းချပေးသည့် တင်ဒါလျှောက်လွှာတွင် ပူးတွဲပါရှိသည့်အချက်အလက်များအတိုင်း ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် ဆောက်လုပ်မည့် ဒီဇိုင်းပုံစံ၊ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများကို ၇-၅-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၀၆၈၁၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
## သစ်တောဦးစီးဌာန ရှမ်းပြည်နယ်(တောင်ကြီး)၊
## လင်းခေးခရိုင်၊ လင်းခေးမြို့

သစ်တောဦးစီးဌာန၊ လင်းခေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်စက်လိုင်စင်(အသေး) လိုင်စင်ခွင့်ပြုသက်တမ်း (၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၈ရက်ထိ)ဖြင့် လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၅)ရပ်ကွက် သမီး ဒေါ်အေးမိမိခင် ပိုင်ဆိုင်သည့် (ဘ)ဦးစိုင်းစိန္တ(ခ)ဦးဝင်းမြင့်၏ အမည်ဖြင့် ထုတ်ပေးထားသော လိုင်စင်အမှတ် (၁/၂၀၁၃- ၂၀၁၄)(မူရင်း)သည် ၂၀၁၇ခုနှစ် ဒီဇင်ဘာတွင် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည့် လိုင်စင်မူရင်းသည် ၃၁-၃-၂၀၁၈ တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သစ်တောဦးစီးဌာန၊ လင်းခေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်စက်လိုင်စင်(အသေး)လိုင်စင်ခွင့်ပြုသက်တမ်း (၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၈ရက်ထိ)ဖြင့် လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၅)ရပ်ကွက်နေ သမီး ဒေါ်အေးမိမိခင် ပိုင်ဆိုင်သည့် (ဘ)ဦးစိုင်းစိန္တ(ခ)ဦးဝင်းမြင့်၏ အမည်ဖြင့် ထုတ်ပေးထားသော လိုင်စင်အမှတ်(၁/၂၀၁၃-၂၀၁၄) (မူရင်း)သည် (၂၀၁၇ခုနှစ် ဒီဇင်ဘာလ)တွင် အိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည့် လိုင်စင်မူရင်းအား ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သစ်တောဦးစီးဌာန**
**လင်းခေးခရိုင်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ၁/၂၀၁၈
## ၁၃၇၉ခုနှစ် တန်ခူးလဆန်း ၁ ရက်
## ၂၀၁၈ခုနှစ် မတ် ၁၇ရက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူး(၁၄၁)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | **ပညာအရည်အချင်း** | **အရေအတွက်** |
|---|---|---|
| (က) | ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)/စာရင်းကိုင်ပညာဘွဲ့(B.Act)/ စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ) B.Econ (Statistics)/ တက္ကသိုလ်တစ်ခုခုမှ(ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့)ရရှိပြီးစာရင်းကိုင်ပညာ ဒီပလိုမာ(DA)ရရှိပြီးသူ | ၉၁ ဦး |
| (ခ) | ဥပဒေဘွဲ့(LL.B) | ၁၀ ဦး |
| (ဂ) | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English) | ၁၉ ဦး |
| (ဃ) | ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)/ ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)/ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) [B.Sc (Computer Science)/ အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E(IT)]/အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E(IST)]/ အင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[B.E (CE)] | ၂၁ ဦး |
| | **စုစုပေါင်း** | ၁၄၁ ဦး |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၄-၂၀၁၈ရက်တွင် အသက်၂၅နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်ဖြစ်ပြီး၊ B.E ဘွဲ့ရရှိပြီးသူ၊ မဟာဘွဲ့ရရှိပြီးသူနှင့် အစိုးရဝန်ထမ်းဖြစ်ပါက အသက်၃၀ ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်နှင့် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်
(စ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
(ဆ) (ဝန်ထမ်းဖြစ်လျှင်)လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်စသည်တို့ကို အပြည့်အစုံဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-
(က) ရက်သတ္တပတ်နှစ်ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
(ဆ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
(ဇ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်းထောက်ခံချက်(မူရင်း)

၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၄-၅-၂၀၁၈ရက် နောက်ဆုံးထား၍ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ရန် ခွင့်ပြုနိုင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၄-၅-၂၀၁၈ရက် အရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသော၊ စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား ၁၈-၅-၂၀၁၈ရက်(သောကြာနေ့)၌ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာရပ်များအား ၁၉-၅-၂၀၁၈ရက်(စနေနေ့)တွင်လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်အား ၂၀-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင်လည်းကောင်း ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း-၀၆၇-၄၃၀၀၂၁ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## DAW KHIN KYI FOUNDATION

HOSPITALITY AND CATERING TRAINING ACADEMY

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အနာဂတ်အရည်အသွေးမြင့် ဝန်ဆောင်မှုကျွမ်းကျင်သူ မျိုးဆက်သစ်ပေါ်ထွက်ရေး ရည်ရွယ်ကာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုချက်ဖြင့် Hospitality and Catering Training Academy တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သင်တန်းလျှောက်လွှာခေါ်ယူခြင်း

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်ထားသော ဧည့်ဝတ်ကျေပွန်မှုနှင့် အစားအစာ ကျွေးမွေးဧည့်ခံမှုပညာသင်တန်းကျောင်း (Hospitality and Catering Training Academy) တွင် Certificate in Hotel Operation နှင့် Certificate in Culinary Arts အပတ်စဉ် (၇) သင်တန်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း စတင်ဖွင့်လှစ်ပါမည်။

အဆိုပါသင်တန်းများကို ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူပညာရှင်များမှ ASEAN Competency သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပေးမည်ဖြစ်ပါသည်။

သင်တန်းကျင်းပမည့်နေရာနှင့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**နေရာ** - Hospitality and Catering Training Academy သင်တန်းကျောင်း၊ N-61၊ မကျီးကန်ကျေးရွာ၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး

**သင်တန်းကာလ** - စာတွေ့ ၆လ+လက်တွေ့ ၂လ လုပ်ငန်းခွင်အလုပ်သင်

**သင်တန်းအချိန်** - နံနက် ၉ နာရီမှ ညနေ ၄ နာရီ၊ တနင်္လာနေ့မှ သောကြာနေ့အထိ

သင်တန်းလျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက်များမှာ-

(က) တက္ကသိုလ်ဝင်တန်း (၁၀)တန်းအောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူများ
(ခ) အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
(ဂ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။
(ဃ) သင်တန်းကာလအတွင်း သင်တန်းစည်းကမ်းများကို လိုက်နာနိုင်သူ၊ သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(င) သင်တန်းလျှောက်လွှာတွင် လျှောက်ထားသူကိုယ်တိုင် လက်ရေးဖြင့် ဖြည့်သွင်းရေးသားရပါမည်။

သင်တန်းလျှောက်လွှာများကို ၁၈-၅-၂၀၁၈ ရက်တွင် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။ HCTA မှ ကျင်းပပြုလုပ်မည့် သင်တန်းဝင်ခွင့်စာမေးပွဲ၊ လူတွေ့ဖြေဆိုရမည့်သူများစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်၊ အချိန်တို့ကို ၃၀-၅-၂၀၁၈ ရက်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးခန်းနှင့် HCTAကျောင်းတို့တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။ ရပ်ဝေးနေသူများမှ ဖုန်း-၀၉-၂၅၀၈၀၇၀၅၅၊ ၀၉-၂၅၁၀၃၄၅၆၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် အရည်အချင်းသတ်မှတ်ချက်အားလုံးနှင့် ကိုက်ညီပြီး ဟိုတယ်ဝန်ဆောင်မှုနှင့် အစားအသောက်စီမံချက်ပြုတ်မှုများကို အမှန်တကယ်စိတ်ဝင်စားသူများကိုသာ ဦးစားပေး ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

သင်တန်းလျှောက်လွှာများကို ၁၈-၄-၂၀၁၈ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူ လျှောက်ထားနိုင်သည်။

(က) Hospitality and Catering Training Academy သင်တန်းကျောင်း၊ N-61၊ မကျီးကန်ကျေးရွာ၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၈၀၇၀၅၅၊ ၀၉-၂၅၁၀၃၄၅၆၆
(ခ) ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ အခန်းအမှတ် ၀၀၄၊ ၀၀၆၊ Inya Lake Hotel၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၃၈၉၉၅၉

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် (SSB Information System) အတွက်
## တင်ဒါတင်သွင်းရမည့်ရက် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့ရှိ အကျိုးဝင်အလုပ်ဌာန၊ အလုပ်သမားများ မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းလုပ်ငန်းများအား လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System)အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၇-၃-၂၀၁၈ရက်မှ ၂၀-၃-၂၀၁၈ရက်အထိ သတင်းစာများတွင် တင်ဒါခေါ်ယူထားပြီး တင်ဒါပုံစံ ဝယ်ယူထားသည့်ကုမ္ပဏီများမှ တင်ဒါအဆိုပြုလွှာ (RFP) တင်သွင်းရမည့်ရက်အား ၁၁-၅-၂၀၁၈ရက် နောက်ဆုံးထား တင်သွင်းရန် သတ်မှတ်ထားရှိခဲ့ပါသည်။

၂။ သို့သော် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် (SSB Information System)စီမံကိန်းသည် ကြီးမားရှုပ်ထွေးပါ၍ စနစ်အား ပိုမိုနားလည်သဘောပေါက်နိုင်ရန်နှင့် လူမှုဖူလုံရေးအဖွဲ့၏ ပင်မလုပ်ငန်းစဉ်များအား လေ့လာရာတွင် အချိန်ပိုမိုရရှိစေရန်အတွက် တင်ဒါအဆိုပြုလွှာ (RFP)တင်သွင်းရမည့်ရက်အား ယခင်သတ်မှတ်ထားသည့် ၁၁-၅-၂၀၁၈ရက်အစား တင်ဒါအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာများကို လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ် ၃/၇၇၊ သီရိရတနာလမ်းနှင့် နေကြာ(၈)လမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၀၁၈ခုနှစ် မေ ၃၁ရက်၊ ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းသည့် အဆိုပြုလွှာများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါကြောင်းနှင့် တင်ဒါရွေးချယ်မှုလုပ်ငန်းစဉ်အား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့် အချိန်ကာလ |
|---|---|---|
| (က) | တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက် (Technical Proposal နှင့် Commercial Proposal များ) | ၃၁-၅-၂၀၁၈ရက် (ရုံးချိန်အတွင်း) |
| (ခ) | နည်းပညာဆိုင်ရာ တင်သွင်းလွှာများအား စိစစ်အကဲဖြတ်ခြင်း (ပဏာမ ကုမ္ပဏီများအား စိစစ်ရွေးချယ်ပါမည်။) (နည်းပညာဆိုင်ရာ ၇၀% ရမှသာ ပဏာမ ကုမ္ပဏီအနေဖြင့် ရွေးချယ်ပါမည်။) | ၄-၆-၂၀၁၈ရက်မှ ၁၅-၆-၂၀၁၈ရက်အထိ |
| (ဂ) | ပဏာမရွေးချယ်ထားသည့်ကုမ္ပဏီများမှ Presentation ပြုလုပ်ခြင်း (ကုမ္ပဏီ တစ်ခုလျှင် ၂နာရီ၊ Q & A အပါအဝင်) | ၁၈-၆-၂၀၁၈ရက်မှ ၁၉-၆-၂၀၁၈ရက်အထိ ၂၀-၆-၂၀၁၈ရက် (အရန်) (၁၀း၀၀)နာရီ |
| (ဃ) | ပဏာမ စိစစ်ရွေးချယ်ထားသောကုမ္ပဏီများ၏ ဈေးနှုန်း တင်သွင်းလွှာများအား ဖွင့်ဖောက်ခြင်းနှင့် တင်ဒါစိစစ်ရွေးချယ်ခြင်း | ၂၅-၆-၂၀၁၈ရက် (သို့) ၂၇-၆-၂၀၁၈ရက် (၁၀း၀၀)နာရီ |
| (င) | တင်ဒါအောင်မြင်သောကုမ္ပဏီအား အကြောင်းကြားခြင်းနှင့် ဝန်ကြီးဌာန website တွင် ကြေညာခြင်း | ၂၉-၆-၂၀၁၈ရက် |

၃။ တင်သွင်းလာသည့်အဆိုပြုလွှာ ချိပ်ပိတ်စာအိတ်သည် ပေါက်ပြဲခြင်း၊ စုတ်ပြဲနေခြင်း၊ e-mail ဖြင့် လျှောက်ထားတင်သွင်းခြင်းများကို လုံးဝ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website (www.mol.gov.mm) တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၁၇၉၂၅၊ ၀၆၇-၃၄၁၇၉၅၁နှင့် e-mail (ssbitsection@gmail.com) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/၈၉၉၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးခေါ်လူး ၁/မကန(နိုင်)၀၄၃၁၈၂က (ကမ-၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မေလ ၂၆၊ ၂၇ (၉၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မေလ ၁၉ ရက်တွင် စတင်လက်ခံ၍ မေလ ၂၆၊ ၂၇ ရက်များတွင် ၉၁-ကြိမ်မြောက် ဦးရေ (၁၁၃၁၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရန်ကင်း။ (ကျိုက္ကာသံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာမှ နှစ်သစ်ဦးဆုမွန်ကောင်းတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂ ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် ၇၆၉/၇၇၁ တွင် တည်ရှိသည့်ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသည် အသက် ၇၀ နှင့် အထက် ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားတို့၏ ကျန်းမာရေးကိုပြုစုစောင့်ရှောက်ပေးသည်မှာ ၅-၄-၂၀၁၈ ရက်တွင် (၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၈)နှစ်တာကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းပေးကြသော အလှူရှင်များ၊ အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေ၊ ပဒေသာပင်များစိုက်ထူပေးသည့်အလှူရှင်များ၊ လုပ်အားဒါနပေးလှူပေးကြသည့် လူငယ်ပရဟိတ အသင်းများ၊ ကျန်းမာရေးကိုစောင့်ရှောက်ပေးပါသော သုခကုသိုလ်ဖြစ် ဆေးခန်းနှင့် ပုဂ္ဂလိကဆေးခန်းများမှ အထူးကုဆရာဝန်ကြီးများ၊ ဘိုးဘွားများ၏ နောက်ဆုံးခရီးတွင် ပို့ဆောင်ပေးသော နာရေးကူညီမှုအသင်းကြီးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းခဲ့သည့် ကုသိုလ်တို့ကြောင့် စိတ်ချမ်းသာကိုယ်ကျန်းမာ လိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆည်းဆာရိပ်မိသားစုမှ နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ ဘိုးဘွားများ၊**
**အလုပ်အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ**

## ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၈ မြို့နယ်မှ ပရိယတ္တိစာချစာသင်သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ်တို့အား နေ့စဉ်အရဏ်ဆွမ်းအတွက် တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိခြင်း၊ အထက်ပါစာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဆွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် စာအောင်အရှင်သူမြတ်တို့အား စာအောင်သံဃာလှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်း ဆောင်ရွက်ခဲ့သည်မှာ ၉၂ နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်း စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပြီး ရဟန်းရှင်လူပြည်သူအများအား ပိဋကတ်စာပေ၊ သုတ၊ ရသစာပေများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိသလို သာသနာတော်ပြန့်ပွားရေးအတွက် အဘိဓမ္မာနှင့် အခြားဘာသာရေးဆိုင်ရာ သင်တန်းများ၊ လူပုဂ္ဂိုလ်များဆိုင်ရာ နိုင်ငံတကာဘာသာစကား သင်တန်းများကိုလည်း အခမဲ့ ဖွင့်လှစ်ထားလျက်ရှိပါသည်။

ဤကဲ့သို့ နှစ်စဉ် အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှ အကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှု၊ စေတနာသဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံစုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသား၊ ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာကြလျက် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

## ရန်ကင်းအေးငြိမ်းရိပ်သာ ရက် (၆၀) တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ဟောကြားပြသခဲ့သော မိမိကမ္မဋ္ဌာန်းကျောင်းထဲမှနေ၍ လူ့ပြည်နတ်ပြည်မှဘုရားများ ပကတိမျက်စိဖြင့် မြင်ရသလို ဖူးမြင်နိုင်ခြင်း ပစ္စယပရိဂ္ဂဟ၊ အတိတ်ဘဝများမြင်နိုင်သော သမထ၊ ဝိပဿနာတရားစခန်းကို (၁၃၈၀ခုနှစ် ကဆုန်လဆန်း ၁၄ရက်) ၂၈-၄-၂၀၁၈ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ **စခန်းကြေး၊ ဆွမ်းစရိတ်မပေးရပါ။**

**သာသနာ့အကျိုးဆောင်အဖွဲ့**

**ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၄၄၂၀၃၃၉၂၂၊ ၀၉-၇၉၆၇၆၂၁၇၆**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၁၃၈၀ ပြည့်နှစ်၊ နှစ်သစ်မင်္ဂလာချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သောစေတနာ၊ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူကူညီလှူဒါန်းကြသူအလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။ (၁၀၃) နှစ် ဘိုးဘွား (၂) ဦး၊ (၉၀) နှစ်အထက် ဘိုးဘွား (၂၂) ဦး၊ (၈၀) နှစ်အထက် (၉၄) ဦး၊ (၇၀) နှစ်အထက် (၅၃) ဦး၊ စုစုပေါင်းဘိုးဘွား (၁၇၁) ဦးတို့ကို စောင့်ရှောက်ထားပါသည်။

**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**

ဖုန်း – ၅၄၁၇၉၆, ၅၄၁၇၉၇, ၅၄၆၁၇၆ (လိုင်းခွဲ) ၄၀၇၊ ၄၀၈ (၂၁) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

## နှစ်ဦးသတင်းကောင်းလက်ဆောင်

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်ကြီး၏ မေတ္တာဓာတ်ကိုခံယူပြီး ပြည်တွင်း/ပြည်ပသာသနာပြု အကြားအမြင်ပါရမီရှင် မယ်တော်ကြီး ဒေါ်နန္ဒမာလာသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော (တော်သလင်းလပြည့် ကျော် ၁ ရက်နေ့) တွင် အဘအောင်မင်းခေါင်ကြီး၏ မဟာထွက်ပွဲ အောင်ပွဲအကြိုပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်ပူဇော်ပြီး ဗုဒ္ဓဂယာမြေမြတ်မဟာသို့ မဟာကံထူးရှင်များအား ရွေးချယ်ခဲ့ရာတွင် ယနေ့ ၁၃၇၉ ခုနှစ်ဆိုလျှင် တတိယအကြိမ်မြောက်ဖြစ်ခဲ့ပြီး ကံစမ်းမဲပေါက်သူ လူဦးရေစုစုပေါင်းနှင့်အတူ မယ်တော်ကြီးဒေါ်နန္ဒမာလာ ဦးစီးထုတ်ဝေသော ပါရမီရှင်မဟာဂမ္ဘီရဂျာနယ်ကိုယ်စားလှယ်များအား အခမဲ့ပို့ဆောင်သူဦးရေစုစုပေါင်း (၄၆၈) ဦး ပို့ဆောင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ထပ်မံ၍လည်း ပါရမီရှင်မဟာဂမ္ဘီရဂျာနယ်ရောင်းချသူ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပါရမီရှင်မဟာဂမ္ဘီရဂျာနယ် ဖတ်ရှုသူကံစမ်းမဲများလည်း ထပ်မံပြီးမဲဖောက်ပေးသွားပါမည်ဖြစ်ကြောင်း နှစ်ဦးသတင်းကောင်းပါးအပ်ပါသည်။

ပြည်တွင်း/ပြည်ပသာသနာပြု
အကြားအမြင်ပါရမီရှင် မယ်တော်ကြီး ဒေါ်နန္ဒမာလာ

## (၁၃၈၀ ခုနှစ်) နှစ်ဦးဆုတောင်း

ပြည်တွင်း/ပြည်ပသာသနာပြု အကြားအမြင်ပါရမီရှင် မယ်တော်ကြီး ဒေါ်နန္ဒမာလာသည် (၂၀-၁-၂၀၁၈) မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းစာတို့မှ ကြော်ငြာပြီး သာသနာထွန်းကားပြန့်ပွားရန်ရည်ရွယ်လျက် ဓမ္မာစရိယအောင်မြင်ပြီးသောပုဂ္ဂိုလ်များအား ဗုဒ္ဓဂယာမြေမြတ်မဟာသို့ အခမဲ့ ဘုရားဖူးပို့ဆောင်ရန် ကြော်ငြာခဲ့ရာတွင် ဓမ္မာစရိယအောင်မြင်ပြီး သံဃာပါး ၇၆ ပါး၊ သီလရှင် ၅၂ ပါး စုစုပေါင်း (၁၂၈) ဦးတို့အား ကုသိုလ်ဖြစ်အခမဲ့ပို့ပြီးဖြစ်ပါသည်။ ဤကောင်းမှုကုသိုလ်ထူး၊ ကုသိုလ်မြတ်တို့ကြောင့် ဒီနှစ်သစ်မှစတင်ပြီး တစ်နှစ်ပတ်လုံး အားလုံးဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပြီး ကောင်းသောလိုအင် ဆန္ဒတွေ ပြည့်ကြပါစေ၊ သာသနာတော်ကြီးအားလည်း စောင့်ရှောက်နိုင်ကြသော ပြည်သူ/ပြည်သားများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ပြည်တွင်း/ပြည်ပသာသနာပြု
အကြားအမြင်ပါရမီရှင် မယ်တော်ကြီး ဒေါ်နန္ဒမာလာ

## အမည်ပြောင်းခြင်း

မုံရွာမြို့ရှိ ပန်းတံခွန်ကျောင်းတွင် Grade -5 တက်ရောက်မည့် (ဘ)ဦးရန်နိုင်မြင့်၏ သမီး မထွန်းအိရွှေစင်အား မအိန္ဒြေခေတ်စံဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၄၀၃၊ မြေကွက်တည်နေရာအမှတ် ၄၀၃၊ နေကြာ၁လမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကျော်ဝင်း(ကွယ်လွန်)၏ဇနီး ဒေါ်ရင်ကြည်(AB-၀၄၇၄၅၀) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူတို့ အသီးသီးကွယ်လွန်သဖြင့် သား/သမီးများဖြစ်ကြသော ဒေါ်မိုးမိုးကျော် ၁၂/ကမရ(နိုင်)၀၀၈၃၂၈၊ ဦးစိုးဝင်း ၁၂/ကမရ(နိုင်)၀၃၇၃၄၃၊ ဒေါ်တိုးတိုးကျော် ၁၂/ကမရ(နိုင်)၀၀၈၃၃၂၊ ဦးသူရကျော် ၁၂/ကမရ(နိုင်)၀၃၇၁၇၃၊ ဒေါ်မိမိကျော် ၁၂/ကမရ(နိုင်)၀၀၈၃၂၆၊ ဒေါ်ပပကျော် ၁၂/ကမရ(နိုင်)၀၀၃၆၀၂တို့မှ ဂရန်မူရင်း၊ နိုင်ကတ်၊ မိခင်သေစာရင်း၊ ဖခင် ကွယ်လွန်ကြောင်း ရပ်ကွက်/မြို့နယ်ထောက်ခံချက်၊ တိုင်းကျန်းမာရေးဦးစီး ထောက်ခံချက်တို့တင်ပြ၍သားသမီး (၆)ဦးထံမှ ရရှိသည့် အထွေထွေကိုယ်စားလှယ်စာအမှတ်(၇၄၃၇/၇-၈-၂၀၁၇)နှင့်(၇၄၃၆/၇-၈-၂၀၁၇)ဖြင့် ရရှိသူ ဒေါ်ခင်မာထွေး ၁၂/ဥကတ(နိုင်)၁၆၉၃၄၀မှ ပိုင်ဆိုင်+ အရောင်းလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်ကာ၊ သွပ်မိုး(၂)ထပ်အိမ်ရှိပြီး GP-ဒေါ်ခင်မာထွေး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ GP-ဒေါ်ခင်မာထွေး၏ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

C B BANK

"နှစ်သစ်ကူးဆုတောင်း"

CB Bank နှင့် အစဉ်လက်တွဲဆောင်ရွက်လျက်ရှိသော
Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန်
ကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ဘဏ်ဝန်ထမ်းများအားလည်းကောင်း
အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များအားလည်းကောင်း
မြန်မာ့နှစ်သစ်ကူးအခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်
ပြည့်စုံပြီး CB Bank နှင့်အတူ ရေရှည်လက်တွဲ ဆောင်ရွက်သွားနိုင်ပါရန်
နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါသည်...

CB Bank မိသားစု

EMERGENCY 24/7 Services 01 368 44 11

PUN HLAING SILOAM HOSPITALS

သင့်ရဲ့အရေးပေါ် အခြေအနေတိုင်းအတွက် ယုံကြည်အားထားရာ

နိုင်ငံတကာအတွေ့အကြုံများစွာရှိ အထူးကုဆရာဝန်ကြီးများ အချိန်ပြည့်ရှိနေသည့် တစ်ခုတည်းသော နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ ဆေးရုံ

Gold Seal of Approval (JCIA,USA)

| ပန်းလှိုင်စီလုံဆေးရုံ (ရန်ကုန်) | ပန်းလှိုင်ဆေးခန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) | ပန်းလှိုင်စီလုံဆေးရုံ (မန္တလေး) | ပန်းလှိုင်စီလုံဆေးရုံ (တောင်ကြီး) |
|---|---|---|---|
| 09 421 042 679 | 09 513 7812 | 02 406 9203 (4 5 6) | 081 212 1762 |

D4D® COLLECTION

နှစ်သစ်ဆုတောင်း

မြန်မာနှစ်သစ်အခါသမယတွင် မိတ်ဟောင်း၊ မိတ်သစ်များအားလုံး

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံ၍ စီးပွားဥစ္စာများ

ဒီရေအလားတိုးတက်ကြွယ်ဝပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

D4D COLLECTION

လိပ်စာ - အမှတ်(၅၀)၊ စိန်ခြယ်လမ်း၊ အောက်ပုဇွန်တောင် (၅) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

Ph : 09 732 370 92, 09-731 627 55, Hotline - 09 970 739 756

ကမ္ဘာ့ရတနာဘဏ်

GLOBAL TREASURE BANK PUBLIC CO.,LTD.

မင်္ဂလာရှိသည့် နှစ်သစ်အခါသမယတွင် မိဘပြည်သူအပေါင်းနှင့်

ကမ္ဘာ့ရတနာဘဏ်၏ မိတ်ဟောင်းမိတ်သစ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာပျော်ရွှင်ပြီး

လုပ်ငန်းဆောင်တာများတိုးတက်အောင်မြင်ပါစေကြောင်း

ကမ္ဘာ့ရတနာဘဏ်မိသားစုမှ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

ယခင် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်

နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း
Metro မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

Japan Style Education

METRO
IT & Japanese Language Centre

2018 July Intake
တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများ IT Engineer တစ်ယောက်အဖြစ် ရပ်တည်ချင်သူများအတွက်

**System Creator Course ( IT Diploma - 2 years )**

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ယူကြပါစို့ !




IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာစေပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့်

“ Only One School in Myanmar ”




IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

**IT Course Seminar ( Yangon )**

Date : 22 April 2018 ( Sun )

Time : 1:00 am ~ 3:00 pm

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Street, Kyauktada Tsp, Yangon.

09-262007900, 09-976334160

metrogroupmyanmar metro-myanmar.com/mic

**IT Course Seminar ( Mandalay )**

Date : 21 April 2018 ( Sat )

Time : 1:00 am ~ 3:00 pm

Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay.

09-401000510, 09-401000520

metrogroupmandalay mminfo@metro-myanmar.com

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။ Free Trial Lecture များကိုလည်း တက်ရောက်နိုင်ရန် စီစဉ်ထားရှိပါသည်။



# မြန်မာနှစ်သစ်ကူးဆုတောင်းလွှာ



မြန်မာနှစ်သစ်ကူး အခါသမယတွင် မိတ်ဟောင်းမိတ်သစ်များနှင့်တကွမြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်အလုပ်အကိုင် စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရှပ်ဖျိုတိုင်းရင်းဆေးမိသားစု

ဂျူဗီနိုင်းသောက်ရေသန့်မိသားစု

## နှစ်သစ်မင်္ဂလာဆုတောင်းစကား

မြန်မာသက္ကရာဇ် ၁၃၈၀ခုနှစ် ကဆုန်လဆန်း ၃ရက်တွင် ကျရောက်သော မြန်မာ့ရိုးရာနှစ်သစ်ကူးမင်္ဂလာအခါသမယတွင် မြန်မာနိုင်ငံကြီး ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများနှင့် အသင်းသားများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်နှင့်အတူ မင်္ဂလာအပေါင်း ပြည့်စုံစွာရောင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းများနှင့်ပြည့်စုံပါစေကြောင်း မေတ္တာပို့သဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်သည် နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နှစ်သစ်တွင် ပြည်သူအများ လိုလားတောင့်တ နေကြသည့် စီးပွားရေးတိုးတက်မှု၊ ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုများ ရရှိနိုင်ပါစေကြောင်း ထပ်ဆင့်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

**Field Operators and Maintenance Assistants** များ အလိုရှိသည်။ **(Project based/ Contract Staff)**

(1) Filed Operators M (16) Posts
B.E, B.Tech, A.G.T.I (Mechanical/ Electrical Power)
(2) Maintenance Assistants M (24) Posts
B.E, B.Tech, A.G.T.I (Mechanical/ Electrical Power)

★ သက်ဆိုင်ရာ Industries များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် လုပ်ငန်းအတွေ့အကြုံ (၁)နှစ်မှ (၃)နှစ် ရှိရမည်။
★ Diesel Gas Engines, Large Gen-Set, Caterpillar, GE, Wartsila Engine ကြီးများပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးမည်။
★ ရှိသားကြိုးစားပြီး အလုပ်တာဝန်များကို အလုပ်ခွင်စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်သူ၊ Teamwork စိတ်ဓာတ်ရှိသူ၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။
★ Work Instruction များ၊ နိုင်ငံခြားသားများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အခြေခံ English ဘာသာစကားကိုပြောဆို နားလည်နိုင်ရမည်။ Computer အခြေခံ Work, Excel နှင့် Email ကိုအသုံးပြုနိုင်ရမည်။
★ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် EHS လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရမည်။

(၃၁)ရက်၊ ဧပြီလ၊ ၂၀၁၈ အတွင်း CV ပေးပို့လျှောက်ထားနိုင်ပါသည်။
**Regal Myanmar Industrial & Systems Engineering**
**Telephone: 09 31 569 475, 09 31 339 533.**
Email : regalmyanmarhr@gmail.com
တိုက် (၈၂)၊ အခန်း (၁၁၀၂)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ခင်ပြုံးမွန်
အင်ဒိုနီးရှားပါတိတ်
GRAND SOLO
ပါတိတ်
SOLO®
COLLECTION
MARK®
WILLIAMS
Denzzo®
DENZZO THE BEST



## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

မြန်မာသက္ကရာဇ် (၁၃၇၉-၁၃၈၀) နှစ်သစ်ကူး အခါသမယတွင် အစဉ်အမြဲလေးစားတန်ဖိုးထားရသော မိတ်ဟောင်း မိတ်သစ်များ အားလုံး စီးပွားလာဘ်လာဘများ တိုးတက်ပြီး စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း တို့နှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/3558 Nissan Vanette Sk 82 TN ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်းဦး ၁၀/ပမန(နိုင်)၁၈၁၄၂၇၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၅၇၉၇၆ Yamaha DT 125 R M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွန်းအောင် ၉/ပကခ(နိုင်)၀၀၃၄၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

၁၃၈၀–ခုနှစ်ကို တွေ့ဆုံဖြတ်သန်းကြမည့် မိဘပြည်သူအပေါင်း၊
ကိုယ်စိတ် နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရူပမျက်မှန်

ဗိဗိ..မျက်မှန်၏လိုအပ်ချက်များကို မည်သည့်ဆိုင်ခွဲတွင်မဆို ဝင်ရောက်ပြုပြင်နိုင်ပါသည်။
အဝိုပစ္စည်းအပြည့်အစုံထားရှိပေးထားပါသည်။

| ရွှေဘုံသာလမ်း၊ အထက် | ၈–မိုင်လမ်းဆုံ | ပြောက်ဥက္ကလာပ | မန္တလေးမြို့တော်(၂) | မန္တလေးမြို့တော်(၁) Soon |
|---|---|---|---|---|
| 01-248248, 01-383525 | 01-652802, 09 962041189 | 09 965141189, 09 962042289 | 02-68268, 09 765141189 | 02-66605 , 09 785141189 |





နှစ်သစ်ကူး နှစ်ဦး မှာ မင်္ဂလာ အပေါင်း နှင့်ပြည့်ရုံ ကြပါစေ

ပြည်သူ ပြည်သား ကမ္ဘာသူ ကမ္ဘာသား များ
● အေးငြိမ်းသာယာ ရွှင်လန်းချမ်းမြေ့ကြပါစေ

မိုက်ခွဲဖို့အရေး ကာကွယ်ပေး နေတဲ့
ဇော်ပုံ
အစာအိမ်ဆေး
မိသားစု ဆုမွန် ရတနာ

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

RUBY ကားစီးလုံးငှားသည်
09-51-77212, 519100 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄) ၁၀၊၇ ယောက်စီးနှင့် Saloon, Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁အနောက်မြင်းမြို့ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။
ဖုန်း– ၅၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0118)
လွင်မြင့်အောင် အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်



အကျိုးအာနိသင်
- အသားအရေတင်းရင်းလှပစေခြင်း၊
- အရေးအကြောင်းများလျော့ပါးစေခြင်း၊
- အနာကျက်မြန်စေခြင်း၊
- သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
- သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်းပေးခြင်း၊
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
- လန်းဆန်းခွန်အားဖြစ်စေခြင်း၊
- ဆီးရွှင်ခြင်း၊

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၁-၅၄၈၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များ၊ City Mart (ဆေးကောင်တာ) နှင့် စီးဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။





## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/8147၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဇယ/၂၈၇၄၆ Honda Scoopy 110, MC ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၉/မနတ(နိုင်)၀၀၄၇၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်

**နေပြည်တော် ဧပြီ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ကုန်ဆုံး၍ ၁၃၈၀ ပြည့်နှစ် နှစ်သစ်သို့ကူးပြောင်းသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါသမယ ဖြစ်သည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် နှစ်ဟောင်းမှ ကိုယ်၏အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏ အညစ်အကြေးများကို နှစ်သစ်တွင် ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ မြန်မာတို့၏ ရိုးရာဓလေ့တစ်ခုအဖြစ် မင်္ဂလာရှိရှိ အစပြုလေ့ရှိကြသည်။

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့တွင်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်ပေးခြင်းနှင့် ကန်တော့ခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းနှင့် ကုသိုလ်ဒါနပြုခြင်းတို့ဖြင့် နှစ်သစ်ကို အစပြုလျက်ရှိကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေတွင်လည်း နှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နံနက်ပိုင်းမှစ၍ တန်ခိုးကြီးဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော်သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ ဒသမအကြိမ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၊ နိုင်ငံတော် သြဝါဒါစရိယ၊ စာမျက်နှာ ၉ ကော်လံ ၁ ❒



သံဃာတော်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ကူးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြစဉ်။
သတင်းစဉ်

## သကြၤန်အပြီး မြန်မာဘောလုံးအသင်းများ ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများ



မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဧပြီ ၁၇**

၂၀၁၈ ခုနှစ်စတင်ကတည်းက ပြည်ပပြိုင်ပွဲများနှင့် အဆက်မပြတ်ခဲ့သည့် မြန်မာဘောလုံးအသင်းသည် သကြၤန်အပြီးကာလတွင်လည်း နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက် ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

လက်ရွေးစင်အမျိုးသားနှင့် အမျိုးသမီးအပါအဝင် သက်တန်းအလိုက် လူငယ်လက်ရွေးစင်အသင်းများသည် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး သကြၤန်အပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် မြန်မာ ယူ-၂၁ အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (က)၌ ထိုင်း၊ ဘရူနိုင်း၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဖွဲ့စည်းထားသည့် ဦးကြည်လွင် ကိုင်တွယ်နေသောအသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ မေ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး

စာမျက်နှာ ၁၃ ကော်လံ ၅ ●

## ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၁၇**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေး နှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

## ရန်ကုန်မြို့ရှိ အင်းစိန်(ဗဟို)အကျဉ်းထောင်မှ အကျဉ်းသား ၃၃၆ ဦး လွတ်မြောက်

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ အကျဉ်းထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန် (ဗဟို) အကျဉ်းထောင်မှ နိုင်ငံရေး အကျဉ်းသားရှစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦး အပါအဝင် အကျဉ်းသား၊ အကျဉ်းသူ ၃၃၆ ဦး စာမျက်နှာ ၁၁ ကော်လံ ၁ ✻

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် နေပြည်တော်ကောင်စီ၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။**



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နေပြည်တော်ကောင်စီ

## ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ နေချင်စဖွယ်ကောင်းသည့် မြို့တော်ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိ

■ ဇူလိုင်မိုး(မြန်မာ့အလင်း)



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ကြီးကို မြို့ပြဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စိမ်းလန်းစိုပြည်သည့် နေပြည်တော်ကြီး ဖြစ်ပေါ်လာစေရန်၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ နေချင်စဖွယ်ကောင်းသည့် နေပြည်တော်ကြီး ဖြစ်စေရန်အပြင် နေပြည်တော်ဒေသကို သင်ကြားရေးဗဟိုဌာနကြီးသဖွယ် ဖြစ်စေရန်၊ အနာဂတ်အတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် နေရာဖြစ်စေရန် နေပြည်တော်ကောင်စီက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



နေပြည်တော် မဟာသကြၤန်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ပြည်ထောင်စုနယ်မြေအတွင်း အစိုးရပထမ တစ်နှစ်တာတွင် လုပ်ငန်းကဏ္ဍအသီးသီး၌ ပြည်ထောင်စု၏ ခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ၊ ဒေသအစီအစဉ် အလှူရှင်များ၏ ရန်ပုံငွေများ စုပေါင်းပြီး လုပ်ငန်းပေါင်း ၁၄၃၁ ခုမှာ ငွေကျပ်သန်းပေါင်း ၄၁၆၀၀ ကျော်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဒုတိယတစ်နှစ်တာကာလအတွင်းတွင်လည်း လုပ်ငန်းပေါင်း ၁၃၉၀ ကျော်ကို ငွေကျပ် သန်းပေါင်း ၄၂၄၀၀ ကျော်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

### မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး

နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ကျေးလက်ဒေသများတွင် သောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားမှုဆိုင်ရာ အခွင့်အရေးများ ကျေးလက်အထိ ရရှိစေရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်သွားရန်၊ တရားဥပဒေစိုးမိုးရေး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်မည့်အခွင့်အရေးများ၊ အကာအကွယ်ပေးမှုများကို နေပြည်တော်နေပြည်သူများ အပြည့်အဝခံစားခွင့်ရရှိစေရန်၊ ပြည်ထောင်စုနယ်မြေကို အနာဂတ်မျှော်မှန်းချက်များ ရွေးချယ်သတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်သုံးရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပုံဖော်ထုဆစ်လျက်ရှိသည်။

### လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါမှ ကုန်စည်စီးဆင်းမှုများသည် မြန်ဆန်လာပြီး တစ်ဆက်တည်း ကူးသန်းမှုလွယ်ကူစေမည် ဖြစ်ကာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

လမ်းတံတားများ ဖောက်လုပ်ပေးရာတွင် အဓိကကျေးလက်လမ်းများကို အများဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။ အသစ်တိုးချဲ့တည်ထောင်ခဲ့သည့် သီရိငါးမြို့နယ်မှာ မြို့ပြဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ရေ၊ မီးများ ပြည့်စုံလျက်ရှိသည်။ အလားတူ နယ်မြေအတွင်း ပါဝင်သည့် ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်တို့တွင် မြို့ပေါ်ရပ်ကွက်များနည်းတူ ဆက်စပ်ကျေးရွာများ ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးစေရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်

ရန်ကုန်-မန္တလေးလမ်းဟောင်းမှာ မြို့ထဲမှာ ဖြတ်သန်းသွားပြီး လမ်းဟောင်းမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ထဲတွင် ၅၇ မိုင်၊ ၅ ဖာလုံ ကျော်ခန့် ပါဝင်သည်။ ယခင်က လမ်းဟောင်း၏ အခြေအနေမှာ ကတ္တရာလမ်းအကျယ် ၂၄ ပေခန့်သာရှိခဲ့ရာ အစိုးရသစ်၏နှစ်နှစ်အတွင်းမှာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြီး လေးလမ်းသွား လမ်းအကျယ် ၄၈ ပေအထိ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အဆိုပါ လမ်းပိုင်းကို ယခုလက်ရှိ ၅၅ မိုင်၊ ၃ ဖာလုံ ဆောင်ရွက်ပြီးစီးပြီး ကျန်လမ်းပိုင်းကို ရှေ့ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းတံတားကဏ္ဍအနေဖြင့် အစိုးရပထမ တစ်နှစ်တာအတွင်းမှာ လုပ်ငန်းပေါင်း ၆၅၁ ခုကို ငွေကျပ် သန်းပေါင်း ၁၂၂၀၀ ကျော်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အစိုးရဒုတိယ တစ်နှစ်တာ ကာလအတွင်း လုပ်ငန်းပေါင်း ၃၆၁ ခုကို ငွေကျပ် သန်းပေါင်း ၁၂၀၀၀ ကျော်နှင့် ထပ်မံဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျေးလက်ဒေသနှင့် မြို့ပြကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသများတွင် လမ်း ၁၅ လမ်း ( ၂၈ /၅ ဒသမ ၅၄)မိုင်နှင့် တံတားခြောက်စင်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

*အချပ်ပို(ခ)သို့*



ဆင်သေလက်ဝဲမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

နေပြည်တော်၌ လူဦးရေ တစ်သန်းကျော် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသနေပြည်သူ လူထုက ၅၀ ရာခိုင်နှုန်းကျော်ဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးပင်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း နေပြည်တော်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၁၇၀၅၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၆၉၈၁၂ ဧက ရိတ်သိမ်းနိုင်ခဲ့သည်။ တစ်ဧကအထွက်နှုန်းမှာ ၈၄ တင်းဖြစ်ပြီး စုစုပေါင်းတင်းရေ ၁၄၃ သိန်းကျော် ထွက်ရှိခဲ့သည်။ နွေစပါးမှာ ဧက ၂၅၉၀၀ ကျော် စိုက်ပျိုးရန် လျာထားခဲ့ပြီး စိုက်ဧကအားလုံးကို စိုက်ပျိုးပြီးဖြစ်ပါသည်။ စပါးသီးနှံ မျိုးသန့်ထုတ်လုပ်မှုတွင် ကုမ္ပဏီနှင့် ဌာနပေါင်းရှစ်ခုမှ မိုးစပါး ၁၆၅၅ ဒသမ ၅ ဧက စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး အထွက်နှုန်း ၈၃ ဒသမ ၉၉ တင်း ရှိပြီး စုစုပေါင်းတင်းရေ ၁၃ ဒသမ ၄၉ သိန်း ထွက်ရှိခဲ့သည်။ နွေစပါးမှာ ၆၃၃ ဧက လျာထားပြီး ၆၁၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။ စပါးသီးနှံ (RS to CS) မျိုးစေ့ထုတ်လုပ်ငန်းတွင် မိုးစပါးဧက ၃၅၀ စိုက်ပျိုးခဲ့ကာ အထွက်နှုန်းမှာ ၇၇ တင်းဖြစ်ပြီး စုစုပေါင်းတင်းရေ ၂၆၇၄၆ တင်းထွက်ရှိခဲ့သည်။ နွေစပါးအနေဖြင့် ဧက ၁၅၀ စိုက်ပျိုးရန် လျာထား ခဲ့ပြီး ၁၃၆ ဧကစိုက်ပျိုးပြီးဖြစ်သည်။



နေပြည်တော် သပြေကုန်း (ကုန်စိမ်းနှင့်သားငါး) ဈေးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။




နေပြည်တော် ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းရပ်ကွက်သို့ ပြောင်းရွှေ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။

မျိုးသန့်ထုတ်လုပ်မှုများမှ ထွက်ရှိလာသည့် စပါးများကို လာမည့်မိုးရာသီတွင် တောင်သူများ မျိုးကောင်းမျိုးသန့်ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်းသိရသည်။ တောင်သူပညာပေး စံပြကွက်အနေဖြင့် မြို့နယ် ရှစ်မြို့နယ်ရှိ စိုက်ဧက ၃၅၀ စိုက်ပျိုးရိတ်သိမ်းခဲ့ရာ အထွက်နှုန်းမှာ ၇၇ တင်းရှိကာ စုစုပေါင်းတင်းရေ ၂၆၀၀၀ ကျော် ရရှိခဲ့သည်။

### ဆည်ရေသောက်စနစ်

စိုက်ပျိုးရေးလုပ်ငန်းတွင် မရှိမဖြစ် လိုအပ်သည့်ရေကို ဆည်မြောင်းဆည်ရေသောက်စနစ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေး လျက်ရှိပါသည်။ ဆည်မြောင်းကဏ္ဍအနေဖြင့် နေပြည်တော်တွင် အစိုးရ ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၁၉၉ ခုကို ငွေကျပ်သန်းပေါင်း ရှစ်ထောင်ကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ယခုဒုတိယ တစ်နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၄၁၃ ခုကို ငွေကျပ်သန်းပေါင်းတစ်သောင်းကျော်ဖြင့် အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံခဲ့သည်။

အဓိကအားဖြင့် ကမ္ဘာ့ဘဏ်ချေးငွေနှင့် Agriculture Government Supporting Project အရ တပ်ကုန်းမြို့နယ်တွင်းရှိ ဆင်သေလက်ဝဲမြောင်းဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ် ၃၃၉၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက ဆည်ရေသောက် ဧရိယာ ၆၉၇၃ ဧကကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် တပ်ကုန်းမြို့နယ်အတွင်းရှိ ရှောက်ကုန်း၊ ကင်ပွန်းတန်းနှင့် ကျားသေအိုင်ကျေးရွာအတွင်းရှိ လယ်မြေ ၅၂၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

### မွေးမြူရေးကဏ္ဍ

စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကဏ္ဍသည်လည်း ကျေးလက်နေပြည်သူများဘဝလုံခြုံမှုအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မွေးမြူရေးကဏ္ဍတွင်လည်း မြစိမ်းရောင် (အသားကဏ္ဍ)တွင် ဥတ္တရသီရိမြို့နယ်၌ ကျေးရွာတစ်ရွာတွင် တောင်သူ ၁၂၅ ဦးကို ကျပ်သန်း ၃၀ ဖြင့်လည်းကောင်း၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်းတွင် ဥတ္တရသီရိမြို့နယ်၌ တောင်သူ ၁၈၀ ဦးကို ငွေကျပ်သန်း ၃၀ ဖြင့်လည်းကောင်း၊ နို့ပေါင်းစပ်အခြေပြု၍ နို့စားနွားဖြန့်ဖြူးခြင်းတွင် ပျဉ်းမနားမြို့နယ် ကျေးရွာတစ်ရွာ၌ တောင်သူ ၂၀၀ ကို ငွေကျပ်သန်း ၃၀ ဖြင့် နို့စားနွားမ အကောင်ရေ ၂၀ နှင့် ကျေးရွာရှစ်ရွာတွင် တောင်သူ ၅၂၅ ဦးကို ကျပ်သန်း ၃၀ ဖြင့် ကြက်အကောင်ရေ ၆၀၀၀ အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်တို့ရှိ ကျေးရွာသုံးရွာတွင် မွေးမြူသူ အိမ်ထောင်စု ၃၇၀ အား ဝင်ငွေတိုးစေရန်နှင့် မွေးမြူရေး လုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်စေရန် ငွေကျပ်သန်း ၉၀ မတည်စိုက်ထုတ်ပေးအပ်နိုင်ခဲ့သည်။

### ငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော်

ပညာရေးကဏ္ဍတွင် နေပြည်တော်ရှစ်မြို့နယ် အတွင်း အစိုးရ၏ ပထမတစ်နှစ်တာအတွင်း လုပ်ငန်း ၂၃၄ ခု ကို ငွေကျပ်သန်းပေါင်း ၅၄၀၀ ကျော်နှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒုတိယတစ်နှစ်တာအတွင်း လုပ်ငန်း ၁၃၅ ခုကို ငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်အတွင်း ပြည်ထောင်စုနယ်မြေ၌ ကျောင်းပေါင်း ၉၆ ကျောင်းကို ကျောင်းအသစ်များ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည်။ အချို့ကိုလည်း ကျောင်းအသစ်ဖော်ဆောင်ပေးနိုင်ခဲ့ပြီး ရှစ်မြို့နယ်အတွင်း ကျောင်းပေါင်း ၉၆ ကျောင်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ဆရာ၊ ဆရာမများလည်း လိုအပ်သည့်အတွက် ဆရာ၊ ဆရာမ ဦးရေ ၄၂၀ ကျော်အား ထပ်မံခန့်ထားပေးနိုင်ခဲ့ကာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အတွက် ဆရာ၊ ဆရာမ ၂၆၅ ဦးကို တိုးမြှင့်ခန့်ထားပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

### ပြည်သူများ၏ ကျန်းမာရေးအတွက်

ကျန်းမာရေးကဏ္ဍတွင် ယခုနှစ်အတွင်း လုပ်ငန်းသစ်များဖော်ဆောင်ပြီး ဆောင်ရွက်လျက်ရှိရာ အစိုးရတစ်နှစ်တာကာလအတွင်းမှာ ငွေကျပ်သန်းပေါင်း ၆၃၀၀ ကျော် ဆောင်ရွက်ပေးခဲ့သည်။ ယခု ဒုတိယနှစ်အတွင်း ငွေကျပ်သန်းပေါင်း ၂၇၀၀ ကျော် ကုန်ကျခံကာ ဒေသတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လုပ်ငန်းများအနေဖြင့် အဆောက်အအုံအသစ်များဖော်ဆောင်ပေးခြင်း၊ ကျောင်းကျန်းမာရေး၊ ကျေးလက်ကျန်းမာရေးအသစ်များ ဖော်ဆောင်ပေးခြင်းစသည်ဖြင့် စုစုပေါင်းလုပ်ငန်း ၁၃၀ ကျော်ဖော်ဆောင်ပေးနိုင်ခဲ့သည်။

နေပြည်တော်ရှစ်မြို့နယ်အတွင်းမှ ကျေးရွာများအရောက် ကျန်းမာရေးဝန်ကြီးဌာနက အထူးကု ဆရာဝန်ကြီးများ လိုက်ပါပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ယခင် ပထမတစ်နှစ်တာအတွင်းကကဲ့သို့ပင် ထပ်ဖြည့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အထူးကုအဖွဲ့တွင် အထွေထွေအထူးကု၊ ကလေးအထူးကု၊ ငှက်ဖျားအထူးကု၊ အနာကြီးရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သွားရောဂါအထူးကု ဆရာဝန်တွေလိုက်ပါပြီး ကုသဆောင်ရွက်ပေးခဲ့သည်။

### ကြိုတင်ကာကွယ်ရေးဆောင်ရွက်

အစိုးရနှစ်နှစ်တာကာလအတွင်း အဓိကလုပ်ဆောင်နိုင်ခဲ့သည်မှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအဆင့်မြှင့်တင်နိုင်ခဲ့သည်။ ကြိုတင်ကာကွယ်ရေး လုပ်ငန်းအနေဖြင့်လည်း ပြီးခဲ့သည့် ပထမတစ်နှစ်အတွင်းမှာ ကလေးပေါင်း ၁၇၀၀၀ ကျော်နှင့် ကိုယ်ဝန် ဆောင်မိခင် ၁၇၀၀၀ ကျော်ကို ကာကွယ်ကုသမှုပေးနိုင်ခဲ့သကဲ့သို့ ယခုဒုတိယတစ်နှစ်အတွင်းတွင်လည်း ကလေးပေါင်း ၁၈၀၇၆ ကျော်နှင့် ကိုယ်ဝန်ဆောင်မိခင် ၁၈၆၇၉ ကျော်ကို ကာကွယ်ကုသပေးနိုင်ခဲ့သည်။ ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုတွင် နိုင်ငံတစ်ဝန်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဆောင်ရွက်သကဲ့သို့ နေပြည်တော်တွင်လည်း အသက် (၉) လမှ (၁၅) နှစ်အထိ ကလေးသူငယ်များကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးတိုက်ကျွေးနိုင်မှုမှာ ၂၈၁၉၁၈ ဦး ဖြစ်သည်။

*အချပ်ပို (ဂ) သို့*



ဒက္ခိဏသီရိမြို့နယ် - ၅ ဧကအကွက် မြို့ပတ်လမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်၌ ထရန်စဖော်မာ တပ်ဆင်နေမှုကို တွေ့ရစဉ်။

*အချပ်ပို(ခ)မှ*

ပထမတစ်နှစ်တာအတွင်းမှာ ပြည်သူ့အထူးကုဆေးရုံကြီး လေးရုံဖြစ်သည့် သားဖွားမီးယပ်အထူးကု ဆေးရုံကြီး၊ ကလေးအထူးကု ဆေးရုံကြီး ၊ အရိုးအထူးကုဆေးရုံကြီးနှင့် မျက်စိအထူးကုဆေးရုံကြီးများကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။ အထူးသဖြင့် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးကို ဆေးပေးခန်းအဆင့် မဟုတ်ဘဲ ဆေးရုံကြီးအဆင့်အထိ တည်ဆောက်ဖွင့်လှစ်ပေးထားသည့်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ပထမဦးဆုံးဆေးရုံကြီးဟုပင် ဆိုရမည်ဖြစ်သည်။ အဆိုပါ ဆေးရုံကြီးတွင် ပြင်ပလူနာများသာမက အတွင်းလူနာအဖြစ် လက်ခံပြီး ပြုစုကုသမှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆေးရုံကြီးလေးခုကို ပြည်သူ့ဆေးရုံကြီးများအဖြစ် ဖွင့်လှစ်ပေးခဲ့ရာ နီးစပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကပါ ပြည်သူလူထု၏ ကျန်းမာရေးအတွက် ဆေးဖိုးနှင့် ခွဲစိတ်၊ စမ်းသပ်ခများကို အခမဲ့အနေဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိသည်။



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့မှ သိမ်းဆည်းခံလယ်မြေများအတွက် နစ်နာသူတောင်သူများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ၉-၄-၂၀၁၈ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် အမှာစကားပြောကြားစဉ်။

**ပြည်သူများအားထားရ**

နေပြည်တော်နယ်မြေ ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုလျက်ရှိပြီး ရောဂါမျိုးစုံကို ကုသပေးနေရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်သာမကဘဲ ရပ်နီးရပ်ဝေးက ပြည်သူများပါ အားထားရသည့် ဆေးရုံကြီးတစ်ရုံအဖြစ် တည်ရှိနေပေသည်။

အမျိုးသမီးများတွင် အဖြစ်များတတ်သည့် သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်းကို နေပြည်တော် သားဖွားနှင့် မီးယပ်ရောဂါအထူးကုဆေးရုံကြီးတွင် အခမဲ့စမ်းသပ်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် ဒေသတွင်းနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း နေပြည်တော်ကောင်စီမှ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိသလို ကျေးလက်ဒေသများအထိလည်း အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော် ဇမ္ဗူသီရိဆေးရုံကြီးသည် အစိုးရနှင့် ပုဂ္ဂလိကပေါင်းစပ်ထားသည့် ပုဂ္ဂလိကလုပ်ငန်းဖြစ်ပြီး ဆေးရုံကြီးတွင် ထားရှိသည့် စက်ပစ္စည်းကိရိယာများမှာ နောက်ဆုံးအဆင့်မြင့်ပစ္စည်းများဖြစ်ကာ သင့်တင့်သော အဖိုးအခယူဆောင်ပြီး ပြည်သူများ၏ ကျန်းမာရေးကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ ဇမ္ဗူသီရိဆေးရုံတွင် တစ်ရက်လျှင် ပြင်ပလူနာ ၂၀၀ ကျော် လာရောက်ကုသနေပြီး ပြည်သူများ ပိုမိုအားကိုး၍ တက်ရောက်နေသဖြင့် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ ကုသစရိတ် အနေဖြင့် ၇၅ ရာခိုင်နှုန်းသာ ကောက်ခံနေသဖြင့် နေပြည်တော်တစ်ခွင်တွင်သာမက တခြားမြို့များကပါ လာရောက်ကုသနေကြကြောင်း သိရသည်။

သပြေကုန်စျေး၊ ကုန်စိမ်းအသား၊ ငါးရုံများ အဆင့်မြှင့်တင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကာ ကုန်စိမ်းအသား၊ ငါးရုံကြီးကို စုစုပေါင်းငွေကျပ် ၉၈၀ ဒသမ ၇၁၄ သန်းအကုန်အကျခံကာ အဆင့်မြှင့်တင်နိုင်ခဲ့သည်။ တပ်ကုန်းမြို့တွင်လည်း ပျံကျဈေးသည်များအတွက် ကွန်ကရစ်ခင်းပြီး အကွက်ချပေးနိုင်ခဲ့သည်။



နေပြည်တော် အရိုးအထူးကုဆေးရုံကြီး၌ ခေတ်မီစက်ကိရိယာများဖြင့် ခွဲစိတ်ကုသနေမှုကို တွေ့ရစဉ်။

**သောက်ရေ သုံးရေများရရှိအောင် စီမံ**

ကျေးလက်ဦးစီးဌာန၏ စီမံကိန်းများအောက်တွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အစိုးရပထမနှစ်အတွင်း ရေတွင်းရေကန်တူးဖော်မှုလုပ်ငန်း ၁၆၈ ခုကို ငွေကျပ် သန်းပေါင်း ၆၉၀၀ ကျော်နှင့် ဆောင်ရွက်ခဲ့ပြီး ဒုတိယတစ်နှစ်တာအတွင်းမှာ လုပ်ငန်း ၁၇၅ ခုကို ငွေကျပ် သန်းပေါင်း ၁၄၀၀ ကျော် အကုန်အကျခံကာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျေးလက်များတွင် ရေတွင်းများတူးဖော်ပေးခြင်း၊ ရေကန်များ ဖော်ဆောင်ပေးခြင်းနှင့် နွေရာသီ ရေအလွန်ရှားပါးသည့် ဒေသများတွင်လည်း အစီအစဉ်အမျိုးမျိုးနှင့် သောက်ရေ သုံးရေများရရှိအောင် စီမံဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ယခင်က နေပြည်တော် ရှစ်မြို့နယ်ထဲတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာများတွင်သာ မီးရရှိမှု ၁၀၀ ရာခိုင်နှုန်း ရရှိနေခဲ့ရာမှ ယခုနှစ်ထဲတွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၁၀၀ ရာခိုင်နှုန်း မီးလင်းနေပြီဖြစ်သည်။ ကျန်ရှိသည့် နေရာများတွင်လည်း ယခုနှစ်အတွင်း မီးလင်းရေးအတွက် လုပ်ငန်းပေါင်း ၈၆ ခုကို ငွေကျပ် သန်းပေါင်း ၄၂၀၀ ကျော်နှင့် ဆောင်ရွက်နိုင်ခဲ့ကာ နေပြည်တော်နယ်မြေအတွင်း ကျေးရွာပေါင်း ၇၉၆ ရွာအနက် မီးလင်းပြီးကျေးရွာ ၄၉၄ ရွာရှိခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့် ကျေးရွာ ၃၀၂ ရွာကိုလည်း မီးရရှိရေး စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်အတွင်း လျှပ်စစ်မီးလုံလောက်စွာ ရရှိစေရန် နိုင်ငံတော်ဘတ်ဂျက်နှင့် သေချာစိစစ် ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများကို ဆက်သွယ်ပေးရန်အတွက် နိုင်ငံတော်၏ မူဝါဒအရ အဓိကကျသည့် ဓာတ်အားလိုင်းများနှင့် နှစ်မိုင်အတွင်းမှာရှိသည့် ကျေးရွာများကို လျှပ်စစ်ဆက်သွယ်ပေးရန်လည်း ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်နိုင်ငံလုံး ဖြန့်ကြက်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ရုံးများကို မြို့နယ်တိုင်းတွင် ဖွင့်လှစ်ပေးလျက်ရှိသည်။ နှစ်နှစ်တာအတွင်း ပြည်သူများ အခက်အခဲမရှိအောင် OSS ရုံးများမှတစ်ဆင့် လာရောက်တွေ့ဆုံညှိနှိုင်းသည့် လုပ်ငန်းပေါင်း ၆၃၈၈၀ ခုကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုနည်းတူစွာ သက်ဆိုင်ရာ လူမှုဝန်ထမ်းဌာနများမှတစ်ဆင့် ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်သည့် သင်တန်းများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများကိုလည်း ဆက်တိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

**လမ်းတံတားကဏ္ဍ**

နေပြည်တော်စည်ပင်သာယာရေးအနေဖြင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်အတွင်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ၊ နိုင်ငံတော်၏ ထောက်ပံ့ငွေများ၊ နေပြည်တော်ကောင်စီရန်ပုံငွေများနှင့် ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လမ်းတံတားကဏ္ဍတွင် လုပ်ငန်းပေါင်း ၁၀၀ ကို ငွေကျပ်သန်းပေါင်း ၃၂၀၀ ကျော်ဖြင့် လည်းကောင်း၊ ရေနှင့်သန့်ရှင်းမှုလုပ်ငန်းတွင် လုပ်ငန်းပေါင်း ၂၉ ခုကို ငွေကျပ်သန်းပေါင်း ၇၁၇ ကျော်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည့်အပြင် အခြားလုပ်ငန်းပေါင်း ၁၉ ခုကိုလည်း ငွေကျပ်သန်းပေါင်း ၆၀၄ သန်းကျော် အကုန်ကျခံကာ ဆောင်ရွက်လျက်ရှိပါသည်။

*အချပ်ပို(ဃ)သို့*

- **အနာဂတ်စီမံကိန်းအနေနဲ့ နေပြည်တော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အကြီးအကဲတွေကို တင်ပြပြီးတော့မှ မူဝါဒတစ်ခုချမှတ်ထားပြီးဖြစ်**
- **အဓိကကျတဲ့အချက်ကတော့ နေပြည်တော်ကြီးကို မူလတည်ဆောက်နေတဲ့ သန့်ရှင်းသာယာတဲ့၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းတဲ့ စိမ်းလန်းစိုပြည်တဲ့ မြို့တော်ကြီးအဖြစ် ဆက်လက်တည်တံ့ဖို့၊ ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ ဆိုတဲ့ ရည်မှန်းချက်တစ်ခုပဲဖြစ်**



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေရန် ဆောင်ရွက်ပေးသည့် ရွှေခဲအင်းကျေးရွာလမ်းအား ခင်းကျင်းပေးထားမှုကို တွေ့ရစဉ်။

*အချပ်ပို(ဂ)မှ*

နေပြည်တော် သံတမန်ဇုန်အတွင်း ပေ (၅၀၀ × ၅၀၀) ပတ်လည်မြေကွက်များကို (၅ ဒသမ ၇၄) ဧကတွင် မြေကွက်ပေါင်း ၁၂၀ ဖော်ထုတ်ထားရှိရာ ယနေ့အထိ မြေငှားစာချုပ်ချုပ်ဆိုပြီး မြေကွက်နှစ်ကွက်နှင့် မြေကွက်လဲလှယ်ခြင်း စာချုပ်ချုပ်ဆိုပြီး မြေကွက်တစ်ကွက် စုစုပေါင်း မြေကွက်သုံးကွက်အား ငှားရမ်းထားရှိပြီးဖြစ်သည်။ ပြည်ပနိုင်ငံ ၁၂ နိုင်ငံမှ မြေကွက်ပေါင်း ၂၇ ကွက်ကို ရွေးချယ်ထားသည်။ ကာတာနိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်မူကြမ်းကို အတည်ပြုပြီးဖြစ်သဖြင့် စာချုပ်ချုပ်ဆိုငှားရမ်းရေး ဆောင်ရွက်လျက်ရှိသည်။

**သံရုံးများ ပြောင်းရွှေ့လာရေး**

သံတမန်ဇုန်အတွင်း ၂၄ ပေအကျယ် ကွန်ကရစ်လမ်း ၁၂ လမ်း ဖောက်လုပ်ထားရှိခြင်း၊ ရေပေးဝေရေးအတွက်ရေပိုက်လိုင်းများ သွယ်တန်းထားရှိခြင်း၊ လျှပ်စစ်မီးလမ်းမီးတိုင်နှင့် ဆက်သွယ်ရေးလိုင်းများ အသင့်သွယ်တန်းဆောင်ရွက်ထားရှိပြီးဖြစ်သည်။ နိုင်ငံခြားသံရုံးများ ပြောင်းရွှေ့ရေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြင်ဆင်ရေးဆွဲသည့် မူဝါဒ ၁၆ ချက်နှင့် အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုအခါတွင် သံရုံးများပြောင်းရွှေ့လာရေးနှင့် ပတ်သက်၍ အဓိကကျသည့် သံရုံးများ၊ ပြောင်းရွှေ့ရန်အဆိုပြုထားသည့်သံရုံးများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။



နေပြည်တော်ကောင်စီနယ်မြေ၌ကျင်းပသော e-Government Conference & ICT ပြပွဲတွင် ဖိတ်ကြားထားသူများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင် ကွင်းဆင်းစစ်ဆေးစဉ်။

**နိုင်ငံရဲ့ပညာရေးဗဟိုဌာနကြီး**

“အနာဂတ်စီမံကိန်းအနေနဲ့ နေပြည်တော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အကြီးအကဲတွေကို တင်ပြပြီးတော့မှ မူဝါဒတစ်ခုချမှတ်ထားပြီးဖြစ်ပါတယ်။ နေပြည်တော် အနာဂတ်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပေါ့။ စီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဖို့ ဝန်ကြီးဌာနတွေနဲ့ စုပေါင်းပြီး ဆောင်ရွက်ရမှာပါ။ မူဝါဒအနေနဲ့ ငါးချက်ချမှတ်ထားပါတယ်။ အဓိကကျတဲ့အချက်ကတော့ နေပြည်တော်ကြီးကို မူလတည်ဆောက်နေတဲ့ သန့်ရှင်းသာယာတဲ့၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းတဲ့ စိမ်းလန်းစိုပြည်တဲ့ မြို့တော်ကြီးအဖြစ် ဆက်လက်တည်တံ့ဖို့၊ ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုတဲ့ ရည်မှန်းချက်တစ်ခုပဲဖြစ်ပါတယ်။ နေပြည်တော်နယ်မြေဟာ အစိုးရရုံးစိုက်တဲ့မြို့တော်နဲ့အညီ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ စက်မှုလက်မှုအကြီးစားလုပ်ငန်းတွေကို လက်မခံဘဲနဲ့ အသေးစားစက်မှုလက်မှု လုပ်ငန်းတွေကိုပဲ လုပ်ဆောင်ဖို့၊ နိုင်ငံတကာမှာ Smart city တစ်ခုဖြစ်အောင်တည်ထောင်ဖို့ ရည်မှန်းချက်တစ်ခုအနေနဲ့ ချမှတ်ထားပါတယ်။ နောက်တစ်ခုကတော့ ဒီမှာဖွံ့ဖြိုးဖို့ဆိုရင် နိုင်ငံရဲ့ပညာရေးဗဟိုဌာနကြီးတစ်ခုဖြစ်အောင် ဖော်ဆောင်ဖို့ မူဝါဒချမှတ်ထားပါတယ်။

“အဲဒါကြောင့် နေပြည်တော်အနာဂတ်မှာ တက္ကသိုလ်တွေ၊ ပညာရေးသုတေသနဌာနတွေ ဖွံ့ဖြိုးဖို့အတွက် ရည်မှန်းချက်ထားရှိပါတယ်။ ဒါမှလည်း နေပြည်တော်ကြီးရဲ့ ဒေသပတ်ဝန်းကျင်မှာလည်း ဖွံ့ဖြိုးတိုးတက်အောင်၊ ပတ်ဝန်းကျင်ဒေသနဲ့လည်း လိုက်လျောညီထွေမှုရှိအောင် ဖော်ဆောင်ဖို့ပါ။ အခုလည်း အနာဂတ်မှာ နိုင်ငံတကာအဆင့် တက္ကသိုလ်ကြီးတစ်ခု နေပြည်တော်မှာ ဖွင့်လှစ်ဖို့အတွက် ကိုရီးယား ပြည်သူ့သမ္မတနိုင်ငံ တက္ကသိုလ်များအဖွဲ့ကြီးတစ်ဖွဲ့က လာရောက် စတင်ဆောင်ရွက်နေပါတယ်။ ပြည်သူပြည်သားတွေတင်မကပါဘူး အရှေ့တောင်အာရှက ကျောင်းသားကျောင်းသူတွေပါ လာရောက်တက်နိုင်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်”ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြောသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**

နေပြည်တော်ကြီးကို ပညာရေးဗဟိုဌာနကြီး တစ်ခုဖြစ်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ပြဖွံ့ဖြိုးရေး စီမံချက်များအနေဖြင့် စိမ်းလန်းစိုပြည်သည့် နေပြည်တော်မြေကြီးကို ဆက်လက်တည်တံ့စေရန်၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ နေချင်စဖွယ် နေပြည်တော်ကြီး ဖြစ်စေရန်၊ အဓိက စက်မှုလက်မှုဖွံ့ဖြိုးသည့် နေရာများတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း များကိုပဲအားပေးရန်၊ အကြီးစား စက်မှုလက်မှု လုပ်ငန်းများကို ခွင့်မပြုရန်၊ နေပြည်တော်ကို သင်ကြားရေးဗဟိုဌာနကြီးသဖွယ် ဖြစ်အောင် အနာဂတ်အတွက် သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်သည့်နေရာဖြစ်အောင် ရည်မှန်းထားကြောင်း သိရသည်။

**အာရှတိုက်၏ ကြားစခန်းတစ်ခုအဖြစ်**

နေပြည်တော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အတူလာရောက်လုပ်ကိုင်နိုင်သော နိုင်ငံတကာအဆင့်မီသည့် လေဆိပ်ကြီးရှိခြင်းပင်ဖြစ်သည်။ လက်ရှိ နိုင်ငံတကာမှ ဝင်ထွက်မှုနည်းနေသေး၍ ထင်သလောက် မတွင်ကျယ်သော အနေအထားဖြစ်သည်။ နေပြည်တော်ကြီးကို အနာဂတ်စီမံကိန်းအတွင်း ကျယ်ဝန်းနေသည့် မြေနေရာများ၊ အခြေခံအဆောက်အအုံများကို တိုးချဲ့တူထောင်ထားပြီး အသေးစားစက်မှု၊ လက်မှုလုပ်ငန်းများအပါအဝင် ဉာဏပစ္စည်းဖွံ့ဖြိုးသည့် ပညာရေးစင်တာကြီးတစ်ခု ဖြစ်လာအောင် ရေရှည်မျှော်မှန်းကာ နေပြည်တော်၏ လေဆိပ်ကြီးကိုလည်း တည်ဆောက်ထားရာ ရည်မှန်းချက်များပေါက်မြောက်လာသည်နှင့်အမျှ အာရှတိုက်၏ ကြားစခန်းတစ်ခုအဖြစ် အသုံးချလာနိုင်ကြောင်း သိရသည်။

**လိုအပ်ချက်များကို ဖြည့်ဆည်း**

နေပြည်တော်အတွင်း ပြည်သူတို့၏ လူမှုရေးဆိုင်ရာလိုအပ်ချက်များအား အစိုးရနှင့် အလှူရှင်များမှ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် လူမှုဘဝအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခြင်း၊ အချို့သော ရုံးလုပ်ငန်းကိစ္စများကို ရပ်ကွက်၊ ကျေးရွာများအထိ သွားရောက်ဆောင်ရွက်ပေးခြင်း၊ ပြည်သူများ အလုပ်အကိုင်မပျက်ဘဲ လိုအပ်ချက်များ ပြီးမြောက်ခြင်းတို့ကြောင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

**ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့**

နေပြည်တော်ကောင်စီအနေဖြင့် နေပြည်တော်၏ လုံခြုံမှု၊ ဖွံ့ဖြိုးမှု၊ သန့်ရှင်းသာယာလှပမှုများနှင့် နယ်မြေအတွင်း နေထိုင်ကြသည့် ပြည်သူများ လူနေမှုအဆင့်အတန်းများ မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်နယ်မြေအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ အဆင့်အတန်းမြင့်မားရေးတို့အတွက် တာဝန်ယူဖော်ဆောင်ရင်း နိုင်ငံ၏ အခြေခံကောင်းများဖြစ်သည့် ခိုင်မာပြည့်ဝသော ပညာရေးစနစ်၊ လူတိုင်းသက်တမ်းစေ့ မကြောင့်မကြ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ လမ်းတံတား ကောင်းမွန်မှု၊ စိုက်ပျိုးရေးအတွက် ဆည်ကန်ကောင်းမွန်မှု၊ လျှပ်စစ်မီးကအစ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရရှိသည့်ဘဏ္ဍာငွေအပေါ်မူတည်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့အားထည့် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်၌ ၂၆-၁-၂၀၁၈ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။